ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ

ဩဝါဒါစရိယ ဆရာတော်

အရှင်ပဏ္ဍိတာဘိဝံသ

ဟောကြားသော

# ဘာဝိတာသုတ္တန်

# ပါရဂူခြောက်ပါးတရားတော်

နှင့်

ဟင်္သာတမြို့ မဟာစည်သာသနာ့ရိပ်သာ၌ သမုတ်အပ်သော

## ရတနာသိဒ္ဓိသိမ်ဖအောင်စာတမ်း

၁၆၆၁၇

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ
ဩဝါဒါစရိယဆရာတော်
**အရှင်ပဏ္ဍိတာဘိဝံသ**
ဟောကြားသော

# ဘာဝိတသုတ္တန်

## ပါရဂူခြောက်ပါး တရားတော်

နှင့်

ဟင်္သာတမြို့ မဟာစည်သာသနာ့ရိပ်သာ၌
သမုတ်အပ်သော

**ရတနာ့သိဒ္ဓိသိမ်ဆောင်စာတမ်း**

သာသနာ ၂၅၂၈ ကောဇာ-၁၃၄၆ ခရစ်-၁၉၈၄
ဘာဝိတာသုတ္တန်-၈ (ဒုတိယအကြိမ်)

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့် အမှတ်(၃၉၂)

မျက်နှာဖုံးခွင့်ပြုချက် အမှတ် (      )

ဒုတိယ အကြိမ်

—

အုပ်ရေ - ၃၀၀၀

—

၁၉၈၄ - ခု

—

ဩဂုတ်လ

—

အဖုံး-စာပေပေါင်းကူး

—

စာအုပ်ချုပ်-အေးမိသားစု

—

ဓမ္မဒါန

ဦးအောင်မြင့် (ကင်းလွတ်ခွင့် အမှတ်-၁၀၂) ၁၆၊ သာသနာ့ရိပ်သာလမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဦးတင်မောင် (၀၂၅၆-မြ) စာပေပေါင်းကူးပုံနှိပ်တိုက်၊အမှတ် ၉၀၊အေ,ဘီ၊ ဝေဇယန္တာလမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်သည်။

(ဖုန်း-၅၅၉၁၅)

(ဒုတိယအကြိမ်)

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အမှာစကား | င |
| ၂။ | နိဒါန်း | ဈ |
| ၃။ | ဘာဝိတသုတ္တန်ပါရဂူခြောက်ပါးတရားတော် | |
| | ပါရဂူခြောက်ပါး | ၃၃ |
| | မဂ္ဂင်ရှစ်ပါးအကျင့်တရား | ၄၇ |
| | ဥစ္စာလေးမျိုး | ၆၃ |
| ၄။ | ရတနသိဒ္ဓိသိမ်အောင်စာတမ်း | |
| | နိဒါန်း | ၇၁ |
| | ရတနသိဒ္ဓိ သိမ်အောင်စာတမ်းပါဘုရား | ၈၅ |

(ဒုတိယအကြိမ်)

# အမှာစကား

**မင်္ဂလာပါခင်ဗျား—**

ဤစာမူကို ပုံနှိပ်ပေးရန် မင်္ဂလာတို့အား ပေးအပ်လာသည့်နေ့မှာ ၁၃၄၄-ခုနှစ်တော်သလဆန်း (၁) ရက်နေ့ဖြစ်ပါသည်၊ စာမူကို ဖတ်ရသောအခါ ၁၃၃၉-ခုနှစ် တပေါင်းလဆန်း(၈) ရက်နေ့က ဟသာင်္တမြို့ မဟာစည်သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယ အရှင်ပဏ္ဍိတာဘိဝံသ ဟောကြားတော်မူခဲ့သော ဘာဝိတသုတ္တန် တရားတော် စာမူဖြစ်သည်ကို သိရပါသည်။

အရှင် ပဏ္ဍိတာဘိဝံသသည် ၁၃၁၃- ခုနှစ်က နိုင်ငံတော်အစိုးရသာသနာရေးဝန်ကြီးဌာနမှ ဆက်ကပ်သော သာသနဓဇသိရိပဝရဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၃၁၄-ခုနှစ်က စေတိယင်္ဂဏပရိယတ္တိသာသနာနုဂ္ဂဟအသင်းကြီးကဆက်ကပ်သော ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ခံယူရရှိတော်မူခဲ့သည်ဖြစ်၍ ပရိယတ္တိဘက်၌ ပြည့်စုံ လုံလောက်သော ပရိယတ္တိဝိသာရဒ ဂုဏ်ရှိတော်မူသည့် ပုဂ္ဂိုလ်ထူးဖြစ်ပါသည်။

ထိုမှတဖန် အရှင်ပဏ္ဍိတာဘိဝံသသည် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီးကို ၁၃၁ -ခုနှစ်က ကြွရောက်လာပြီးလျှင် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်း၌ သတိပဋ္ဌာန်ဝိပဿနာ အလုပ်ပေးတရားတော်ကိုကြားနာ

(ဒုတိယအကြိမ်)

ရ၍ ကမ္ဘာ့ဒေါသနာစရိယ ဆရာတော်များ ကျေနပ်လောက်သည် အထိ ရှုမှတ် အားထုတ်ခဲ့လေသည်၊ သို့ဖြစ်၍ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသသည် အရှယ်တော်ငယ်စဉ်ကပင် ပရိယတ်- ပဋိပတ်ပြည့်စုံသော ပုဂ္ဂိုလ်ထူးဟု ယူကြည်ပါသည်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် တရားအားထုတ်ပြီးသောရဟန်းတော် ယောဂီများထဲမှပရိယတ္တိ ဘက်၌လည်း ပြည့်စုံလုံလောက်၍ ရဟန်းကျင့်ဝတ်ဝိနည်းသိက္ခာ ပုဒ်တို့ကိုလည်း လေးစားရိုသေစွာ ကျင့်သုံးနေထိုင်လေ့ရှိသည် အပြင် ဓမ္မာနုဓမ္မပဋိပတ် အကျင့်မြတ်ကိုလည်း မပြတ်ကျင့်သုံး လေ့ရှိသော ရဟန်းတော်များကိုသာ ပဋိပတ္တိ သာသနာပြုလုပ် ငန်း၌ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်လောက်သော အရည် အသွေးရှိပုဂ္ဂိုလ်ဟု ယုံကြည်ကိုးစားတော်မူကာ ကမ္ဘာ့ဒေါသနာစရိယ အဖြစ် မြှောက်စားတော်မူလေ့ ရှိပါသည်။

အရှင်ပဏ္ဍိတာဘိဝံသသည် ကျေးဇူးတော်ရှင်မဟာစည်ဆရာ တော်ဘုရားကြီး ယုံကြည် ကိုးစားတော်မူသော ပုဂ္ဂိုလ်တို့တွင် တပါး အပါအဝင် ဖြစ်တော်မူသောကြောင့်သာ ဆရာတော် ဘုရားကြီးကိုယ်တော်တိုင် ကမ္ဘာ့ဒေါသနာစရိယအဖြစ် ၁၃၁၇- ခု နှစ်က မြှောက်စားခဲ့သည်ကို ခံယူရရှိခြင်း ဖြစ်ပါသည်။

ကမ္ဘာ့ဒေါသနာစရိယ အရှင်ပဏ္ဍိတာဘိဝံသသည် ၁၃၁၇-ခုနှစ်မှ အစပြု၍ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာကြီး၌ ရဟန်းရှင်လူ ယောဂီအပေါင်းတို့အားတရားဟောကြားပြသခဲ့ရာမှ ၁၃၃၄-ခု

(ဒုတိယအကြိမ်)

နှစ်ရောက်သောအခါ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အမိန့်တော်အရ မန္တလေးမြို့ ရတနာပုံ သာသနာ့ရိပ်သာ၌(၂)နှစ်၊ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာကြီးကို ပြန်လည်၍(၁)နှစ်၊မော်လမြိုင်မြို့ တောင်ဝိုင်းကလေးသာသနာ့ရိပ်သာ၌ (၃)နှစ် ကြွရောက်၍ ပဓာနကမ္မဋ္ဌာနာစရိယအဖြစ် အုပ်ချုပ်ပြီးလျှင် ရဟန်းရှင်လူ ယောဂီတို့အား တရားဟောကြား ပြသခဲ့ရလေသည်၊ ၁၃၄၀-ခုနှစ် ရောက်သောအခါ ရန်ကုန်မြို့မဟာစည်သာသနာ့ရိပ်သာကြီးသို့ပြန်လည်ကြွရောက်၍ သီတင်းသုံးတော်မူကာ ရဟန်းရှင်လူတို့အား တရားဟောကြား ပြသခဲ့သည်မှာ ယနေ့သို့ တိုင်ခဲ့ပါသည်။

ဤသို့ ဟောကြားပြသလာခဲ့သော်လည်း ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် အရှင်မြတ်ကိုယ်တိုင် ဟောကြားသော တရားတော်တို့ကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရန်မရည်ရွယ်ကြောင်း သိထားပြီးဖြစ်ပါသည်၊ သို့ပါသော်လည်း ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီး၍ ၄-လနှင့် ၆-ရက်မြောက်သောနေ့မှ ဤစာမူ ရောက်လာသည်ဖြစ်သောကြောင့် ဝမ်းသာရပါသည်။

ဤစာမူကို ပို့လာသောပုဂ္ဂိုလ်မှာ ဟသ်ာတမြို့ မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက ဖြစ်တော်မူသော သာသနဓဇ သိရိပဝရဓမ္မာစရိယ ဆရှင်ကုဏ္ဍလ ဖြစ်ပါသည်၊ စာအုပ်အဖြစ် ပုံနှိပ်ပြီးသောအခါ ရောင်းစားရန်မဟုတ်၊ ဟသ်ာတမြို့ မဟာ

(ဒုတိယအကြိမ်)

စည်သာသနာ့ရိပ်သာ၌ လာရောက် အလှူတော်မင်္ဂလာ ပြုလုပ်လာကြသော သူတော်စင်တို့အား ဓမ္မဒါနပြုရန် ဖြစ်ကြောင်း သိရ၍ မင်္ဂလာတို့က ဟောကြားတော်မူသော ဆရာတော်ဘုရားအားလည်းကောင်း၊ စာအုပ်ဖြစ်ပေါ်နိုင်ရန် ဆောင်ရွက်တော်မူသော ဆရာတော်ဘုရားအား လည်းကောင်း ကြည်ညိုလေးစားယင်း ရှိသည့်အတိုင်း စာအုပ်ဖြစ် ရောက်သည်အထိ ဆောင်ရွက်ရပါသည်။

မင်္ဂလာ အောင်မြင့်

ဂုဏ်ထူးဆောင်အမှုဆောင်
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
ရန်ကုန်မြို့

၁၃၄၄-ခု၊ နတ်တော်လပြည့်နေ့။

ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ လင်းပါစေ

# နိဒါန်း

၁၃၃၉-ခုနှစ်၊ တပေါင်းလဆန်း၅ ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ နာယက ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ မဟာထေရ်သည် ရောဂတီတိုင်း အသုတ်မြို့၌ ၁၀-ရက်စခန်းဖွင့်၍ ကမ္မဋ္ဌာန်းပြတော်မူပါသည်။

ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ မဟာထေရ်ကို ဟသ်ာတမြို့ တာငါးအယ်ရပ် မဟာစည်သာသနာ့ရိပ်သာဆိုင်ရာ သူတော်စင်များကပင့်ပြီး တရားနာလိုကြ၍ ပင့်ဆောင်ကြရာ ငြင်းပယ်တော်မူသော်လည်း အကြိမ်ကြိမ် လျှောက်ထားကြသောကြောင့် ဆရာတော်ဘုရားသည် တရားဟောရန် လက်ခံတော်မူပြီးလျှင် ၁၃၃၉-ခုနှစ်၊တပေါင်းလဆန်း(၈)ရက်နေ့၌ ဟသ်ာတရိပ်သာသို့ ကြွတော်မူကာ ယင်းညဥ့်၌ပင် တရားချီးမြှင့်တော်မူပါသည်။

ဆရာတော်ဘုရား ဟောကြား ချီးမြှင့်တော်မူသည့် တရားတော်မှာ မဟာဝဂ္ဂ သံယုတ်ပါဠိတော်၊ သတိပဋ္ဌာန သံယုတ်၊ စတုတ္ထအနုရုဒ္ဓသုတဝဂ်၊ စတုတ္ထ စာမျက်နှာ ၁၅၇၊ စာပိုဒ် ၄၀၀ "ဘာဝိတ" သုတ္တန်တရားတော် ဖြစ်ပါသည်၊ ဘာဝိတသုတ္တန် (ဒုတိယအကြိမ်)

တရားတော်၌ အဘိညာပါရဂူစသော "ပါရဂူခြောက်ပါး"ကို ထည့်သွင်း ဟောပြောတော်မူပါသည်၊ ယင်းပါရဂူခြောက်ပါး ဖြင့် ရှင်းလင်းချက်သည် တရားအားထုတ်ထားသော ယောဂီ များကို အာသွန်အားတက်စေနိုင်ပြီး၊ တရားအားထုတ်လိုသော ယောဂီများကိုလည်း မြန်မြန် အားထုတ်ဖြစ်အောင် တိုက်တွန်း နေသကဲ့သို့ပင် ဖြစ်ပါသည်၊ သည်သာမကသေး လေ့လာသူများ ကိုလည်း တရားအားထုတ်လိုစိတ်ဖြစ်အောင် ဆွဲဆောင်နေ သကဲ့သို့ ဖြစ်ပါသည်။

ကြံခုည်မိပုံ။ ။တရားနာပြီးသောအခါ တိတ်ခွေမှကူးယူပြီးလျှင် လက်နှိပ်စက်ဖြင့်မူ ၃၀-ခန့် မူပွားကာ ကမ္ဘာ့ဒွါနာ စရိယ ဆရာတော်အချို့ကို လှူလိုစိတ်ဖြစ်ခဲ့ပါသည်။

ယောဂီ ကိုလှထွန်း။ ။ဟသ်ာတမြို့၊ ပန်းပဲတန်းရပ်၊ ဦးသန့်-ဒေါ်လှ တို့၏ သား ကိုလှထွန်းသည် ထိုအချိန်၌ ဟသ်ာတမြို့ မဟာစည် သာသနာ့ရိပ်သာ၀ယ် တရား အားထုတ်နေဆဲဖြစ်ပါသည်၊ နောက်တနေ့ တရားအတွေ့အကြုံ များကို လျှောက်ထားယင်း ဆရာတော်ဟောတဲ့ တရားတွေက တပည့်တော်ရှဲ ကိုယ်တွေ့ အတွေ့တွေနဲ့ လေးပုံ ပုံယင် သုံးပုံ ကျော်ကျော်လောက် တူညီနေပါတယ်၊ တပည့်တော် သိပ်ဝမ်း သာပါတယ်၊ ဘာ်ခွေက စာမူဖြစ်အောင် တပည့်တော်ကူးပေး လိုပါတယ်ဟု လျှောက်ထားလာသဖြင့် ဤဘာဝိတသုတ္တန်တရား တော်ကို စာမူပွား၍ လှူဒါန်းလိုစိတ်ဖြစ်နေသော မိမိအဖို့ရာမှာ ဝမ်းသာအားရဖြစ်ပြီးလျှင် ခွင့်ပြုခဲ့ပါသည်။

(ဒုတိယအကြိမ်)

မောင်လှထွန်းသည် ဉာဏ်စဉ်တရားနာပြီး မကြာမီပင် တိတ်ခွေမှ စာမူဖြစ်အောင်ကူးပြီး ဘုန်းကြီးအား စာမူအပ်နှင်းပါသည်၊ စာမူကို ပြင်သင့်သမျှ ပြင်ဆင်၍ စာပိုဒ်များကို ခွဲခြားကာ မောင်လှထွန်းကိုပင် ဒုတိယအကြိမ်ပြန်လည်ရေးစေခဲ့ရပါသည်။

ယောဂီ မောင်လှထွန်းကလည်း သဒ္ဓါတရား ထက်သန်စွာ မကြာမီပင် ဒုတိယစာမူကူးယူပြီး ဘုန်းကြီးအား ဆက်ကပ်ပြန်ပါသည်။

**မြည်းကြည့်စမ်းပါ။** ။ယောဂီ ကိုလှထွန်းပြောသည့်စကားသည် သင့်မြတ်လှပါသည်၊ ဘာဝိတသုတ္တန်-ပါရဂူခြောက်ပါးတရားတော် စာမျက်နှာ(၃၃)ရှိ အောက်ပါ ဟောပြောချက်ကို ဖတ်ရှုမြည်းကြည့်စမ်းပါ။

"ကိုယ်အမူအရာတွေ ဖြစ်တိုင်း ခံစားမှုဝေဒနာတွေဖြစ်တိုင်း စိတ်တွေဖြစ်တိုင်း သဘောအမူအရာတွေ ဖြစ်တိုင်း ဟိုကပေါ်တိုင်း ဒီကရှုမှတ်တာနဲ့ မျက်နှာချင်းဆိုင် အမြဲ တွေ့ပြီးနေကာကို 'အဘိညာ'လို့ ခေါ်တယ်၊ ဒီတော့ ဆောင်ပုဒ်လုပ်ယင်-

သိသင့်သော ရုပ်နာမ်တရားတို့ကို ရှေးရှု အမှတ်ပြုပြီး
သိတာက "အဘိညာ"တဲ့။ (စာမျက်နှာ-၃၄-၅)

"ဟော အခု စွဲစွဲမြဲမြဲရှုမှတ်နေတော့ ရှုစရာနဲ့ရှုတာ၊ ရှုစရာနဲ့ ရှုတာ ထိပ်တိုက်တွေ့ပြီး မလွတ်တမ်း မှတ်နိုင်ယင် နိုင်နိုင်နင်းနင်း ဖြစ်လာပြီး ပထမဆုံး ပါရဂူမြောက်သွားပြီ၊ အလွန်ကောင်းတယ်၊ ကဲ ဆိုရမယ်။

(ဒုတိယအကြိမ်)

ရွှေရှု အမှတ်ပြုလျက် ပေါက်ရောက်တာက "အဘိညာ ပါရဂူ" (စာမျက်နှာ-၃၆)

**စာရေးကြီးဦးအေးကို။** ။ကုန်သွယ်ရေး(၄)စာရေးကြီးဦးအေးကိုသည် ရိပ်သာတည်ထောင်ရန် သစ်ပင်ခုတ် မြေရှင်းစဉ်ကပင် ပါဝင်ဆောင်ရွက်နေသူ ဖြစ်ပါသည်၊ ဟသ်ာတမြို့ မဟာစည် သာသနာ့ရိပ်သာ၌ ဒုလ္လဘ ရဟန်းဝတ်ပြီး တရားလည်း ၁၅-ရက်ခန့် အားထုတ်ဖူးပါသည်၊ စာရေးကြီး ဦးအေးကို-ကို၊ "ဘာဝိတသုတ္တန် - ပါရဂူခြောက်ပါး တရားတော်"စာမူ ၂-မူရိုက်ဖို့ တိုက်တွန်းပါသည်၊

စာရေးကြီး ဦးအေးကိုသည် သတ်ပုံ သတ်ညွှန်းများကိုပါ ပြင်ဆင်ပြီး စာမူ ၂-မူ ရိုက်ကာ ဘုန်းကြီးအား ဆက်ကပ်ပါသည်၊ ယင်းစာမူကိုပင် စိတ်ဝင်စားသူများက ငှားယူဖတ်ရှုကာ ဝမ်းမြောက်ကြပါသည်။

**အကျိုးဆောင် ဒေါ်ခင်ကြည်** တနေ့၌ ဟသ်ာတမြို့၊ မြစ်ကွေ့ ကျောင်းလမ်း အကျိုးဆောင် ဒေါ်ခင်ကြည်သည် ဘုန်းကြီးထံ ရောက်လာပြီး "ဆရာတော် ဦးပဏ္ဍိတ ဟောတဲ့ 'ဘာဝိတသုတ္တန်'စာမူကို မူပေါင်း ၃၀-လောက် ရိုက်မယ်ဆိုတာ ဟုတ်သလားဘုရား"ဟု မေးမြန်းရာ "ဟုတ်တယ် ဒေါ်ခင်ကြည်၊ တချို့ ဆရာတော်တွေကိုလည်း လှူရမယ်၊ ဘုန်းကြီးတိုက်မှာ ထားပြီး ကြည့်ချင်သူတွေ ကြည့်ရအောင်လည်း ငှားရမယ်၊ ဘုန်းကြီးတို့လည်း ကြည့်ဟောနိုင်တာပေါ့" ဟု ပြောပြရပါသည်။

(ဒုတိယအကြိမ်)

"ဆရာတော် ဒီလိုဆိုယင် လက်နှိပ်စက်စာမူ ၃၀-ရိုက်မနေနဲ့ ဘုရား၊ စာအုပ်ဖြစ်အောင်သာ စီစဉ်ပါ၊ စိတ်ဝင်စားတဲ့သူတွေနဲ့ ညှိနှိုင်းပြီး တပည့်တော် ဆောင်ရွက်ပါမယ်"ဟု လျှောက်ထားသောကြောင့် စာအုပ်ဖြစ်အောင် စီစဉ်ရပါတော့သည်။

**နာယကဆရာတော်။** ။ဘာဝိတသုတ္တန် စာမူ ၂-မူကို ယူပြီး နာယကဆရာတော် အရှင်ပဏ္ဍိတာဘိဝံသမဟာထေရ်ထံ အရောက်သွားကာ "ဆရာတော့်ဟာသာတမြို့ မဟာစည်သာသနာ့ရိပ်သာဓမ္မာရုံမှာဟောတော်မူခဲ့သည့်'ဘာဝိတသုတ္တန်'စာမူကို စာအုပ်ပြုလုပ်ရိုက်နှိပ်လိုပါသည် ဘုရား"ဟု လျှောက်ထားသောအခါ ဆရာတော်က "ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ စာအုပ်တွေနဲ့ပဲလုံလောက်နေပါပြီ၊ တပည့်တော်တို့ဟောတဲ့တရားကို စာအုပ်လုပ်ဖို့ မလိုပါဘူး၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် တပည့်တော်တို့က စာအုပ်ထုတ်ဖို့ မရည်ရွယ်ပါဘူး"ဟု အမိန့်ရှိပါသည်။

ဆရာတော်က ပေါ်လွင်ထင်ရှားမှုကို အလိုမရှိပါ၊ မိမိနှင့်ဆိုင်ရာပရိသတ် ကြည်ညိုဖွယ် သိပ်သိပ်သည်းသည်း ဖြစ်ရေးကိုသာ လိုလားပါသည်၊ မှန်ပါသည်၊ဆရာတော်သည် ၁၃၁၃-ခုနှစ်၌ ကျမ်းရင်း သုံးကျမ်းနှင့် ဂုဏ်ထူးဆောင် ကျမ်းများပါ အောင်မြင်ခဲ့သောကြောင့်"သာသနဓဇသိရိပဝရ ဓမ္မာစရိယ"ဘွဲ့ကို ရတော်မူခဲ့ကြောင်းနှင့် ၁၃၁၄-ခုနှစ်၌လည်း "စေတိယင်္ဂဏ

(ဒုတိယအကြိမ်)

ဓမ္မာစရိယ''ဘွဲ့ကို ရတော်မူခဲ့ကြောင်းတို့ကို ကိုယ်တော်တိုင်ပြော ပြလေ့မရှိပါ၊ ဆရာတော်နှင့်ရင်းနှီးသော သမဂ္ဂများထံမှစုံစမ်း၍သာ သိခွင့်ရပါသည်၊ ယခုလည်း ''ကျမ်းပြုသူ''အဖြစ် ပေါ်လွင်မှုကို အလိုမရှိသည်မှာ ထင်ရှားလှပါသည်၊ ယင်းသည် ''အပ္ပိစ္ဆ'' ဂုဏ်ပင်ဖြစ်ပါသည်၊ အပ္ပိစ္ဆ ဂုဏ်ရှင် ဖြစ်သောကြောင့်ပင် သာ၍ ကြည်ညိုပါတော့သည်။

''ဆရာတော်ဟောတဲ့ တရားကို တပည့်တော်တို့ နည်းယူပြီး ဟောဖို့လည်း ရည်ရွယ်ပါတယ်ဘုရား၊ ယောဂီ တော်တော်များများကလည်း သဘောကျတယ်လို့ ပြောကြပါတယ် ဘုရား၊ မဟာစည်နည်းကိုအားမထုတ်ရသေးပဲ တခြားနည်းကိုသာအားထုတ်ဖူးတဲ့ ယောဂီတွေကတောင်သဘောကျကြပါတယ်ဘုရား၊ ဒီတရားကအဓိပ္ပာယ်လည်း ရှင်းတယ်၊ ဘယ်သူ့ကိုမှလည်းမထိခိုက်ဘူးလို့လည်းပြောကြပါတယ်ဘုရား၊ဒါကြောင့်လည်းဟင်္သာတရိပ်သာဆိုင်ရာ စေတနာရှင်များက စာအုပ်အဖြစ်ပုံနှိပ်ကုသိုလ်ပြုချင်ကြပါတယ်ဘုရား၊ သူတို့ဆန္ဒအရတပည့်တော်က စာအုပ်ဖြစ်ဖို့ စီစဉ်ရတာပါဘုရား၊ မူလက စာမူ ၃၀-လောက်သာ စာကူးစက်နဲ့ ပွားထားဖို့ ရည်ရွယ်ထားတာပါ ဘုရား၊ ပြီးတော့ မြတ်စွာဘုရား လက်ထက်တော်က အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်စတဲ့ သာဝကတွေလည်း တရားဟောနေကြတာပါပဲဘုရား၊ ဒီလိုဟောလို့ မြတ်စွာဘုရားကို ပြိုင်ရာ မရောက်ပဲ ထောက်ခံရာသာ ရောက်နေတာပါပဲဘုရား၊ ဆရာတော့် တရားစာအုပ်လည်း အဲဒီအတိုင်းပါပဲဘုရား''ဟု လျှောက်ထားရပါ

(ဒုတိယအကြိမ်)

သည်၊ ညောင်ကန် အရှင်ဣန္ဒက ကလည်း "ဦးကုဏ္ဍလလိုပဲ လျှောက်ထားပါတယ်"ဟု ဆရာတော်က အမိန့်ရှိသော အခါ ဒီလိုဆိုယင် စာအုပ်ရိုက်ရုံပါပဲဘုရား"ဟု လျှောက်ထားသော အခါ "စာအုပ်တော့ ထုတ်ဖို့မရည်ရွယ်ဘူး" ဒါပေမယ့် သူ့ အတိုင်းအတာနဲ့ ကျေးဇူးများမယ်ထင်ယင်လဲ စာအုပ် ရိုက်နိုင် ပါတယ်"ဟု မိန့်ကြားတော်မူပါသည်။

ယင်းသို့ ခွင့်ရသောအခါ ဆရာတော်အား စာမူတမူကပ်ပြီး မိမိကဖတ်ပြပါသည်၊ ဆရာတော်သဘောကျ ပြင်ဆင်ပါသည် ဆရာတော် ပြင်ဆင်ထားသောမူကိုပင် ဟံသာတမြို့သို့ ယူခဲ့ပြီး စာရေးကြီးဦးအေးကိုအား စာမူ ၃-မူ ထပ်ရိုက်ပါရန် အပ်နှံရ ပါသည်၊ ဦးဝအေးကိုသည် ဒုတိယအကြိမ် စာမူ ၃-မူရိုက်ပြီး ဘုန်းကြီးအား အပ်နှင်းပါသည်၊ဤစာမူကိုပင် ဆရာတော်က အချောသတ် ထပ်မံပြင်ဆင်တော်မူပြန်ပါသည်။

**ဦးသင်းမောင်။** ။ဒကာကြီး ဦးသင်းမောင်သည် ဟံသာတမြို့၊ မဟာစည်သာသနာ့ရိပ်သာ၌ဥာဏ်စဉ်နာခွင့်ရ အောင် ထရားအားထုတ်ခဲ့ပါသည်၊ရန်ကုန်မြို့၊ မဟာစည်သာ သနာ့ရိပ်သာနှင့် မော်လမြိုင်မြို့၊ တောင်ဝိုင်းကလေး မဟာစည် သာသနာ့ရိပ်သာများ၌လည်း တရား အားထုတ်ခဲ့ဖူးပါသည်၊ ဟံသာတမြို့၊ မဟာစည်သာသနာ့ရိပ်သာ ဂေါပကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူဖြစ်၍ ဤ"ဘာဝိတသုတ္တန်"စာမူ ကို စာအုပ်ဖြစ်အောင် အထူးကြိုးစားခဲ့ပါသည်။

(ဒုတိယအကြိမ်)

**ကျေးဇူးတင်။** ။ဤ ဘာဝိတသုတ္တန်-ပါရဂူခြောက်ပါး တရားတော် စာအုပ်ဖြစ်မြောက်အောင်အဖက်ဖက်မှ ကူညီရွက်ဆောင်ကြသူအားလုံးအား၊ အထူးပင် ကျေးဇူးတင်လှ ပါသည်။

**ကျင့်လမ်းစဉ်-ကိုယ်တွင်ရောက်ပါစေ**

၁။ ဘာဝိတသုတ်၊ ကြာကုမုဒ်၊ ဟောထုတ်မြတ်ဘုန်းဝေ။
၂။ ပါရဂူခြောက်ပါး၊ ယှဉ်ပြထား၊ အများသိလွယ်စေ။
၃။ ကရုဏာရွှေထား၊ မေတ္တာပွား၊ ဟောကြားမြတ်မထေရ်။
၄။ ယောဂီသွယ်သွယ်၊ အားတက်ဖွယ်၊ ဤဝယ်စုလျက်နေ။
၅။ ပညာရွှေသွား၊ သတိထား၊ ရှုစားနိုင်ပါစေ။
၆။ ကြည့်ရှုပြီးလျှင်၊ ကျင့်လမ်းစဉ်၊ ကိုယ်တွင်ရောက်ပါစေ။
၇။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရောင်ဝါနေသို့ လင်းပါစေ။
၈။ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစွာ၊ ကြည်သာရှိပါစေ။

ဦးကုဏ္ဍလ
(နာယက-ကမ္မဋ္ဌာနာစရိယ)
အဘိဓမ္မပါဠိပါရဂူ
မဟာစည်သာသနာ့ရိပ်သာ
တာငါးဆယ်ရပ်၊ ဟင်္သာတမြို့

သာသနာတော်-၂၅၂၅-ခုနှစ်၊
ကောဇာ ၁၃၄၃-ခုနှစ်၊
တပေါင်းလပြည့်၊ အင်္ဂါနေ့။
၉-၃-၁၉၈၂။
(ဒုတိယအကြိမ်)

# ဘာဝိတသုတ္တန်
# ပါရဂူခြောက်ပါး တရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သံယုတ္တနိကာယ်၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ သတိပဋ္ဌာန သံယုတ်၊ လေးခုမြောက် ဘာဝိတသုတ္တန် တရားတော်ကို ဘုန်းကြီးက ဓဟာပါမယ်၊ ဘာဝိတ-ဆိုတဲ့ ပါဠိစကားကို မြန်မာပြန်ယင် ဖြစ်ပွားစေပြီးသား၊ လေ့လာစေပြီးသား၊ (သို့မဟုတ်) ဖြစ်ပွားစေယင်၊ လေ့လာယင် နောက်ဆက်တွဲရနိုင်တဲ့အကျိုးတွေကို ဖော်ပြတာပါပဲ၊ ရှေး သင်္ဂါယနာတင် ရဟန္တာအရှင်မြတ်များက ဒီသုတ်ကို "ဘာဝိတသုတ္တန်" လို့ နာမည်ပေးခဲ့ကြပါတယ်၊ ဘုန်းကြီးကတော့ "ပါရဂူခြောက်ပါးတရားတော်" လို့နာမည်ပေးချင်ပါတယ်၊ ဘာဝိတသုတ္တန်အတိုင်း အားထုတ်ရတဲ့ယောဂီတွေမှာ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်-ခေါ်တဲ့ ဤမှာဘက်ကမ်းက နေပြီး၊ အဲဒီ ဝဋ်ဆင်းရဲသုံးမျိုး ကင်းလွတ်ရာဖြစ်တဲ့ ဟိုမှာဘက်ကမ်းသို့ ရောက်ပုံလေးတွေကို ဟောကြားထားပါတယ်၊ သတိပဋ္ဌာန်တရား အားမထုတ်ရယင်တော့ လောဘ, ဒေါသ, မောဟ

စတဲ့ ကိလေသာအညစ်အကြေးတွေ မကင်းဘူးပေါ့၊ ကိုယ်ထဲက ကာယ, ဝေဒနာ, စိတ္တ, ဓမ္မခေါ်တဲ့ ရှုကွက်အာရုံ လေးမျိုးကို လဲပဲ သူတို့ဖြစ်ခိုက် လိုက်ပြီးမရှုယင် အမှန်အတိုင်း မသိဘူး၊ လုံးဝလဲမသိဘူး၊ အလွဲတွေ လိုက်ပြီးတော့ သိနိုင်တယ်၊ အဝိဇ္ဇာ အရင်းခံနေတော့ သာယာစရာရှိယင် သာယာတာပဲ၊ တဏှာ ဖြစ်တတ်တာပဲ၊ စွဲလမ်းစရာရှိယင် စွဲလမ်းတာပဲ၊ သာယာပြီး တော့လဲ စွဲလမ်းတယ်၊ အမြင်မှားပြီးတော့ စွဲလမ်းနိုင်တယ်၊ ဒီနည်းနဲ့ပဲ သတိပဋ္ဌာန်တရားကို အားထုတ်ရမှန်း မသိတဲ့သူတွေ၊ အဝိဇ္ဇာတဏှာ-ဥပါဒါန်ခေါ်တဲ့ ကိလေသဝဋ်တွေ၊ ဤမှာဘက် ကမ်းခေါ်တဲ့ ကိလေသဝဋ်တွေ ဖြစ်နေတယ်၊ အဲဒီ ကိလေသဝဋ် အကြောင်းခံပြီးတော့ ဘဝကိုဖြစ်စေတတ်တဲ့ ကံတွေကို ပြုကြ တယ်၊ နှလုံးထား နေရာကျယင်တော့ လူ့ဘဝနတ်ဘဝကို ဖြစ် စေနိုင်တဲ့ ကုသိုလ်ကံတွေကို ပြုမိကြတယ်၊ ကမ္မဝဋ်လို့ ခေါ်တဲ့ အဲဒီကံကနေပြီးတော့ အခုလို လူ့ဘဝမျိုးကသူ့ထက်အဆင့်မြင့် တဲ့နတ်ဘဝမျိုးရနိုင်တယ်၊တဆင့်တက်ပြီးတော့သမထတရားတွေ အားထုတ်လို့စျာန်တွေရသွားယင် ဆိုင်ရာပြဟ္မာဘုံမှာပဲကမ္ဘာနဲ့ ချီပြီးတော့ သက်တမ်းရှည်ရှည်နေရတာပေါ့၊ ဝိပါကဝဋ်ဆိုတာ တွေ ဖြစ်နိုင်ပါတယ်၊ နှလုံးထားနေရာမကျ, စိတ်ထားမသန့်ယင် တော့ မတော်မသင့်တဲ့ ကိုယ်နှုတ်စိတ်ဖြစ်ပြီးမကောင်းတဲ့ဒုစရိုက် တွေ ပွားသွားတယ်၊ ကမ္မဝဋ်တွေ ဖြစ်သွားတယ်၊ဒီကမ္မဝဋ်က နေပြီး ဝိပါကဝဋ်ခေါ်တဲ့ ငရဲ,တိရစ္ဆာန်,ပြိတ္တာ, အသူရကာယ် ဆိုတဲ့ ဘဝဆိုးတွေရောက်နိုင်တယ်၊ အဲဒီတော့ လက်တွေ့သတိ ပဋ္ဌာန်တရား အားထုတ်ရမှန်း မသိပဲနဲ့ တော်သလို ရော်သလို

မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေတဲ့သူတွေဟာ ဒုစရိုက် တရားတွေကို ပြုလုပ်ခြင်းအားဖြင့် အမေ့ကြီးမေ့နေတဲ့ သူတွေပေါ့၊ ဒုစရိုက်တရားတွေက ရှောင်ကြဉ်ပေမယ့် ဒုစရိုက်တရားတွေကို မကျူးလွန်ပေမယ့် ကာမဂုဏ် အာရုံတွေကို အကောင်းထင်ပြီး ဒီထဲမှာ နစ်မွန်းနေတဲ့အခါ အခုလို အားကက်တန်းစား သတိပဋ္ဌာန်တရားကို အားထုတ်ရမှန်းမသိပဲ မေ့နေတဲ့သူတွေလဲ ရှိကြတယ်၊ အခွင့်သာလို့ သတိပဋ္ဌာန်တရားအားထုတ်ဖို့ ရိပ်သာရောက်လာတော့ မရှိမသာ မလေးမစားနဲ့ မစေ့မစပ်နဲ့ပြတ်ခြားပြတ်ခြားရပ်နားရပ်နားပြီးအားထုတ်ခြင်းအားဖြင့် မေ့မေ့နေတဲ့သူဟာလဲရှိတယ်၊ ဒီတော့ အမေ့ကြီးရော, အမေ့လတ်ရော, အမေ့လေးရော, အမေ့နဲ့ အချိန်ကုန်နေတဲ့သူတွေဟာ ကိလေသဝဋ္ဋ,ကမ္မဝဋ္ဋ,ဝိပါကဝဋ္ဋခေါ်တဲ့ ဝဋ္ဋဆင်းရဲသုံးမျိုးထဲမှာ နေရတော့ ဘဝတွေဖြစ်လို့မဆုံး,အိုလို့မဆုံး, နာလို့မဆုံး,သေလို့မဆုံး,စိုးရိမ်ပူဆွေး ငိုကြွေးလို့မဆုံးဘူး၊ ဤမှာဘက်ကမ်းနဲ့ တင်စားပြီး မြတ်စွာဘုရားက ဟောကြားတော်မူတယ်၊ သတိပဋ္ဌာန်တရားကို အားမထုတ်ယင် ဤမှာဘက်ကမ်းမှာနေပြီး အကုန်လုံး ဒုက္ခတွေကို တွေ့ရမယ်၊ အကုန်လုံးသေရမှာပဲ၊ဒီတော့ဤမှာဘက်နေ အကုန်သေ၍၊ ဟိုပြည်ရောက်မှ ချမ်းသာရနိုင်တာပဲ၊ဟိုပြည်ရောက်မှဆိုတာ နိဗ္ဗာန်ရောက်မှပဲ၊နိဗ္ဗာန်ကိုတော့ ဟိုမှာဘက်ကမ်းအနားနဲ့ တင်စားပြီး မြတ်စွာဘုရားက ဟောကြားတော်မူတယ်၊ နိဗ္ဗာန်မရောက်မချင်းကတော့ သတ္တဝါတိုင်းဟာ ဤမှာဘက်ကမ်းမှာ အကုန်တင်နေမှာပဲ။

(ဒုတိယအကြိမ်)

အခုလို နိဗ္ဗာန်ရောက်ကြောင်းအထက်တန်းစား သတိပဋ္ဌာန်တရားတွေကို အားထုတ်လို့ စိတ်စင်ကြယ်မှုကအစ ရုပ်နာမ်ကွဲ၊ ရုပ်နာမ် ကြောင်းကျိုးသိ၊ ရုပ်နာမ်အဖြစ်အပျက် အနိစ္စ-ဒုက္ခ-အနတ္တ အချက်အလက်သိ၊ ဒီနည်းနဲ့ပဲ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ပြီး နောက်ဆုံးရင့်ကျက်ပြည့်စုံပြီးတော့ အငြိမ်းဓာတ်နိဗ္ဗာန်ကို သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြုလိုက်ယင် ဟိုဘက်ကမ်း ရောက်သွားပြီပေါ့၊ ဒါပထမဆုံးဟိုဘက်ကမ်းရောက်သွားတာ၊ ပထမဆုံးဟိုဘက်ကမ်းရောက်သွားယင်ပဲ "ဤဘက်မှာနေအကုန်သေ" ဆိုတဲ့အတိုင်း ဤဘက်မှာကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တွေနဲ့နေရယင် လူ့ဘဝမှာလဲ ဖြစ်လို့မဆုံး၊ အိုလို့မဆုံး၊ သေလို့မဆုံး၊ နတ်ဘဝရောက်ပြန်ယင်လဲ ဖြစ်လို့မဆုံး၊ အိုလို့မဆုံး၊ သေလို့မဆုံးပေါ့၊ အင်မတန်ကြောက်စရာကောင်းတာကတော့ ဒီလို ဒုစရိုက်တရားတွေကို ကျူးလွန်လို့သူတို့အကျိုးပေးတဲ့အခါ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ခေါ်တဲ့အလွန်ဆိုးဝါးတဲ့ဘဝတွေရောက်ရယင်ပိုပြီးဆင်းရဲတယ်၊ အဲဒီ ဤမှာဘက်ကမ်းက ပိုပြီးကြောက်စရာကောင်းတယ်၊ အဲဒီတော့ဘုန်းကြီးတို့တတွေဟာ ဘုန်းကြီးတို့ပရိသတ်တွေဟာ လူ့ဘဝ၊ နတ်ဘဝ၊ သူ့ထက် အထက်တန်းကျတဲ့ဘဝတွေက မလွတ်သေးတောင်မှ အလွန်ကြောက်စရာကောင်းတဲ့ ဘေးအန္တရာယ်တွေ ထူပြောတဲ့ ဤမှာဘက်ကမ်းခေါ်တဲ့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ဆိုတဲ့ကမ်းကနေပြီး ဘေးတွေလွတ်တဲ့ ဟိုမှာဘက်ကမ်းသို့ တက်လှမ်းနိုင်ဖို့ မြတ်စွာဘုရားက ဤဘာဝိတ သုတ္တန်ကို တိုတိုရှင်းရှင်း ဟောတော်မူပါတယ်။

(ဒုတိယအကြိမ်)

လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀-ကျော်က မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံး နေတော်မူခိုက် ဤ ဘာဝိတသုတ္တန်ကို ဟောတော်မူပါတယ်၊ ဘုရား တရားတော်ပဲ လို့ အာရုံပြုပြီး နားထောင် ကြရမယ်၊ ဘုန်းကြီးက သာယာနာပျော်ဖွယ် ဖြစ်အောင် မဟောတတ်ဖူး၊ ဒါပေမယ့် ဘုရားတရားတော်လို့ အာရုံပြုပြီးတော့ နားထောင် ကြရမယ်။

**စတ္တာရောမေ ဘိက္ခဝေ သတိပဋ္ဌာနာ ဘာဝိတာ**
**ဗဟုလီကတာ အပါရာ ပါရံ ဂမနာယ သံဝတ္တန္တိ။**

ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေ သတိပဋ္ဌာနာ၊ ဤသတိပဋ္ဌာန်တရားတို့သည်။ 'ဝါ၊ ဤသတိပဋ္ဌာန် တရားတို့ကို။ ဝါ၊ အာရုံထဲ၌, လွန်လွန်ကဲကဲ, စွဲမြဲတည်ဘိ, သတိခေါ်တဲ့ ဤသတိပဋ္ဌာန်တရားတို့ကို။ ဘာဝိတာ၊ ဖြစ်စေ ပွား စေအပ်ကုန်သည်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်ကုန်သည်။ သမာနာ၊ ဖြစ်ကုန်သတ်သော်။ အပါရာ၊ ဤမှာ ဘက်ကမ်းမှ။ အပါရာ၊ ဤမှာဘက်ကမ်းခေါ်တဲ့ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်မှ။ ပါရံဂမနာယ၊ ဟိုမှာဘက်ကမ်းသို့ရောက် ဖို့ရန်။ ဝါ၊ ဟိုမှာ ကမ်းပေါက်, ပါရဂူမြောက်ဖို့ရန်။ သံဝတ္တန္တိ၊ မုချမသွေ, အမှန်ပဲဖြစ်ကြလေကုန်သတည်း။

(သာဓု....သာဓု....သာဓု ပါဘုရား။)
(ဒုတိယအကြိမ်)

ဒီမှာ လိုရင်းကတော့—

ဣမေ စတ္တာရော သတိပဋ္ဌာနာ သံဝတ္တန္တိ။

ဤသတိပဋ္ဌာန်တရားတို့သည် ဖြစ်ကြကုန်၏၊ အမြဲမပြတ်ဖြစ်ကြကုန်၏၊ ဒီသတိပဋ္ဌာန်တရားက ဘယ်နှစ်မျိုးရှိသလဲ ဆိုတော့- စတ္တာရော၊ လေးမျိုးလို့ဒီမှာပြထားတယ်၊ သတိပဋ္ဌာန်၊ ပရိသတ်က ဒါတွေကို ထပ်တလဲလဲ ကြားနေရတော့ ရိုးသလောက်တောင် ဖြစ်နေပါပြီ၊ ဒါပေမယ့် အကြောင်းအားလျော်စွာ ဟောရတဲ့ အခါ ဒီလို ရိုးရိုးတရားကိုပဲ ထပ်ပြီးတော့ ဟောရတာပဲ၊ မြတ်စွာ ဘုရားကိုယ်တော်တိုင်လဲပဲ ဒီသတိပဋ္ဌာန် တရားတွေကို ထပ်ကာ ထပ်ကာ ဟောတော်မူရတာပဲ၊ သစ္စာလေးပါးတရားကိုလဲ ထပ်ကာ ထပ်ကာ ဟောတော်မူရတာပဲ၊ အနှိုးက အရိုးကောင်း ကြီးကို၊ အင်မတန် အကျိုးရှိတဲ့ အရိုးကောင်း တရားကြီးကို၊ ဒါကိုပဲ ဟောရတယ်၊ တဦးတယောက်ကိုပဲ ဟောဟော၊ အများ ကိုပဲ ဟောဟော၊ သတိပဋ္ဌာန်ကို လက်လွှတ်ပြီး သစ္စာလေးပါး ကို လက်လွှတ်ပြီး ဟောတာမရှိပါဘူး၊ အမြဲတမ်းသစ္စာလေးပါး တရားကတော့ ဒါပါတာပဲ၊ သစ္စာလေးပါး ပါယင် သစ္စာလေး ပါးထဲမှာ သတိပဋ္ဌာန်တရား အကုန်ပါတော့တာပဲ၊ သတိပဋ္ဌာန် လေးပါး၊ သစ္စာလေးပါးကို မြတ်စွာဘုရားက သိပ်အလေးပြု တော်မူတာ၊ မြတ်စွာဘုရားက သစ္စာလေးပါးကို ပြပြီးတော့ ဟောတော်မူတာပဲ၊ မြတ်စွာဘုရား ဟောတော်မူသလို ဘုန်းကြီး ကလဲ မြတ်စွာဘုရားရဲ့ သားတော်မိပိ အနန္တကျေးဇူးရှင် မဟာ-

စည်ဆရာတော်ဘုရားကြီးရဲ့ဩဝါဒကိုခံယူပြီး အခုလိုအခွင့်ကြုံတဲ့အခါ သတိပဋ္ဌာန်ပရိသတ်ကို သတိပဋ္ဌာန်တရားပဲ ဟောရတာပဲ။

သတိပဋ္ဌာန်လေးပါးဆိုတာ ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါပဲ၊ ကာယာနုပဿနာသတိပဋ္ဌာန် ဆိုတာ ကိုယ်အမူအရာတွေကို ဖြစ်တိုင်း မပြတ်မလပ်စွဲမြဲစွာ ရှုမှတ်မှုပါပဲ၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်ဆိုတာ ခံစားနေရတဲ့ ဝေဒနာတွေ ဖြစ်တိုင်း မပြတ်မလပ်စွဲမြဲစွာ ရှုမှတ်မှုပါပဲ၊ စိတ္တာနုပဿနာသတိပဋ္ဌာန်ဆိုတာကြံစည်စဉ်းစားမှုစိတ်တွေဖြစ်တိုင်း မပြတ်မလပ်စွဲမြဲစွာ ရှုမှတ်မှုပါပဲ၊ (တိတိကျကျဆိုယင်-သရာဂစိတ် ဝီတရာဂစိတ် စတဲ့ ၁၆-ပါးသော စိတ်တွေထဲကထင်ရှားတဲ့စိတ်တွေ)ဖြစ်တိုင်း မပြတ်မလပ်စွဲမြဲစွာ ရှုမှတ်မှုပါပဲ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဆိုတာ မြင်မှုကြားမှုစတဲ့ သဘောအမူအရာတွေ ဖြစ်တိုင်း မပြတ်မလပ် စွဲမြဲစွာရှုမှတ်မှုပါပဲ။

ရှုကွက်အာရုံက ကာယ ဝေဒနာ စိတ္တဓမ္မ ခေါ်တဲ့ လေးမျိုးရှိသလို ရှုမှုကလဲ ဒီမှာ လေးမျိုးကွဲသွားပါတယ်၊ ရှုတတ်တဲ့သတိကတော့ တမျိုးထဲပါပဲ၊ ရှုကွက် ရှုစရာအာရုံက လေးမျိုးကွဲနေတဲ့အတွက် လေးမျိုးခွဲခြားပြီးတော့ မြတ်စွာဘုရားက "စတ္တာရော-လေးပါး" လို့ ဟောတော်မူပါတယ်၊ အဲဒီလေးပါးသော သတိပဋ္ဌာန်ရဲ့သဘာဝက လွန်လွန်ကဲကဲအာရုံထဲမှာစွဲမြဲပြီးတော့ တည်နေတဲ့သတိဆိုတဲ့သဘာဝပါပဲ၊ ဒါကို သတိပဋ္ဌာန်လို့ခေါ်တာပဲ၊ ရိုးရိုးတော့ သတိရတယ်၊ ဘယ်သူ့ကို သတိရတယ်၊ ဘယ်ဝါကို

သတိရတယ်၊ ဘာကို သတိရကြာယ်ပေါ့၊ ရိုးရိုးသတိထက် ထူးထူး ကဲကဲရှိရမယ့် သတိကိုပြောတာ၊ ဒါကြောင့်မို့ ဆရာမြတ်များက 'သတိပဋ္ဌာန်'ဆိုတဲ့ စကားလုံးရဲ့ မြန်မာမှု သက်သက်ကို သိရအောင် ဆောင်ပုဒ်ကလေးတခု လုပ်ထားတယ်။

"လွန်လွန်ကဲကဲ၊ အာရုံထဲ၌၊ စွဲမြဲတည်ဘိ၊ ထိုသတိ၊ သတိပဋ္ဌာန်"-ခေါ်တဲ့။

ရိုးရိုးသတိထက် လွန်လွန်ကဲကဲ ထူးထူးကဲကဲ ရှိရမှာတဲ့၊ ဒီသတိက ဘယ်မှာရှိရမှာလဲ၊ ဘယ်မှာစွဲမြဲရမှာလဲ၊ ဘယ်မှာတည်ရမှာလဲဆိုတော့ အာရုံထဲမှာပဲ၊ အာရုံဆိုတာက ကြွက်အာရုံ ဘယ်နှစ်မျိုးရှိသလဲ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ လေးမျိုးပါပဲ၊ အဲဒီတော့ အာရုံထဲမှာ သာမည ပြောပါတယ်၊ ကိုယ်အမှုအရာ ပေါ်ယင် အဲဒီအထဲမှ လွန်လွန်ကဲကဲ သတိရှိရမယ်၊ သတိက သာမန်သတိထက် ထူးထူးကဲကဲ ရှိရမယ်၊ ခံစားမှု ဝေဒနာတွေ ဖြစ်တိုင်း ဒီမှာ လွန်လွန်ကဲကဲ သတိရှိရမယ်၊ စိတ်တွေဖြစ်တိုင်း ဒီမှာ လွန်လွန်ကဲကဲ သတိရှိရမယ်၊ မြင်မှု ကြားမှု စတဲ့သဘော အမှုအရာတွေဖြစ်တိုင်း လွန်လွန်ကဲကဲ မလစ်မလပ်ရအောင် အင်မတန် စူးစိုက်တည်တဲ့ သတိအမြဲတမ်းရှိရတယ်၊ "လွန်လွန်ကဲကဲ အာရုံထဲ၌ စွဲမြဲတည်ဘိ"-တဲ့၊ စွဲပြီးတော့ မြဲပြီးတော့ တည်နေရမယ်၊ စွဲလဲ စွဲရမယ်၊ မြဲလဲ မြဲရမယ်၊ တည်လဲ တည်နေရမယ်၊ ပြီးတော့ ဒီသတိတွေကလဲ တခုနှင့်တခု ဆက်စပ်ပြီး သွားနေရမယ်၊ နောက်ပိုင်း လုပ်ငန်းစဉ်ပြတဲ့အခါကျတော့ ပေါ်လာပါလိမ့်မယ်၊ ယခု ရှေးဦးစွာ 'သတိပဋ္ဌာန်'ဆိုတဲ့ပုဒ်ကလေးရဲ့ ဗမာမှု

အမိပ္ပာယ်လိုရင်းကို နားလည်အောင်လို့ ဘုန်းကြီးက ဖော်ပြော တာပါ၊ "လွှန်လွှန်ကဲကဲ၊ အာရုံထဲ၌၊ စွဲမြဲတည်ဘိ၊ ထိုသတိ၊ သတိပဋ္ဌာန်ခေါ်"-တဲ့။

ကဲ ဒါလေးကို လိုက်ပြီး ဆိုကြစမ်းပါ။

"လွှန်လွှန်ကဲကဲ၊ အာရုံထဲ၌၊ စွဲမြဲ တည်ဘိ၊ ထိုသတိ၊ သတိပဋ္ဌာန်ခေါ်" (၃-ခေါက်)

အဲဒီ သတိပဋ္ဌာန်လေးပါးက ဖြစ်ကြပါသည်၊ ရှိကြပါ သည်တဲ့၊ စာထဲကသတိပဋ္ဌာန်လား၊နှုတ်ထဲက သတိပဋ္ဌာန်လား ဆိုတော့ စာထဲကသတိပဋ္ဌာန်နဲ့ နှုတ်ထဲက သတိပဋ္ဌာန်ကတော့ ဤမှာဘက်က ဟိုမှာဘက်ကမ်းရောက်ဖို့ မလွယ်ပါဘူး၊ စာအုပ် ထဲမှာပဲ သူကနေတာကို၊ စာဖတ်တာ စာကျက်တာပေါ့၊ မဟာ သတိပဋ္ဌာန်တအုပ်လုံးကို အာဂုံဆောင်ထား၊ အနက်အဓိပ္ပာယ် တွေပါ ရှင်းရှင်းလင်းလင်းသိအောင် ဆောင်ထားပေမယ့် အဲဒီ သတိပဋ္ဌာန်တရားက ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းရောက် အောင် မပို့နိုင်ပါဘူး၊ပါရဂူမြောက် မပို့နိုင်ဘူး၊အဲဒီတော့ သတိ ပဋ္ဌာန်လေးပါးဘယ်လိုဖြစ်မှ ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်း ပေါက်ရောက်နိုင်ပါသလဲဆိုတော့ ဒီမှာ ပြထားတယ်၊ ပုဒ်က လေး ၂-ခုနဲ့၊ "ဘာဝိတာ-ဗဟုလီကတာ" ဘာဝိတာ-ဖြစ်ပွား စေအပ်ကုန်သည်ရှိသော် ဟိုမှာဘက်ကမ်း ပေါက်ရောက်နိုင်ပါ တယ်၊ နဂိုက မိမိသန္တာန်မှာ ဒီလိုလွှန်ကဲတဲ့ စွဲမြဲတဲ့သတိမျိုး မဖြစ်သေးဘူး၊အသစ်ပေါ်အောင် စပြီးတည်ထောင်ရမယ်၊ အခု ရိပ်သာကို ယောဂီအဖြစ်နဲ့ရောက်လာယင် ကျေးဇူးရှင် မဟာစည်

ဆရာတော်ဘုရားကြီးက ကမ္မဋ္ဌာန်းတရား ရှုမှတ်ပုံနည်းကို ပေးတော်မူပါတယ်၊ ကိုယ်အမူအရာတွေ ပေါ်တိုင်း ရှုမှတ်ပုံ၊ခံစားမှု ဝေဒနာတွေဖြစ်တိုင်း ရှုမှတ်ပုံ၊ စိတ်တွေဖြစ်တိုင်း ရှုမှတ်ပုံ၊ သဘောအမူအရာပေါ်တိုင်း ရှုမှတ်ပုံနည်းကို ပေးတော်မူပါတယ်၊ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ ခေါ်တဲ့ အာရုံလေးချက် ပေါ်တိုင်းပေါ်တိုင်း မပြတ် မလပ် စွဲစွဲမြဲမြဲ ရှုနိုင်ရေးအတွက် စိတ်တွန်းအား ကောင်းကောင်းနဲ့ အစဉ်ကြောင့်ကြစိုက်ပေးသလောက် စွဲစွဲမြဲမြဲ ရှုမှတ်နိုင်တယ်၊ ပင်တိုင်အာရုံကို ဒီမှာ စပြတယ်၊ ဆိုကြပါစို့၊ ဝမ်းဗိုက်ကို စိတ်စိုက်ထား၊ ဖောင်းတက်လာယင် ဖောင်းမှုခေါ်တဲ့ တောင့်တင်းလှုပ်ရှားတဲ့ ကိုယ်အမူအရာလေး ရုပ်သဘောလေးကို သိဖို့ 'ဖောင်းတယ်'လို့ ဒီမှာ စတင်ပြီးမှတ်ပါ၊အဲဒါ"ဘာဝိတ"ပဲ၊ဖောင်းမှုဆိုတဲ့တောင့်တင်းလှုပ်ရှားတဲ့ သဘောလေးကို အမှတ်ရအောင်လို့ ပထမဆုံး သတိစပြီးတော့ တည်ထောင်လိုက်တာပဲ၊ စဖြစ်စေတာပဲ၊ အဲဒါကို "ဘာဝိတ"ခေါ်တယ်၊ ဖြစ်စေအပ်သည် ရှိသော်တဲ့၊ ပိန်တဲ့အခိုက်အတန့်မှာလဲ ပိန်တာလေးကို အစက အဆုံးတိုင်အောင် စူးစိုက်ပြီးတော့ "ပိန်တယ်"လို့ သတိထား၊ ဒီမှာ အမှတ်ကလေးစပြီးဖြစ်စေတာ။

ဖောင်းတိုင်းဖောင်းတိုင်း "ဖောင်းမှု ပေါ်မှာ စူးစိုက်ပါ၊ ကပ်ကာလိုက်ပါလေ"ဆိုတဲ့ အတိုင်း အသက် ရှူသွင်းလိုက်လို့ ရိပ်ရိပ်ကလေး ဖောင်းတာကစပြီး ဖောင်းတာဆုံးသွားတဲ့အထိ သေသေချာချာ စူးစိုက်ပြီးတော့ ကပ်ပြီးတော့ အမှတ်ကလေး စပြီးဖြစ်စေတာကို"ဘာဝိတ"လို့ခေါ်တယ်၊ပိန်တဲ့အခိုက်အတန့်

မှာလဲ ပိန်စက ပိန်ဆုံးထိအောင် သေသေချာချာ "ပိန်မှုပေါ်မှာ စူးစိုက်ပါ ကပ်ကာ လိုက်ပါလေ"ဆိုတဲ့အတိုင်း စူးစိုက်ပြီးတော့ ကပ်လိုက်လို့ ဒီစိတ်ကလေးက စွဲပြီးမြဲပြီး ကျသွားတာ၊ အဲဒါကို "သတိ"လို့ ခေါ်ရတယ်၊ ကိုယ်အမူအရာပေါ်မှာဖြစ်တဲ့ သတိမို့ သူ့ကို "ကာယာနုပဿနာသတိပဋ္ဌာန်"လို့ ခေါ်တယ်၊ ဖောင်းမှု ပိန်မှုခေါ်တဲ့ကိုယ်အမူအရာတွေပေါ်တိုင်း မပြတ်မလပ်မလစ်လပ် ရအောင်လိုက်ပြီး ရှုမှတ်တာကို "ကာယာနုပဿနာသတိပဋ္ဌာန်" လို့ခေါ်တယ်၊ ရှုတိုင်း ရှုကိုတိုင်းမှာ ဖောင်းမှုပိန်မှုက ရှိနေတော့ အဲဒါလေးကို မလစ်လပ်ရအောင် တစ်ကြိမ်နဲ့မပြီးဘူး၊ နှစ်ကြိမ်နဲ့ မပြီးဘူး၊ သုံးကြိမ်နဲ့ မပြီးဘူး၊ ငါးမိနစ်နဲ့လဲ မပြီးဘူး၊ တနာရီ နဲ့လဲ မပြီးဘူး၊ တနေ့လုံး တရက်မှာ ၂၄-နာရီရှိတဲ့အထဲက အိပ် ချိန်အနည်းငယ်ကို ချန်ထားပြီးတော့ ကျန်တဲ့အချိန်မှာ မပြတ် မလပ် ပင်တိုင် အာရုံတခုအနေနဲ့ ဖောင်းတိုင်း ဖောင်းတိုင်း ပိန်တိုင်းပိန်တိုင်း ကြိမ်ဖန်များစွာ အလေ့အလာ ပြုနေတာကို "ဗဟုလီကတာ"လို့ခေါ်တယ်၊ ဗဟုလီကတာ- ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်ကုန်သည်ရှိသော် တဲ့၊ အလေ့အလာ ပြုနေရ မယ်လို့၊သတိကို ပထမဆုံး စတင်တည်ထောင်ထား၊အားကောင်း အောင်လုပ်၊ အဲဒီလို အားကောင်းမှုတွေ တခုနဲ့တခု ဆက်စပ် ပြီးတော့ နောက်ဆုံး သတိပဋ္ဌာန်ရဲ့အကျိုးများ ပေါ်တဲ့အထိ ကြိမ်ဖန်များစွာ လေ့လာယင် ဖောင်းမှုပိန်မှုကအစ ပေါ်တိုင်း အာရုံကိုမှတ်နေယင် စိတ်ကူးမျိုးစုံလေးတွေ ပေါ်တတ်တယ်၊ ပထမတော့ ဝေဒနာမပေါ်သေးပါဘူး၊ အားထုတ်စ ယောဂီက တော့စိတ်ကူးမျိုးစုံကိုမှတ်နေရတာပဲ၊ဖောင်းတာပိန်တာလေးကို

(ဒုတိယအကြိမ်)

မှတ်နေယင်းကြားထဲက စိတ်ကူးလေးတွေက ပေါ်လာတာ၊ စိတ်က ကိုယ်ထားရာ နေတာမဟုတ်ဘူး၊ ဖောင်းမှု ပိန်မှုလေးကို မှတ်နေတုန်း အားစိုက်မှုလေးက နည်းနည်း လျော့သွားယင် စိတ်ဟာ ရှုကွင်းရှုကွက်မှ ကွာဟသွားတယ်၊ ရွေလဲသွားတယ်၊ တခြားတပါးလဲလွင့်စင်သွားနိုင်တယ်၊အဲဒီလိုအခြေအနေရောက် သွားယင် ရာဂဖြစ်ရာ တပ်နှစ်သက်စရာအာရုံကိုတွေ့တဲ့အခါ တပ် နှစ်သက်တဲ့စိတ်အစဉ်တွေဖြစ်ပေါ်လာတယ်၊ အဲဒီအခါ စိတ်ကူး မျိုးစုံပေါ်လာယင်လဲ အဲဒါတွေကို လိုက်ပြီး ရှုရတယ်၊ သတိ ကလေးထားရတယ်၊အဲဒါကို"ဘာဝိတ"လို့ ခေါ်တယ်၊သာယာ ယင်လဲ "သာယာတယ်, သာယာတယ်"လို့၊ တပ်နှစ်သက်ယင်လဲ "တပ်နှစ်သက်တယ်,တပ်နှစ်သက်တယ်"လို့ ဖြစ်တဲ့အတိုင်း လိုက် ပြီးတော့ ဖြစ်တဲ့စိတ်အစဉ်ကလေးကို ကောင်းကောင်းဆိုးဆိုး ဘာမှ မခွဲခြားပဲ ရှုမှတ်နေတာဟာ"ဘာဝိတ"တဲ့၊ဖြစ်စေတာပဲ၊ အဲဒီစိတ်အစဉ်ကလေး မပျောက်မချင်း အလေ့အလာပြုပြီး မှတ် နေတာ"ဗဟုလီကတာ"လုပ်နေတာ၊အဲဒီလို"ဘာဝိတာ ဗဟုလီ ကတာ"ဖြစ်နေယင်တော့ "စိတ္တာနုပဿနာသတိပဋ္ဌာန်"ပွားနေ တာပဲ၊ အလေ့အလာပြုနေတာပဲ၊ အဲဒီလို အလေ့အလာ ပြုနေ ယင်းက နောက်တော့ ရှုမှတ်တဲ့အရှိန်နှုန်းက တက်လာပြီး တခုနဲ့ တခု ဆက်စပ်သွားယင် အားပြည့်လာတဲ့အခါ အဲဒီ အာရုံလေး ပေါ်မှာ တပ်နှစ်သက်တဲ့"ရာဂ"လေးက ပြတ်သွားပြီး သန့်ရှင်း တဲ့စိတ်အစဉ်လေး "ဝီတရာဂ" စိတ်အစဉ်လေး ကျန်နေသေး တယ်၊ မှတ်စိတ်အစဉ်လေး ကျန်နေသေးတယ်၊ အဲဒီ စိတ်အစဉ် လေးကို တမင်လာမှတ်လို့ သိရတာလဲရှိတယ်၊တမင်လာ မမှတ်ပဲနဲ့

မိမိစိတ်အစဉ်လေးက "ရာဂ"ပြုတ်ပြီး သန့်ရှင်းတဲ့ အနေမျိုး ကျန်နေတာပဲလို့ သိလိုက်တယ်၊ ဒါကိုလဲ "ဘာဝိတာ ဗဟုလီကတာ"လို့ ခေါ်တယ်။

လိုရင်းအချုပ်က ထိုင်နေတဲ့အခါ ရှုကွက်အာရုံမှာ စိတ်မကပ်ပဲနဲ့ အာရုံက ကွာဟပြီး လွင့်စင်သွားတဲ့ အခါမျိုးမှာ မသန့်ရှင်းတဲ့ စိတ်အစဉ်ပေါ်လာယင် အဲဒါလေးကို စိတ်လွင့်တယ်၊ စိတ်လွင့်တယ်လို့ မှတ်နေယင် "ဘာဝိဘာ ဗဟုလီကတာ" ဖြစ်စေ ပွားစေ ကြိမ်ဖန်များစွာ လေ့လာနေတာပဲ၊ မှတ်လို့ ရှုအား ကောင်းသွားယင် ခုန မသန့်ရှင်းတဲ့ စိတ်အစဉ် မသန့်ရှင်းစေတတ်တဲ့ "ယုဂ....ဒေါသ"တွေပြုတ်ပြီး သန့်ရှင်းတဲ့ စိတ်အစဉ်လေးတွေ ဖြစ်လာတယ်၊ ဒါတွေကိုလဲ တမင်္ဂလာမှတ်ပြီး သိသွားတာ၊ "ဘာဝိတာဗဟုကလီတာ"ကလာတဲ့ အဲဒီ "စိတ္တာနုပဿနာ သတိပဋ္ဌာန်"ကိုလဲ "ဘာဝိတာ ဗဟုလီကတာ" ကျင့်ပွားစေ ကြိမ်ဖန်များစွာ လေ့လာယင်လို့ ဆိုပါတယ်၊ ပြီးတော့ ဖောင်းတာ ပိန်တာပြန်မှတ်။

အဲဒီလို မှတ်နေယင် ကြားထဲက ငါးမိနစ် ဆယ်မိနစ်လောက် ကြာလာယင် ခန္ဓာကိုယ်ရဲ့ ဟိုနား ဒီနားက အစိတ်အပိုင်းက ယားတာတို့ ကိုက်တာတို့ ခဲတာတို့ ကျင်တာတို့စတဲ့ ခံစားမှုတွေ ဖြစ်လာတယ်၊ အဲဒီခံစားမှုတွေကို "လွန်လွန်ကဲကဲ၊ အာရုံထဲ၌၊ စွဲမြဲတည်ဘိ၊ ထိုသတိ၊ သတိပဋ္ဌာန်ခေါ်"ဆိုတဲ့ အတိုင်း သေသေချာချာစူးစိုက်ပြီး ယားယင် "ယားတယ်"ကိုက်ယင်လဲ "ကိုက်တယ်" ကျင်ယင် "ကျင်တယ်"လို့ အဲဒီလို ရှုမှတ်နေတဲ့

(ဒုတိယအကြိမ်)

သတိကလေးတွေ ဖြစ်နေတယ်၊ အဲဒီအခါ "ဝေဒနာနုပဿနာ သတိပဋ္ဌာန်" ဖြစ်နေတယ်၊ သတိကလေးသည် "ဘာဝိတာ ဗဟုလီကတာ"တဲ့၊ဖြစ်စေ ပွားစေတာတဲ့၊ အဲဒီလို ဖြစ်ပွားစေတဲ့ ရှုမှတ်မှုမျိုးဖြစ်နေရမယ်တဲ့၊ စာအုပ်ထဲက သတိပဋ္ဌာန်မဟုတ်ဘူး၊ နှလုံးသားထဲက သတိပဋ္ဌာန်၊ မြတ်စွာဘုရား ဟောတော်မူတဲ့ အတိုင်း ဆရာများရဲ့ ဩဝါဒကိုခံယူပြီး လက်တွေ့ကျကျဖြစ်စေ ပွားစေပြီး မိမိတို့နှလုံးသားထဲမှာ စွဲမြဲလာတဲ့ သတိပဋ္ဌာန်ပါ၊ "ဘာဝိတာ ဗဟုလီကတာ" ဖြစ်တာ၊ အဲဒီလို "ဘာဝိတာ ဗဟုလီကတာ" ဖြစ်မှလဲ ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်း ရောက်နိုင်တာ၊ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းရောက်ပုံလေး တွေကို ဘုန်းကြီးက ရှင်းပြမယ်။

ဟောဒီကြားထဲမှာ မြင်မှု၊ကြားမှု၊ နံမှု၊ စားမှု၊ အငရှိတဲ့ သဘော အမူအရာတွေလဲ ပေါ်တတ်တယ်၊ ပြီးတော့လဲ တပ်နှစ်သက်မှု၊ စိတ်ညစ်မှု၊ ထိုင်းမှိုင်းပျင်းရိမှု၊ ပူပန်မှု၊ ယုံမှားမှု၊ တွေးတောမှု စတဲ့သဘောအမူအရာအမျိုးမျိုးတွေလဲ ပေါ်လာ တတ်တယ်၊ အဲဒီလိုသဘောအမူအရာတွေ ဖြစ်လာယင် သူဖြစ်တဲ့ အတိုင်းလိုက်ပြီးရှုရမယ်၊ ရှုနေယင်"ဓမ္မာနုပဿနာသတိပဋ္ဌာန်" တွေပွားနေတာပဲ၊ အဲဒီ "ဓမ္မာနုပဿနာ ဘတိပဋ္ဌာန်" တွေ "ဘာဝိတာ ဗဟုလီကတာ" ဖြစ်နေတာပဲ၊ ဒီတော့ ကာယ၊ ဝေဒနာ၊စိတ္တ၊ ဓမ္မ-ခေါ်တဲ့ အာရုံလေးချက် ပေါ်ခိုက်လိုက်ပြီး ရှုလို့ သူ့အာရုံအားလျော်စွာ "ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊

(ဒုတိယအကြိမ်)

ဓမ္မာနုပဿနာသတိပဋ္ဌာန်''လို့ သတိပဋ္ဌာန်လေးမျိုးဖြစ်တယ်၊ အဲဒီ သတိပဋ္ဌာန် လေးမျိုးကို ''ဘာဝိတာ ဗဟုလီကတာ'' ဖြစ်စေပွားစေယင် အဲဒီလို ဖြစ်မှု ပွားမှုက အကျိုးသက်ရောက်တဲ့အထိ ကြိမ်ဖန်များစွာ မနေ မနား သွားရပ် ထိုင် လျောင်း ဣရိယာပုထ် လေးမျိုးလုံးမှာ အားတယ်နားတယ်မရှိပဲနဲ့ မပြတ်မလပ် တရစပ် ရှေ့နဲ့ နောက် ဆက်စပ်အောင် ကြိမ်ဖန်များစွာ လေ့လာနေယင် ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်း ပေါက်ရောက်ပါပြီ၊ သုတ်တော်ရဲ့ လိုရင်းအဓိပ္ပာယ်ကတော့ ဒါပါပဲ။

အဲဒီတော့ ပေါက်ရောက် ပုံကလေးကို ခဏထားပါဦး၊ မပေါက်ရောက်ပဲနဲ့ သတိပဋ္ဌာန်တရားကို ပွားရမှန်းမသိပဲအလွတ်နေတဲ့သူတွေ ဘာဖြစ်နေသလဲ၊ ဒါလေးကို ဘုန်းကြီးက အစချီပြောချင်တယ်၊ မိမိစိတ်နေစိတ်ထားကို မပြုပြင်ပဲ ဒီအတိုင်းပဲ ပေါက်လွှတ်ပဲစားထားတဲ့သူတွေဟာကိုယ်ထဲမှာရှိနေတဲ့''ကာယဝေဒနာ-စိတ္တ-ဓမ္မ''ခေါ်တဲ့ အာရုံလေးပါး''ဒုက္ခသစ္စာ'' တရားတွေကို မသိဘူး၊ သမုဒယ သစ္စာတရားကိုလဲ မသိဘူး၊ လောကီသစ္စာတရားတွေကို ဖြစ်ခိုက်လိုက်ပြီး မရှုတော့ လုံးဝမသိဘူး၊ လုံးဝမသိတဲ့အပြင် ယုတ်ညံ့တဲ့ အမှုအရာတွေကိုတောင် ပြုလိုက်သေးတယ်၊ ဘုရားဟောတာက ''ဒုက္ခသစ္စာ'' ဆင်းရဲအမှန်တရားတဲ့၊ သူတို့ဖြစ်ခိုက် လိုက်မရှုယင် ဆင်းရဲပဲလို့လုံးဝမသိဘူး၊ ဘုရားဟောတာက ဆင်းရဲ၊ ကိုယ်ကအကောင်းချည့်ထင်နေတာ၊ မြင်ရတာကောင်း၊ ကြားရတာကောင်း၊ နမ်းရတာကောင်း၊ စားရတာကောင်း၊ ထိရတာကောင်း၊ သိရတာကောင်း၊အကုန်လုံးအကောင်းချည်းပဲ၊ ဒီလို အကောင်းလို့ချည့် ပြောင်းပြန်

ဆန့်ကျင်ဘက် ထင်နေတာပါ၊ဒါ "အဝိဇ္ဇာ"လို့ ခေါ်တာပဲ၊ ကိုယ်ထဲမှာ ဖြစ်ပျက်သမျှ "ဒုက္ခသစ္စာ"တရားကို ဖြစ်တိုင်းဖြစ်တိုင်း ပစ္စုပ္ပန်ကျကျလိုက်ပြီး မရှုမှတ်ယင် သဘောမှန်ကိုမသိဘူး၊ လုံးဝမသိဘူး၊ အလွဲတွေ ကြောင့်ကြ စိုက်မှုတွေ ဖြစ်နေတာ၊ အဲဒါကို"အဝိဇ္ဇာ"လို့ခေါ်တယ်၊ ကိလေသဝဋ်ခေါ်တယ်၊သတိပဋ္ဌာန်တရားလက်လွှတ်တိုင်း လက်လွှတ်တိုင်း အဲဒီအဝိဇ္ဇာခေါ်တဲ့ ကိလေသဝဋ်ကြီးကတော့ ဖြစ်နေတာပဲ၊ အဝိဇ္ဇာချည့်ပဲ၊ ဒါလောက်တင်မဟုတ်ဘူး၊ မသိယင်တော့ တွယ်တာစရာကိုတွယ်တယ်၊ မရသေးတဲ့ဟာကိုလဲ တောင့်တတယ်၊ ကြုံတွေ့ရတော့လဲ အဲဒါတွေကို တွယ်ထားတယ်၊ ကောင်းတာတွေကို မြင်ချင်တာ၊ ကောင်းတာတွေကိုကြားချင်တာ နမ်းချင်တာ ထိချင်တာပေါ့လေ၊ ဒီတော့ "တဏှာ"တွေ ဖြစ်တယ်၊ ရလာယင်လဲ အဲဒါတွေကို သာယာပြီးတော့ ဆုပ်ကိုင်ထားတယ်၊ တွယ်ထားတယ်၊ ငါကောင်းဆိုတဲ့အနေနဲ့ မြင်မှားပြီးတော့တွယ်ထားတယ်၊ပကတိပုဂ္ဂိုလ်တွေမှာတော့ ပေါ်ရာလေးတွေကို ပေါ်တိုင်း လိုက်ပြီး မရှုတော့ 'ဒုက္ခသစ္စာ'ထိုက်တဲ့တရားကို လုံးဝမသိဘူး၊ပြောင်းပြန်ဆန့်ကျင်ဘက် အဝိဇ္ဇာအရင်းခံပြီး သာယာမှု တဏှာ, စွဲလမ်းမှု ဥပါဒါန်တွေ အမြဲတမ်း ဖြစ်နေတယ်၊ မျက်စိ နှစ်လုံးဖွင့် နားနှစ်ဖက်စွင့်တဲ့ အချိန်ကစပြီး အိပ်ပျော်တဲ့အထိလှုပ်ရှားတိုင်း လှုပ်ရှားတိုင်း မနားတမ်းပဲ ဖြစ်နေတာ၊ ကိလေသဝဋ်"က ချာလပတ်လည်နေတာ ဒီဘက်မှာချည့် နေရတာပဲ၊"အပါရ" ခေါ်တဲ့ ကိလေသဝဋ်နဲ့နေရတာ၊ "ပါရ"ခေါ်တဲ့ကိလေသဝဋ်ကင်းတဲ့ တဘက်ကမ်းမရောက်ဘူး၊ ဒီဘက်မှာပဲ ကိလေသဝဋ်နဲ့

နေရတဲ့သူတွေဟာ အဲဒီကိလေသာ အကြောင်းခံပြီးတော့ ဘဝ သစ်ကိုဖြစ်စေတတ်တဲ့ ကံတွေကိုပြုတယ်၊ ကံတွေလာတယ်၊ အဲဒီ ဘဝရတာနဲ့ပဲ အဝိဇ္ဇာ· တဏှာ· ဥပါဒါန် ကိလေသာမျိုးက တခါတည်း ကပ်ပါလာပြီး ရရှိသွားတဲ့ဘဝကို "ပုဂ္ဂိုလ်"၊ "သတ္တဝါ"၊ "ငါ"၊ "သူ"၊ "ယောကျ်ား"၊ "မိန်းမ" လို့ ထင်ပြီးတော့ "အဝိဇ္ဇာ· တဏှာ· ဥပါဒါန်" ကိလေသာဝဋ္ဋ်တွေ တခါပြန်ဖြစ်တယ်၊ ဒီကိလေသာဝဋ္ဋ်က ကမ္မဝဋ္ဋ်ဖြစ်ပြန်တယ်၊ ကမ္မဝဋ္ဋ်က ဝိပါကဝဋ္ဋ် ဖြစ်ပြန်တယ်၊ ဒီနည်းနဲ့ပဲ ချာလပတ် လည်နေတာ၊ ဒီလို လုံးလည်လိုက်ပြီး နေတာ၊ ဘဝသံသရာ လည်ပတ်ပုံကို ဥပမာနဲ့ နည်းနည်းပြောဦးမယ်။

ကိလေသာဝဋ္ဋ်, ကမ္မဝဋ္ဋ်လည်ပုံ လေးပေါ့၊ မြေကြီးပေါ်မှာ ပေါက်ရောက်နေတဲ့ သစ်ပင်များနဲ့တူပုံလေး ယှဉ်ကြည့်ပေါ့၊ သစ်တပင်နှင့် သတ္တဝါ တဦးတယောက်နှင့် ယှဉ်ကြည့်၊ ဥပမာန ဥပမေယျပေါ့၊ (ဝဋ္ဋ်သုံးပါးလည်ပုံပြ ဇယားကြည့်ပါ) အဲဒီ သစ်ပင် တပင်လုံးမှာ အကိုင်းအခက်ကလေးတွေကအစ အစို အစေးဓာတ်ပျံ့နှံ့တည်နေတယ်၊ အစိုအစေးဓာတ်နဲ့ ကိလေသာဝဋ္ဋ် တူပုံလေးကို နှိုင်းယှဉ်ကြည့်ရမယ်၊ "အဝိဇ္ဇာ တဏှာ ဥပါဒါန်" ခေါ်တဲ့ ကိလေသာဝဋ္ဋ်တွေကို နှိုင်းယှဉ်ကြည့်ရမယ်၊ တပင်လုံး ပျံ့နှံ့နေတဲ့ အစိုအစေးဓာတ်ကြောင့် အသီးအဆန်ဓာတ် ဖြစ်ရတာ၊ တပင်လုံးမှာ အစိုအစေးဓာတ်မရှိယင် ဒီသစ်ပင်ခြောက်ပြီး သေလိမ့်မယ်၊ ဘယ်အသီးပွင့်သီးနိုင်မလဲ၊ တပင်လုံး ပျံ့နှံ့နေတဲ့ အစိုအစေးဓာတ်ကြောင့် အသီးအဆန်ဓာတ် ဖြစ်ရတယ်၊ ဒီလိုပဲ

ကိလေသဝဋ္ဋ ခေါ်တဲ့ အစိုအစေးဓာတ် အကြောင်းခံပြီးတော့ ကမ္မဝဋ္ဋအသီးအဆန်ဓာတ်ဖြစ်ရတာ၊ "အသီးအဆန်ဓာတ်ရှိယင် အပင်သစ် ဖြစ်ရတယ်၊" အသီးအဆန်နဲ့တူတဲ့ ကမ္မဝဋ္ဋရှိယင် အပင်နဲ့တူတဲ့ ဝိပါကဝဋ္ဋဖြစ်မယ်၊ ဘဝသစ်ဖြစ်စေနိုင်တဲ့ အသီးအဆန်ဓာတ်ရှိလို့ အပင်သစ်ဖြစ်ယင် ကမ္မဝဋ္ဋကြောင့် ဘဝသစ်ဒီမှာဖြစ်မယ်၊ "ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ"၊ ကိလေသဝဋ္ဋခေါ်တဲ့ အစိုအစေးဓာတ် အကြောင်းခံပြီးတော့ ဘဝသစ်ဖြစ်စေတတ်တဲ့ ကမ္မဝဋ္ဋ အသီးအဆန်ဓာတ်အဖြစ်၊ ဒီကမ္မဝဋ္ဋကနေပြီးတော့ ဘဝသစ်၊ အပင်သစ် ဝိပါကဝဋ္ဋ တခါဖြစ်ပေါ့၊ သစ်ပင်လုံးမှာ ပျံ့နှံ့နေတဲ့ အစိုအစေးဓာတ်ကို ပွားစည်းစေတဲ့ အရာ မြေဥတု၊ ရေဥတု၊ လေဥတုတို့ရှိသလို ထို့အတူပဲ အဝိဇ္ဇာ တဏှာ ဥပါဒါန်ခေါ်တဲ့ ကိလေသဝဋ္ဋကို ပွားစည်းစေတတ်တဲ့ အရာဆိုတာကတော့၊ လူ့ကာမဂုဏ်ချမ်းသာ၊ နတ်ကာမဂုဏ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာ တွေပေါ့၊ ကာမဂုဏ်ချမ်းသာ ဆိုတာက စာစကားနဲ့ပြောတာ၊ အရပ်သုံးစကားနဲ့ ပြောတော့ မြင်ရတဲ့အခါ ကောင်းတာလေးတွေပေါ့၊ အာရုံ ကောင်းလေးတွေပေါ့၊ ကြည့်ချင်စရာလေးတွေပေါ့၊ အင်မတန် ချောမောလှပတဲ့ အဆင်းရူပါရုံလေးတွေပေါ့၊ အဲဒါလေးတွေကို ကြည့်ပြီးတော့ သာယာခံစားတယ်၊ မြင်တဲ့အခိုက်အတန့်မှာ ထင်ရှားသိရတဲ့ ရုပ်နာမ်သဘောတရားကို မြင်တယ်လို့ မရှုယင် မသိဘူး၊ ကြားတဲ့ အခိုက်အတန့်မှာလဲ ကိုယ်ကမမှတ်ယင် အဲဒီ အခိုက်အတန့်မှာ ထင်ရှားတဲ့ ရုပ်နာမ်သဘောမှန်တွေ "ဒုက္ခသစ္စာ" ထိုက်တဲ့ သဘောမှန်တွေကို မသိဘူး၊ မသိတော့ အဝိဇ္ဇာ အရင်းခံပြီး

# ဝဋ်သုံးပါး လည်ပုံပြဇယား

| " ဥပမာန " | "ဥပမေယျ" |
| --- | --- |
| သစ်ပင်အမျိုးများ.... .... .... .... .... နှင့် | သတ္တဝါအမျိုးများ |
| သစ်တပင်လုံးပျံ့နှံ့နေတဲ့ အစိုအစေး ဓာတ် ........ နှင့် | ကိလေသဝဋ် |
| အစိုအစေးဓာတ်ကို မှီပြီး ဖြစ်ပေါ်နေတဲ့ အသီးအဆံဓာတ် .... .... .... နှင့် | ကမ္မဝဋ် |
| အသီး အဆံ ဓာတ်ကြောင့် ဖြစ်ပေါ်တဲ့ အပင်သစ် ဆက်ခြင်း .... .... .... နှင့် | ဝိပါကဝဋ် |
| မြေဥတု, ရေဥတု, လေဥတု .... .... နှင့် | ကာမဂုဏ် လေ ကိချမ်းသာ |
| သစ်ပင်သတ်သူ၏ လုံ့လပယောဂ ....နှင့် | ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာရှုမှတ်မှု |

(ဒုတိယအကြိမ်)

သာယာပြီး တကြားထဲကြားချင်နေပြီ၊ ဒါလေးကိုစွဲလမ်းနေပြီ၊ အဲဒီတော့ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ခေါ်တဲ့ ကိလေသာ အစို အစေးခေတ်ဟာ မြင်ရကြားရတဲ့ လူ့ကာမဂုဏ် ချမ်းသာကနေ ဖြစ်သွားတာပဲ၊ အဲဒီကာမဂုဏ်တွေက အစိုးအစေးခေတ်တွေကို ဖြစ်စေတာပဲ၊ ထို့အတူပဲ အမြင်အာရုံ ကာမဂုဏ်၊ အကြား အာရုံ ကာမဂုဏ်၊ အနံ့အာရုံ ကာမဂုဏ်၊ အဲဒီ ကာမဂုဏ်တွေက ပွားစည်းသွားတာ၊ အဲဒီ ကာမဂုဏ်အာရုံတွေကတဆင့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ခေါ်တဲ့ ကိလေသာ အစိုအစေး ခေတ်ကို ပွားစည်းရတယ်၊ တပင်လုံးပျံ့နှံ့နေတဲ့ အစိုအစေး ခေတ်တွေ မြေဥတု၊ ရေဥတု၊ လေဥတုတို့က ဆက်သွယ်ပေးနေတော့အကိုင်း အခက် ကလေးတွေကအစ တပင်လုံးပွားစည်းနေတာပဲ၊ ပွား စည်းယင် အသီးအဆန် ခေတ်ပါလာမယ်၊ အသီးခေတ်ပါလာ ယင် အညှောင့်ကလေးဖြစ်တဲ့ အချိန်ကပြီး အစိုအစေးခေတ် တွေ သူ့အတိုင်းအတာအလိုက် ပါသွားပြီး၊ သစ်ပင် တဖြည်း ဖြည်းကြီးလာတာနဲ့အမျှ အစိုအစေးခေတ်တွေကလဲ တဖြည်း ဖြည်းကြီးလာတာပဲ၊ များလာတာပဲ၊ မြေ - ရေ - လေ - နေ အလျောက် ပွားစည်းလာတာပဲ၊ ဒီလိုပဲ ဘဝသစ်ကိုရလာယင် အမိဝမ်းမှာ ပဋိသန္ဓေနေတဲ့ အချိန်ကစပြီး မျိုးမပြတ်နိုင်တဲ့ အနု သယ ကိလေသာခေတ်ဟာ အစိုးအစေးခေတ်အနေနဲ့ ကပ်ပြီး တော့ပါလာတာ၊ နောက် မျက်စိ-နား-နှာ-လျှာ-ကိုယ်-စိတ် ပြည့်စုံလာတဲ့အခါ မြင်စရာတွေမြင်၊ ကြားစရာတွေကြား၊ နမ်း စရာတွေနမ်း၊ စားစရာတွေစား၊ ထိစရာတွေ တွေ့ထိ၊ အဲဒီလို ကြုံ တွေ့ရတဲ့ အာရုံတွေနဲ့ စပ်ပြီးတော့ စိတ်တွေအမျိုးမျိုး ဖြစ်နေ

(ဒုတိယအကြိမ်)

တာ၊ ဒါတွေကိုပဲ ဖြစ်ခိုက်မှာလိုက်ပြီး မရှုယင် အမှန်အတိုင်း မသိတော့ မသိတဲ့ အဝိဇ္ဇာ၊ သာယာတဲ့တဏှာ၊ စွဲလမ်းတဲ့ ဥပါဒါန် အစိုအစေးခေတ်တွေ ပွားချင်ကိုင်းပွားနေတာ၊ အဲဒါကို ကိလေသဝဋ်လို့ ခေါ်တယ်၊ အဲဒီကိလေသာ အစိုအစေးခေတ်ကြောင့် အသီးအဆန်ခေတ်နဲ့တူတဲ့ ကောင်းကံ ဆိုးကံကမ္မဝဋ်တွေဖြစ်တယ်၊ အဲဒီကောင်းကံ ဆိုးကံ ကမ္မဝဋ်တွေကြောင့် ဘဝသစ် ဝိပါကဝဋ်ဖြစ်သွားတယ်၊အပင်သစ်နှင့်တူတဲ့ ဘဝသစ်ပေါ့၊ ဒီလိုနဲ့ပဲ လူတွေဟာ ချာလပတ်လည်ပြီး ဤမှာဘက်ကမ်းမှာ နေကြရတာ၊ အဲဒါ "အပါရ" ခေါ်တဲ့ ဤမှာဘက်ကမ်းပဲ၊ ဤမှာဘက်နေ အကုန်သေတာ အကုန်လုံး ဒုက္ခတွေရောက်နေတာ၊ သတိပဋ္ဌာန်တရား မပွားများတဲ့ သူတွေဟာ ဒုက္ခရောက်နေကြတာ၊ သတိပဋ္ဌာန်တရားမှန်ကို ကြားရပေမယ့် လက်တွေ့ အားမထုတ်တဲ့ သူတွေ၊ အားထုတ်ယင်လဲ လေးလေးစားစား စေ့စေ့စပ်စပ် အားမထုတ်ပဲ ပေါ့ပေါ့ဆဆအားထုတ်တဲ့သူတွေဟာ ကိလေသဝဋ် ကမ္မဝဋ်၊ ဝိပါကဝဋ် သုံးမျိုးနဲ့ ချာလပတ်လည်နေကြတာ၊ တဘဝပြီး တဘဝဆက်လို့ မပြီးဘူး၊ အဲဒါ "အပါရ" ဤမှာဘက်မှာနေ အကုန်သေတာ၊ သတိပဋ္ဌာန်တရားရဲ့ အကျိုးတွေကို ကောင်းကောင်း နားလည်ပြီးတော့ ဒီပေါ်မှာ တန်ဖိုးထားတဲ့ သူတွေကတော့ ကိုယ်အမူအရာတွေ ပေါ်တိုင်း လိုက်ပြီးတော့ရှုတယ်၊ ခံစားမှုဝေဒနာတွေ ပေါ်တိုင်း လိုက်ပြီး ရှုတယ်၊ စိတ်တွေ ဖြစ်တိုင်း လိုက်ပြီး ရှုတယ်၊ မြင်မှု-ကြားမှုစတဲ့ သဘောအမူအရာတွေ ဖြစ်တိုင်း လိုက်ပြီးရှုတယ်၊ အချုပ်ကတော့ ကိုယ်သဲစိတ်စိတ်၊ လောလော

သာသနာ့ဗဟိုတွန်းကားပြန့်ပွားရေးဦးစီးဌာ
(ဒုတိယအကြိမ်)
စာကြည့်တိုက်
၁၉၆၁ မှတ်ပုံ - ရန်ကုန်။

ဆယ်ပေါ်တဲ့ အာရုံနဲ့ ကိုက်ညီအောင် မပြတ်မလပ် စဲ့မြဲစွာရှုမှတ်နေယင် ရှုရာရှုရာအာရုံမှာ စိတ်ကလေးကစိုက်ကျနေတယ်၊ဆိုကြပါစို့၊ ဝမ်းဗိုက်ကို စိတ်စိုက်ထား၊ ဖောင်းတက်လာတဲ့ အခိုက်အတန့်မှာ ရိပ်ရိပ်ကလေး ဖောင်းတာကစပြီး အဖောင်းဆုံးသည်အထိ စိတ်တွန်းအားကောင်းကောင်းနဲ့အထူးကြောင့်ကြစိုက်ပြီး စဲ့မြဲစွာ ရှုရာရှုရာအာရုံလေးပေါ်မှာ အချိန်ပိုင်း အချိန်ပိုင်းလေး တပ္ပတိုး တပ္ပတိုး ကျတိုင်း ကျတိုင်း ဝီရိယ-သတိ-သမာဓိတရားတွေဖြစ်နေတယ်၊သမာဓိခေါ်တဲ့ သမထတရားတွေ ဖြစ်နေတယ်၊ သမာဓိတရားတွေဖြစ်နေတဲ့အခိုက်အတန့်မှာ ဝီရိယကကြောင့်ကြစိုက်ပြီး ပေါ်တိုင်းအာရုံကို မလွတ်တမ်း စဲ့မြဲစွာ ရှုနေတယ်၊ စဉ်းစားကြည့်စမ်း၊ ကိုယ်အမူအရာတွေပေါ်တိုင်း လိုက်ပြီးရှုလို့ ဒီအပေါ်မှာ စိတ်ကလေးကျသွားတယ်၊ အခြားအခြားကာယ-ဝေဒနာ-စိတ္တ-ဓမ္မ ပေါ်တိုင်း လိုက်ပြီးရှုလို့ ဒီအပေါ်မှာ စိတ်ကလေး ကျသွားတယ်၊ အဲဒီစိတ်ကလေးကို စဉ်းစားကြည့်စမ်း၊ သုံးသပ်ကြည့်စမ်း၊ လောဘပါသလား မပါဘူး၊ တဏှာပါသလား မပါဘူး၊ စွဲလမ်းမှုပါသလား မပါဘူး၊ တမှတ်နဲ့ တမှတ်ဆက်စပ်ပြီး အပျိန်တက်ပြီး အားပြည့်သွားယင် ရှုစရာနဲ့ ရှုတာလေးကို ကွဲပြီးသိတာပဲ၊ အဲဒီအခါ အမှန်အတိုင်းမသိတဲ့ မောဟပါသလား မပါဘူး၊ သဘောမှန်လေးတွေကို သိနေယင် လုံးဝမသိမှု အဝိဇ္ဇာကင်းသွားပြီ၊ လုံးဝ မသိတဲ့ အဝိဇ္ဇာမကင်းလို့ အကောင်းထင်ပြီး သာယာတဲ့ တဏှာဖြစ်ရတာပဲ၊ တွယ်တာတာပဲ၊ ခုအထိတော့ ပျက်ပြယ်သွားတယ်၊ ဟော တဏှာပေါ်မလာတော့ဘူး၊ ဒီနည်းနဲ့ပဲ စိတ်စိုက်ပြီး ပေါ်ရာလေးတွေ လိုက်

ရှုတော့ သဘောမှန်လေးတွေကို သိတိုင်းသိတိုင်း မသိလို့တွယ်တာတဲ့တဏှာ၊ စွဲလမ်းတဲ့ ဥပါဒါန်ပေါ့၊ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်တွေ ကုန်ခန်းနေတာ၊ တချက်မှတ်-တချက် ကုန်ခန်းနေတာ၊ နှစ်ချက်မှတ်-နှစ်ချက်ကုန်ခန်းနေတာ၊ ဆယ်ချက်မှတ်-ဆယ်ချက် ကုန်ခန်းနေတာ၊ ဆက်ကာဆက်ကာမှတ် ဆက်ကာ ဆက်ကာ ကုန်ခန်းနေတာ၊ တနာရီမှတ်-တနာရီကုန်ခန်းနေတာ၊ ကိလေသာ အစို အစေးခံတတ် မရှိယင် သစ်ပင် ဘဝသစ်ကို ဖြစ်စေတဲ့ ကံမမြောက်ဘူး၊ ဘဝကို ဖြစ်စေတတ်တဲ့ ကုသိုလ်ကံလဲ မလာဘူး၊ ဘဝကို ဖြစ်စေတတ်တဲ့ အကုသိုလ်ကံလဲ မလာဘူး၊ ဝဋ္ဋဂါမီ ကုသိုလ်လဲ မဖြစ်ဘူး၊ အကုသိုလ် ဒုစရိုက်တရားတွေလဲ မဖြစ်ဘူး၊ ကုသိုလ်လုံးဝ မဖြစ်ဘူးလားဆိုတော့ ကုသိုလ်ဖြစ်နေပါတယ်၊ ဘာကုသိုလ်တွေလဲ ဆိုတော့ ဝိဝဋ္ဋဂါမီကုသိုလ်တွေပေါ့၊ ရိုးရိုးကုသိုလ်က ဝဋ္ဋဂါမီ ကုသိုလ်ပါပဲ၊ သတိပဋ္ဌာန် တရားတွေကို ပွားနေယင် ဝိဝဋ္ဋဂါမီ ကုသိုလ် အစုအပုံကြီးကို ရနေတယ်လို့ မြတ်စွာဘုရားက ဟောထားတော်မူပါတယ်၊ ဘယ်လို ဟောတော်မူသလဲဆိုတော့—

> ကုသလရာသိံတိ ဘိက္ခဝေ ဝဒမာနော စတ္တာရော သတိပဋ္ဌာနေ သမ္မာဝဒမာနော ဝဒေယျ၊ ကေဝလော ဟာယံ ဘိက္ခဝေ ကုသလရာသိ, ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကုသလရာသိံတိ၊ ကုသိုလ်အစုအပုံ ဟူ၍။ ဝဒမာနော၊ ပြောဆိုလိုသော ပုဂ္ဂိုလ်သည်။ သမ္မာဝဒမာနော၊

(ဒုတိယအကြိမ်)

နည်းလမ်းမှန်စွာပြောဆိုလိုလတ်သော်။ စတ္တာရောသတိပဋ္ဌာနေ၊ သတိပဋ္ဌာန်လေးပါးတို့ကို။ ဝဒေယျ၊ ပြောဆိုရာ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသည်ကား။ ကေဝလော ဟိ ကုသလရာသိ၊ ကုသိုလ်အစုအပုံချည်းသာတည်း။ ယဒိဒံ၊ စတ္တာရော သတိ-ပဋ္ဌာနာ၊ ယင်း ကုသိုလ်အစုအပုံချည်း ဟူသည် ဤသတိပဋ္ဌာန် ၄-ပါးတို့ပင်တည်း။

ကုသိုလ်အစုအပုံကြီးလို့ ပြောလိုသူဟာ နည်းလမ်းမှန်ကန်စွာ ပြောဆိုယင် ဟောဒီသတိပဋ္ဌာန်လေးပါးကိုပဲ နည်းလမ်းမှန်စွာ ပြောဆိုရာ ရောက်တယ်တဲ့၊ ပိုပြီးတော့သေချာအောင်လို့ မြတ်စွာဘုရားက ယင်းကုသိုလ်အစုအပုံကြီး သက်သက်ဆိုတာ တခြား မဟုတ်ဘူး၊ ဟောဒီသတိပဋ္ဌာန်လေးပါးပဲလို့ ခိုင်ခိုင်မာမာဟော ကြားတော်မူတာ၊ ဒီတော့ သတိပဋ္ဌာန်ရှုမှတ်တဲ့ ယောဂီတွေဟာ ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ အာရုံပေါ်ခိုက် လိုက်ပြီးရှုလို့ ဒီသတိ ပဋ္ဌာန်တရားတွေကိုဖြစ်ပွားစေယင်ကြိမ်ဖန်များစွာအလေ့အလာ ပြုနေယင် ကုသိုလ်အစုအပုံကြီး ဖြစ်နေတယ်၊ အဲဒီ ကုသိုလ်အစု အပုံကြီးက "ဝဋ္ဋဂါမိ ကုသိုလ် မဟုတ်ဘူး၊ "ဝိဝဋ္ဋဂါမိ ကုသိုလ်"လို့ ကျမ်းဂန်များမှာအတိအလင်းပြထားတယ်၊ "ဝိဝဋ္ဋ ဂါမိကုသိုလ်"ဆိုတာ ကိလေသဝဋ်ကင်းရာ (သို့မဟုတ်) ကိလေ-သဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ကင်းရာ နိဗ္ဗာန်သို့ ရောက်ဖို့ရန် ရည် မြော်ပြီးဖြစ်စေ ပွားစေရတဲ့ ကုသိုလ်ပါပဲ၊ ဝိဝဋ္ဋဂါမိကုသိုလ်က မနောဒွါရမှာ အတိုင်းအဆမရှိ ဖြစ်နေတယ်၊ တမိနစ်မှာ စက္ကန့် ၆၀၊ တစက္ကန့်မှာ တမှတ်ကျတွက်ယင် တမိနစ်မှာ သတိပဋ္ဌာန်

(ဒုတိယအကြိမ်)

ဘာဝနာကုသိုလ်တွေအကြိမ်ပေါင်း ၆ဝ-ဖြစ်သွားယင်၊ငါးမိနစ် မှာ ခြောက်ဆယ်ငါးလီ(၆ဝ×၅=၃ဝဝ)ဖြစ်တယ်၊ တနာရီမှာ ၃၆ဝဝ-ဖြစ်တာ၊ တနာရီလောက် သင်္ပဋ္ဌာန် တရားတွေ ပွားလိုက်ယင် ဝိဝဋ္ဋဂါမီကုသိုလ်တွေ ၃၆ဝဝ-တောင် ဖြစ်တာ၊ နည်းတာ မဟုတ်ဘူး၊ ဒါကြောင့် မြတ်စွာဘုရားက ဒီသတိပဋ္ဌာန် လေးပါးကို"ကုသလရာသိ"ကုသိုလ်အစုအပုံကြီးလို့ ဟောတော် မူတာ၊ဝဋ်ကင်းရာနိဗ္ဗာန်ကိုရည်မြော်ပြီး အားထုတ်လို့ရတဲ့ကုသိုလ် မို့ "ဝိဝဋ္ဋဂါမီကုသိုလ်"လို့ ခေါ်တယ်၊ ဝိဝဋ္ဋဂါမီကုသိုလ်တွေ ဖြစ်နေတာ၊ သိပ်ဟုတ်တာ၊ အဲဒီ ကုသိုလ်ဘာဝအကျိုးမပေးဘူး၊ သူက နိဗ္ဗာန်ရဖို့မဂ်ရဲ့ ရှေ့ပြေး"ပုဗ္ဗဘာဂ"ဘာဝနာကုသိုလ်ပေါ့၊ ပုဗ္ဗဘာဂဝိပဿနာသတိပဋ္ဌာန်ကုသိုလ်တွေ ဖြစ်နေတာ၊ ဒီတော့ သတိပဋ္ဌာန် ဘာဝနာတရားတွေကို အားထုတ်တဲ့အခါ "ဝိဝဋ္ဋ ဂါမီကုသိုလ်"တွေတော့ဖြစ်တယ်၊ ဝဋ္ဋဂါမီကုသိုလ်တော့ မဖြစ် ဘူး၊ ဒါကြောင့် ကမ္မဝဋ်မပေါ်ဘူး၊ဘာလို့ ကမ္မဝဋ်မပေါ်သလဲ ဆိုတော့ ပေါ်တိုင်း အာရုံလေးတွေကို မပြတ်မလပ် လိုက်ပြီး ရှုတော့-ရှုမိတဲ့အာရုံလေးတွေကို ပိုင်းပိုင်းခြားခြား သိနေတယ်၊ ဒီတော့ လုံးဝမသိတဲ့ အဝိဇ္ဇာကင်းသွားပြီ၊အလွဲတွေလျှောက်သိ တဲ့ အဝိဇ္ဇာကင်းသွားပြီ၊ ဒီနည်းနဲ့ပဲ ကိလေသဝဋ်ရဲ့အစ အဝိဇ္ဇာ ကိလေသဝဋ်ကင်းတာ၊သူကင်းသွားတော့မသိလို့ တွယ်တာတာ၊ သိတော့ပျက်သွားပြီ၊တဏှာလဲကင်းသွားပြီ၊ တဏှာရှိမှစွဲလမ်းမှု ရှိတာကိုး၊ တဏှာမရှိတော့စွဲလမ်းမှုမရှိဘူး၊ဒီတော့ ဥပါဒါန်လဲ ကင်းသွားပြီ၊ ခိုင်ခိုင်မြဲမြဲနဲ့ သာယာစွဲလမ်းတာ၊ ငါကောင် လေးပဲ သတ္တဝါကောင်လေးပဲလို့ အထင်လဲ့ပြီး စွဲလမ်းတာလဲ မရှိ

တော့ဘူး၊ သဘောမှန်လေးတွေကို သိတယ်ဆိုကတည်းကိုက စွဲလမ်းမှုလေးတွေဘယ်ရှိတော့မလဲ၊ ဒီနည်းနဲ့ပဲ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ခေါ်တဲ့ ကိလေသဝဋ် မပေါ်တော့ဘူး၊ သူ့ကြောင့် ဘဝကိုဖြစ်စေတတ်တဲ့ "ဝဋ္ဋဂါမိကုသိုလ်"လဲ မဖြစ်တော့ဘူး၊ အကုသိုလ်ကတော့ဝေးပြီပေါ့၊ ဘာမှမပေါ်တော့ ကိလေသဝဋ် ကမ္မဝဋ်လဲပဲ ပြတ်သွားပြီ၊ အဲဒီကံကြောင့် ဝိပါကဝဋ်၊ အသီး အဆန်ဓာတ်ရှိနေမှ အပင်သစ်ဖြစ်ရတာကိုး၊ အသီးအဆန်ဓာတ် မရှိတော့အပင်သစ်ကလဲမလာနိုင်ဘူး၊ မလာနိုင်တော့ဝိပါကဝဋ် ဒီမှာငြိမ်းသွားပြီ၊ ဒီနည်းနဲ့ပဲ တချက်မှတ်ယင် ကိလေသဝဋ် ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတဲ့ ဝဋ်ဆင်းရဲသုံးပြာ ဤမှာဘက်ကမ်းက ပါရ-ဟိုမှာဘက်ကမ်းသို့ တပွဲထိုးရောက်သွားတာ၊ တဒင်္ဂဆိုတဲ့ အချိန်ပိုင်း အချိန်ပိုင်းလေး ရောက်သွားတာ၊တပွဲတိုး တပွဲတိုး ခုန်ကူးနေတာပေါ့၊ဤမှာဘက်ကမ်းကဟိုမှာဘက်ကမ်း ရောက် ချင်တဲ့သူဟာ တခုခုနဲ့ ကူးရတယ်၊ ယက်နေရတာပဲ တချက် ယက်ယင် တချက်စာ ဟိုဘက်ကမ်းနဲ့ နီးသွားတာ၊ နှစ်ချက် ယက်ယင် နှစ်ချက်စာ ဟိုဘက်ကမ်းနဲ့ နီးသွားတာ၊ ဒီလိုပဲ ကိုယ်သဲမိတ်စိုက်ပြီး ပေါ်ရာလေးတွေ လိုက်ရှုလို့ တချက်စာ တချက်စာလေးတွေ ဟိုဘက်ကမ်းနဲ့ နီးသွားတာပဲ၊ တပွဲတိုး တပွဲတိုး အချိန်ပိုင်း အချိန်ပိုင်း ရောက်ရောက်သွားတာပဲ။

"အပါရာ ပါရံ ဂမနာယ"တဲ့ ဒါကိုပြောတာ၊ အပါရ- ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ခေါ်တဲ့ ဤမှာဘက်ကမ်းမှ၊ ကိလေသဝဋ်၊ကမ္မဝဋ်၊ ဝိပါကဝဋ်ခေါ်ဆိုတဲ့ဤမှာဘက်ကမ်းမှ၊

(ဒုတိယအကြိမ်)]

- ၁၆၄၁ -

ပါရံဂမနာယ—အဲဒီ ဝဋ်ဆင်းရဲသုံးမျိုးကို ကင်းရာဖြစ်တဲ့ ဟိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့ပေါက်ရောက်ဖို့ရာ သံဝေဂအနှိုး ဖြစ်ကုန်၏၊ ဟိုမှာဘက်ကမ်းကို တပွဲတိုးတပွဲတိုး အချိန်ပိုင်း အချိန်ပိုင်း ရောက်နေတာ၊ တဆင့်တက်လို့ အမှိုန်ရပြီး အားပြည့်တဲ့အခါ တကယ့်ကိုပဲ အငြိမ်းဓာတ်နိဗ္ဗာန်ကို တွေ့သွားမှာ” အဲဒါမှ တကယ့်ကိုရောက်မှာပဲ၊အဲဒီလိုတွေ့တဲ့အခါ ဘုန်းကြီးက “ပါရံ-ဂမနာယ” ဆိုတဲ့စကားကိုထောက်ပြီးဘဝရဲ့ဟိုမှာဘက်ကမ်း ,ဝဋ်ဆင်းရဲသုံးမျိုးရဲ့ ဟိုမှာဘက်ကမ်းရောက်တဲ့အခါ “ပါရဂူ” ဆိုတဲ့ စကားလေးကိုထည့်ပြီး သုံးပါမယ်၊ အဲဒီ “ပါရဂူ” ဆိုတာကလဲ အခြေအနေကိုလိုက်ပြီးအခိုက်အတန့်ကိုလိုက်ပြီးကွဲပြားခြားနား ချက်ကလေးကိုထည့်ပြီးလဲပြောပါမယ်၊ အဲဒါလေးတွေကိုထည့် ယင်ဉာဏ်သဘောလေးတွေလဲပါမယ်၊နဂိုကအားထုတ်လို့တရား သဘောလေးတွေကို နားလည်သူကတော့ ကောင်းကောင်းကြီး သဘောပေါက်မှာပါပဲ၊ အားမထုတ်ရသေးတဲ့သူတွေ, အားထုတ်စသူတွေလဲပဲဗဟုသုတအများကြီးရသွားမှာပဲ၊ဒီကနေ့ပါရဂူခြောက်မျိုးကို ထည့်သွင်းပြီးပြောရမှာပဲ၊ အဲဒါလေးတွေကို မပြောခင် ဆောင်ပုဒ်ကလေးကို ဆိုကြရအောင်၊ (စတ္တာရောမေ ဘိက္ခဝေ သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ) ဆိုတာပေါ့လေ။

“သတိပဋ္ဌာန်လေးပါး ဖြစ်ပွားစေလျှင်” ဘာဝိတာ ဗဟုလီကတာ - ဖြစ်စေ ပွားစေ ကြိမ်ဖန်များစွာ လေ့လာယင်၊ ဒါ အကြောင်းကို ဖော်ပြတာ၊ “သတိပဋ္ဌာန်လေးပါး ဖြစ်ပွား

(ဒုတိယအကြိမ်) စာကြည့်တိုက်
ပိဋကဘာသာပြန်စာပေ
ဖြန့်ချိရေးအဖွဲ့

စေလျှင်”ဖြစ်ပွားနေတော့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တွေမရှိတော့ဘူး၊ ကိလေသာဆို ဘာကိလေသာမှ မရှိဘူး၊ စိတ်တွေအင်မတန်စင်ကြယ်နေတယ်၊ တချက်မှတ် တချက် စိတ်တွေက စင်ကြယ်နေတာပဲ၊ နှစ်ချက်မှတ် နှစ်ချက် စင်ကြယ်နေတာပဲ၊ ဆယ်ချက်မှတ် ဆယ်ချက်စင်ကြယ်နေတာပဲ၊ဆက်ကာဆက်ကာ ပွားတဲ့အတွက်အချိန်တိုင်းသိနေတော့ကိလေသာဝင်ခွင့်မရဘူး၊ အဲဒီတော့ စိတ်တွေက သန့်ရှင်းနေတယ်၊ ကိလေသာကစိတ်ကို ညစ်ထေးစေတာကို “သတိပဋ္ဌာန်လေးပါး ဖြစ်ပွားစေလျှင်၊ စိတ်အညစ်အကြေး ကင်းဝေးသန့်စင်”စိတ်အညစ်အကြေးတွေ ကင်းဝေး သန့်စင်ပြီးတော့ “ဘာဝိတာ ဗဟုလီကတာ”ဖြစ်နေကတည်းကိုက သတိပဋ္ဌာန်ကုသိုလ်တွေ ဖြစ်စေတယ်၊ ပွားစေတယ်၊ ကြိမ်ဖန်များစွာ လေ့လာနေယင် ကိလေသာ အရင်းခံပြီးဖြစ်တဲ့ အကုသိုလ် အညစ်အကြေးတွေ ကင်းနေတာပေါ့၊ စိတ်အညစ်အကြေးတွေ ကင်းနေတာပေါ့၊ လောဘ, ဒေါသ, မောဟ ကိလေသာတွေလဲ ကင်းနေတယ်၊ သိပ်ရှင်းတာပဲ၊ ကုသိုလ်က သာမညကုသိုလ် မဟုတ်ဘူး၊ အလွန် ကောင်းတဲ့ကုသိုလ်ကို တပွေ့တပိုက်ကြီးရနေတာ၊ “ကုသလရာသိ”ဆိုတာပေါ့၊ကုသိုလ်အပုံကြီး တပွေ့တပိုက်ကြီးရနေတာ၊“သတိပဋ္ဌာန်လေးပါး, ဖြစ်ပွားစေလျှင်၊ စိတ်အညစ်အကြေး, ကင်းဝေးသန့်စင်” စိတ်အညစ်အကြေးတွေ စင်ကြယ်သန့်ရှင်းနေတာပဲ၊ အဝိဇ္ဇာ-တဏှာ–ဥပါဒါန် လိုရင်းကတော့ကိလေသာတွေတပွဲတိုး ကင်းနေတာပဲ၊ ဤမှာဘက် ကိလေသာတွေဆီက ဟိုမှာဘက် ကိလေသာကင်းတဲ့ဆီ တချက်စာ ခုန်ကူးလိုက်တာပဲ၊ လှေနဲ့

(ဒုတိယအကြိမ်)

ဖောင်နဲ့ကူးရတဲ့အခါတချက်ယက်လိုက်ယင် တချက်စာ ဟိုဘက် နီးသွားတာပဲ၊ နောက်တချက်စာ ဟိုဘက်နီးသွားတာပဲ၊ ဒီလိုပဲ တချက်ရှုမှတ်လိုက်ယင် တချက်စာ ကိလေသာဆိုတဲ့ ဒီဘက်နယ် မြေကလွတ်သွားတာအင်မတန်နေရာကျတာပဲ၊ "ဟိုဘက်ကမ်း ပေါက်, ဆိုက်ရောက်အစဉ်"တဲ့၊ တချက်မှတ်ယင် တချက်စာ ဟိုဘက်ကမ်းရောက်နေတာပဲ၊ "မြတ်ဗုဒ္ဓ, ထုတ်ပြမိန့်ခွန်းပင်"တဲ့၊ ဒီဘာဝိတသုတ္တန်ကို မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြား တော်မူပါတယ်။

သံယုတ္တနိကာယ်၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ သတိပဋ္ဌာန သံယုတ်၊အနနုဿုတဝဂ်၊ စတုတ္ထမြောက်"ဘာဝိတ"သုတ္တန်တဲ့၊ (သံ-၃-၁၅၇-၄-ဘာဝိတသုတ္တ) "ဘာဝိတသုတ္တန်"လို့ သင်္ဂါ ယနာတင် ရဟန္တာ အရှင်မြတ်များက သင်္ဂါယနာတင်ထား တော်မူကြပါတယ်၊ ဆောင်ပုဒ်ကလေးကို ဆိုကြဦးစို့။

သတိပဋ္ဌာန်လေးပါး, ဖြစ်ပွားစေလျှင်၊
စိတ်အညစ်ကြေး, ကင်းဝေးသန့်စင်၊
ဟိုဘက်ကမ်းပေါက်, ဆိုက်ရောက်အစဉ်၊
မြတ်ဗုဒ္ဓ, ထုတ်ပြမိန့်ခွန်းပင်။

ဒါက အခြေခံစကား၊ပျိုးပါပဲ၊စကားပျိုးထဲမှာပဲအဓိပ္ပာယ် က အတော်လေးပါနေပါပြီ၊ သတိပဋ္ဌာန်လေးပါး အားထုတ် ရမှန်းမသိပဲနဲ့ "ဘာဝိတာ ဗဟုလီကတာ" ဖြစ်စေပွားစေရမှန်း မသိ၊ ကြမ်ဖန်များစွာအကျိုးသက်ရောက်တဲ့ထိအားထုတ်ရ

မှန်းမသိတဲ့သူတွေဟာ ကိလေသာဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ခေါ်တဲ့ ဝဋ်ဆင်းရဲသုံးမျိုးနဲ့ပဲ ဒီဘက်ဘဝမှာပဲ ဒီဘက်ကမ်းမှာပဲ ချာလပတ်လည်ပြီး နေကြရတာ၊ "ဒီဘက်မှာနေ-အကုန်သေ"တဲ့ တဘဝနဲ့ မပြီးသေးဘူး၊ ဘဝတိုင်းဘဝတိုင်း အကုန်သေရတာပဲ၊ "ဟိုပြည်ရောက်မှ-ချမ်းသာရ"ဆိုတဲ့အတိုင်း ဟိုဘက်ကမ်းရောက်မှပဲ ချမ်းသာရမှာ၊ သတိပဋ္ဌာန်တရားအားထုတ်တဲ့သူတွေ အမှတ်ကလေး တော်တော်ကောင်းသွားယင် ရှုတိုင်းရှုတိုင်း သဘောမှန်လေးတွေကို အကုန်သိနေတာပဲ၊ ကိုယ်အမူအရာတွေ ပေါ်တိုင်းရှုတော့ သဘောမှန်လေးတွေကို သိနေတာပဲ၊ သိနေတော့ မသိမှုကအစ ကိလေသာတွေ ဒီအခိုက်မှာ မရှိဘူး၊ သိတယ်ဆိုကတည်းက မသိမှုမရှိဘူး- အလင်း ရောက်ကတည်းက အမှောင်ပျောက်သွားပြီ၊ လုံးဝမသိတာလဲ မရှိတော့ဘူး၊ လွဲမှားစွာသိတာလဲမရှိတော့ဘူး၊ ဒီမှာ အဝိဇ္ဇာ ကင်းနေတာပေါ့။

ဒီတော့ သာယာမှုတွေလဲ ကင်းနေတာပေါ့၊ သာယာမှုကင်းတော့ စွဲလမ်းမှုလဲ ကင်းတာပေါ့၊ စိတ်အညစ်အကြေးစင်ကြယ်နေတာတော့ အင်မတန်ရှင်းတယ်၊ ကုသိုလ်အစုအပုံကြီးဖြစ်နေကတည်းကိုက ကုသိုလ်ဆိုတာ သန့်ရှင်းတာပေါ့၊ အပြစ်အနာအဆာ ကင်းနေတာပေါ့၊ သန့်ရှင်းမှုကတော့ တမှတ်ပြီးတမှတ် ဆက်စပ်နေတာပဲ၊ "ကုသလရာသိ" ကုသိုလ်အစုအပုံကြီးဖြစ်နေတာ၊ ကိလေသာဝဋ်မရှိတော့ ကမ္မဝဋ်မရှိဘူး၊ ကမ္မဝဋ်မရှိတော့ ဝိပါကဝဋ်မရှိဘူး၊ ဟော-ဤမှာဘက်ကမ်းမှာမနေရတော့ဘူး၊ ဘေးကင်းတဲ့ သန့်ရှင်းတဲ့ ဟိုမှာဘက်ကမ်းမှာ စိတ်ကလေး

ကို ကြည်ပြီးတော့ နေတာပဲ၊ သိပ်ထူးခြားတာပဲ၊ "အယင်ကနဲ့ မတူဘူး ထူးခြားလာပြီ၊အယင်ကနဲ့မတူဘူး ထူးခြားလာပြီ" လို့ ယောဂီကိုယ်တိုင် သိနေတာပဲ၊ သတိပဋ္ဌာန် တရားတွေကို အား ထုတ်ရမှ အခုလို ချမ်းမြေ့မှုမျိုးရတာပဲ၊ တယ်ချမ်းမြေ့တာပဲ၊ လူ့ဘောင်လောကမှာ လူမှုရေးကိစ္စ ဘာကိစ္စ ညာကိစ္စတွေနဲ့ ရှုပ်ရှုပ်ထွေးထွေး ညစ်ညစ်ထေးထေး နေရတာပဲ၊အခုမှစိတ်ချမ်း သာခွင့် စိတ်ကြည်လင်ခွင့်ရတာပဲ၊ အင်မတန်ကောင်းတာပဲလို့ အစလေးလောက်ပဲ ကောင်းမှန်းသိလာတယ်၊ နောက်ဉာဏ်တွေ အဆင့်ဆင့်တက်လာခဲ့တဲ့အခါ "ဥဒယဗ္ဗယဉာဏ်" ပိုင်းလောက် ရောက်သွားလို့ အလင်းရောင် ပီတိ-ပဿဒ္ဓိ စတဲ့ တရားအရသာ တွေကိုရသွားယင် သိပ်ပြီးချမ်းသာမှာပေါ့၊ ကောင်းကောင်း သိမှာပေါ့၊ သတိပဋ္ဌာန်တရား ရှုမှတ်ယင် စိတ်အညစ်အကြေး တွေနဲ့ ဒီမှာဘက်ကမ်းမှာနေရတာ မသက်သာပုံ ကလေးတွေ အမှတ်ကလေးနဲ့နေရတာ သက်သာပုံ ချမ်းသာပုံကလေးတွေကို အားကြီးပြောကြတယ်။

ယောဂီတွေ ဝိပဿနာ ဉာဏ်တွေ အဆင့်ဆင့် တက်ပြီး အငြိမ်းဓာတ် နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြု လိုက်ယင် ဘယ်ပြောစရာ ရှိတော့မလဲ၊ နိဗ္ဗာန်ကို တွေ့လိုက် ကတည်းက ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ခေါ်တဲ့ အင်မတန်ဆိုးရွားတဲ့ ဘေးရန်ရှိတဲ့ ဒီဘက်ကမ်းက၊ဘေးရန်ကင်း တဲ့ ဟိုမှာဘက်ကမ်းကို တခါတည်းရောက်သွားတာ ဆိုးရွားတဲ့ ဘဝမျိုးမဟုတ်တော့ဘူး၊ အပါယ်လေးပါးလဲ မဟုတ်တော့ဘူး၊

ခုနစ် ဘဝထက် ပိုပြီးတော့ သုဂတိဘဝခေါ်တဲ့ လူ့ပြည် နတ်ပြည်မှာ ဖြစ်ရမယ့်အခြေအနေလဲ မရှိတော့ဘူး၊ အများကြီးကို သက်သာသွားတာ၊ ဘဝတွေအများကြီး သာလွန်သွားတာပေါ့၊ တကယ်လို့သာ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုမရသေးယင် သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ အငြိမ်းဓာတ်နိဗ္ဗာန်ကို ပါရဂူမြောက် မျက်မှောက်မပြုရသေးယင် အပါယ်လေးပါးနဲ့အတူ လူ့ပြည်နတ်ပြည်မှာ အတိုင်းအတာမရှိ အဆုံးမရှိ ဖြစ်ရဦးမှာ၊ ဘဝတွေကိုရလိုက်, အိုလိုက်, နာလိုက်, သေလိုက်, ဘဝတွေကိုရလိုက်, အိုလိုက်, နာလိုက်, သေလိုက်ဆိုတာ ဒီမှာဘက်ကမ်းမှာ နေယင် အကုန်လုံး သေလို့မဆုံးနိုင်ဘူး၊ အခုတရားတွေ အားထုတ်လို့ အနည်းဆုံး တမဂ် တဖိုလ်လောက်ရသွားယင်ပဲ အင်မတန် ဆိုးရွားတဲ့ ကြောက်ဖွယ် ကောင်းတဲ့ အပါယ်လေးဖြာ ဒီမှာဘက်ကမ်းက တခါတည်း လွတ်သွားတာ၊ ခုနစ်ဘဝထက် တိုးပြီးဖြစ်ရတဲ့ လူ့ပြည် နတ်ပြည် သုဂတိဘဝမှာ တွေ့ရမယ့် ဘေးတွေကလည်း လွတ်သွားပြီ၊ သံသရာဘေးတွေကလဲ တခါတည်း လွတ်သွားပြီ၊ အင်မတန်ကောင်းတာပဲ၊ အင်မတန် ချမ်းသာတာပဲ။

ဒါကြောင့် ဒီ ''ဘာဝိတသုတ္တန်''ကို (ဒီမှာဘက်နေ, အကုန်သေ၍, တိုပြည်ရောက်မှ, ချမ်းသာရ) လို့ နာမည်တပ်ယင် သိပ်ကောင်းမှာ သိပ်နေရာကျတာ၊ ဘုန်းကြီးတို့ရဲ့ သတိပဋ္ဌာန်နယ်သား, သတိပဋ္ဌာန်လုပ်သား ဖြစ်ကြတဲ့ သူတော် ဘုရားဟော ဒေသနာနည်းအတိုင်း ကျေးဇူးရှင် မဟာစည် ဆရာ

တော် ဘုရားကြီးရဲ့ ဩဝါဒကို ခံယူပြီး လက်တွေ့ ကျကျ ထိရောက်အောင် ကျင့်သုံးတော့ အားထုတ် ကြည့်တော့ ဒီသဘော လေးတွေကို တွေ့ယင် ကိုယ်တိုင် သိနေရတာ သိပ်အေးရတာ၊ ဘုန်းကြီးပြောတာက နည်းပါသေးတယ်၊ ဒီဘက်မှာ တရားအားမထုတ်ရပဲ တရားမရပဲနေယင် မဆုံးနိုင်တဲ့ အို၊နာ၊မသတွေကို ကေန်တွေ့ရမှာ၊ တရားအားထုတ်လို့ တရားသဘောတွေ ပြည့်ဝတဲ့အခါ ငါတို့ ထယ်ချမ်းသာပါလား၊ ဘေးကင်းတဲ့နေရာ ငါတို့ ရောက်နေပါလား၊ ဒီလို ဘေးကင်းတဲ့ဆီ ရောက်နေတာဟာ သတိပဋ္ဌာန်ရဲ့ အကျိုးပဲလို့ ကောင်းကောင်းကြီး နားလည်သွားတယ်၊ ဘေးကင်းတဲ့ဆီ ရောက်လောက်အောင် သူတို့ကလဲ ပါရဂူမြောက်အားထုတ်တာကို၊ ပါရံ-ဝဋ္ဋဆင်းရဲသုံးမျိုးကင်းရာဖြစ်တဲ့ဟိုမှာဘက်ကမ်းကို၊ ဂမနာယ-ပေါက်ရောက်နေတာတဲ့၊ အဆင့်ဆင့်ပေါက်ရောက်ပုံ ကလေးတွေကို ဘုန်းကြီးကရှင်းပြပါမယ်၊ ကျမ်းဂန်များမှာ အဆင့်ဆင့် ပေါက်ရောက်ပုံကို ၆-မျိုး ပြဆိုထားပါသယ်။

အဲဒါဘာတွေလဲဆိုတော့ (၁) အဘိညာပါရဂူ၊ (၂) ပရိညာ ပါရဂူ၊ (၃) ပဟာနပါရဂူ၊ (၄) ဘာဝနာပါရဂူ၊ (၅) သစ္ဆိကိရိယာပါရဂူ၊ (၆) သမာပတ္တိပါရဂူ-လို့ ၆-မျိုးပြဆိုထားပါတယ်၊ ပါရဂူဆိုတာမျိုးကို မှတ်သထားပြီးလုပ်ရတာ၊ မှုထားပြီး ဒီမှာ နားလည်ရမှာတွေကတော့ အဘိညာရယ်၊ ပရိညာရယ်၊ ပဟာနရယ်၊ သစ္ဆိကိရိယာရယ်၊ သမာပတ္တိရယ်ဘဲ၊ အဲဒီ ပုဒ်ကလေးတွေကို တခုချင်း ရှင်းပြမယ်၊ သူတို့နဲ့အမြဲတမ်းတွဲနေတဲ့ ‌နောက်

ဆုံး ပါရဂူဆိုတဲ့ ပုဒ်က ဘာဝတာဘက်ကမ်းရောက်တယ်၊ ပေါက် ရောက်တယ်လို့ အဓိပ္ပာယ်ရတယ်၊ ပေါက်ရောက်တယ် ဆိုတာက သူ့ အမိုက်အတန့်အားဖြင့် ဘယ်လို အနေအထားနဲ့ ပေါက် ရောက်တယ်၊ဘယ်နှစ်မျိုးရှိသလဲလို့ဆိုတော့ ၆-မျိုးခွဲပြီး ပြမယ်၊ အဘိညာပါရဂူက တမျိုးတဲ့၊ ကျန်တာက ငါးမျိုးပေါ့၊ ခွဲခွဲပြီး တော့ ခုနပြတယ်၊ "အဘိညာပါရဂူ"ဆိုတဲ့စကားစုထဲမှာ အဘိ-ဆိုတာက ရှေးရှု အမှတ်ပြုပြီး ဉာဏ်အသိ ရှေးရှု အမှတ်ပြုပြီး၊ ရှေးရှုတယ်ဆိုတာ မျက်နှာချင်း ဆိုင်တာပါပဲ၊ တည့်တည့်ပါပဲ၊ တဦးနှင့်တယောက် မျက်နှာချင်းဆိုင်ပြီး တွေ့တာပေါ့၊ တည့် တည့်တွေ့လိုက်တာပဲ၊ သူ့မျက်နှာနဲ့ ကိုယ့်မျက်နှာ တခါတည်း တည့်တည့် တွေ့လိုက်တာပဲ၊ ဘုရားဖူးတဲ့ သူတွေဟာ ဘုရား မျက်နှာတော်နဲ့ မိမိမျက်နှာနဲ့ တေ့ဆိုင်ပြီးတော့ တည့်နေတာ၊ အဲဒါကို"အဘိ"လို့ ခေါ်တယ်။

အဘိ-ကို စာသုံးကတော့ ရှေးရှုလို့ ခေါ်တယ်၊ ဗမာလိုက တော့တည့်တည့်ပါပဲ၊မျက်နှာချင်းဆိုင်နေတာပေါ့၊မျက်နှာချင်း ဆိုင်ပြီးတော့ မှတ်သိနေတာ၊ အဲဒီ မျက်နှာချင်း ဆိုင်ပြီးတော့ သိမှုကို "အဘိညာ"လို့ ခေါ်တယ်၊ မျက်နှာချင်း ဆိုင်ပြီး သိစရာတွေက ဘာတွေလဲဆိုတော့ သိသင့်တဲ့ ရုပ်နာမ် တရားတွေ ပါပဲ၊ ဒွါရ ခြောက်ပါးက ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားတွေ ပေါ့၊ မျက်စိက မြင်တဲ့အခါ (အရပ်သုံး နားလည်အောင် ပြောရတာ၊ တကယ်ကတော့ စက္ခုဝိညာဉ်က မြင်တဲ့အခါ)ပါပဲ၊ မျက်စိနဲ့ အဆင်းက ရုပ်၊ မြင်တာ သိတာက နာမ်၊ နားက

(ဒုတိယအကြိမ်)

ကြားတဲ့အခါ နားနဲ့အသံက ရုပ်၊ ကြားသိတာလေးက နာမ်၊ ဒါဟာ ရုပ်နာမ်တရားတွေ သိရမှာတွေပေါ့၊ ဒါတွေကို သိတာ "အဘိညေယျ"လို့ ခေါ်တယ်၊ နှာခေါင်းက နံတဲ့အခါမှာလဲ နှာခေါင်းနဲ့ အနံ့က ရုပ်၊ နံသိတာလေးက နာမ်၊ ဒါ သိရမယ့် "အဘိညေယျ"တရားတွေပေါ့၊ ကိုယ်ကတွေ့ထိတဲ့အခါ ကိုယ်နဲ့ အတွေ့က ရုပ်၊ ထိသိတာလေးတွေက (ပူတယ်၊ အေးတယ်၊ တောင့်တယ်၊ တင်းတယ်၊ လှုပ်တယ်၊ နာတယ်၊ ပျော့တယ်) အဲဒီ အသိတရားတွေက နာမ်ပဲ၊ လျှာက စားသိတဲ့အခါမှာလဲ လျှာနဲ့အရသာလေးက ရုပ်၊ သိတာက နာမ်၊ "အဘိညာ"သိရမယ့်တရားတွေပေါ့၊ စိတ်ကူးစဉ်းစားပြီး ကြံစည်တဲ့အခါမှာလဲ ဒီအတိုင်းပဲ၊ ရုပ်တရား နာမ်တရား၊ အဲဒါတွေရှုမှတ်တာနဲ့ တထပ်တည်းကျပြီးတော့ မျက်နှာချင်းဆိုင် တွေ့နေရတာ၊ အဲဒါကို "အဘိညာ"လို့ ခေါ်တယ်၊ ကိုယ်ထဲကလဲ ပူတာ, အေးတာ, တောင့်တာ, တင်းတာ, လှုပ်တာ, စိတ်ကူးစဉ်းစားကြံစည်တာ, ညောင်းတာ, ကိုက်တာ, ခဲတာ,မြင်တာ,ကြားတာ စသည်ပေါ့၊ သတိပဋ္ဌာန်လေးပါးနဲ့ပြောယင် ဒီ အတိုင်းပါပဲ၊ ကိုယ်အမူအရာတွေ ဖြစ်တိုင်း,ခံစားမှု ဝေဒနာတွေ ဖြစ်တိုင်း,စိတ်တွေဖြစ်တိုင်း, သဘောအမူအရာတွေ ဖြစ်တိုင်း, ဟိုက ပေါ်တိုင်း ဒီက ရှုမှတ်တာနဲ့ မျက်နှာချင်းဆိုင် အမြဲတွေ့ပြီးနေတာကို "အဘိညာ"လို့ ခေါ်တယ်၊ ဒီတော့ ဆောင်ပုဒ်လုပ်ယင်—

သိသင့်သော ရုပ်နာမ်တရားတို့ကို ရှေးရှု အမှတ်ပြု၍ သိတာက အဘိညာ—တဲ့။

(ဒုတိယအကြိမ်)

အခု ဘုန်းကြီးတို့ရိပ်သာထဲ ရောက်လာသူတွေကို ရှေးဦးစွာ "အဘိညာပါရဂူ" မြောက်အောင် ဒီလိုဒီလိုမှတ်၊ ပေါ်တာလေးတွေကိုမှတ်၊ အသစ်အသစ် ပေါ်တာလေးတွေကို ကြောင့်ကြစိုက်ပြီးတော့မှတ်၊ အာရုံနဲ့ မှတ်စိတ်နဲ့ တည့်ပစေ၊ မျက်နှာချင်းဆိုင် တွေ့ပစေ-လို့ သင်ပြလိုက်တယ်၊ သင်ပြတဲ့အတိုင်း ယောဂီက ကိုယ့်နေရာ ရောက်တော့ သွား-ရပ်-ထိုင်-လျောင်း ဆိုတဲ့ ဣရိယာပုထ်လေးမျိုးလုံးမှာ အလစ်အလပ်မရှိပဲနဲ့ ကိုယ်ထဲ စိတ်စိုက်ပြီး အသစ် ပေါ်တာလေးနဲ့ ဒီက ရှုမှတ်တာလေးနဲ့ တည့်အောင်ဟ တည့်အောင်ဟ ဆိုတဲ့အနေနဲ့ မပြတ်မလပ် အထူး ကြောင့်ကြစိုက်ပြီး စွဲမြဲစွာ ရှေးရှု အမှတ်ပြုနေတာ "အဘိညာ"ပါပဲ။

> သိသင့်သော ရုပ်နာမ်တရားတို့ကို ရှေးရှု အမှတ်ပြု၍ သိတာက "အဘိညာ"

ဒါ ရုပ်နာမ်တရားနဲ့ပြောတာ၊ သတိပဋ္ဌာန်တရားနဲ့ ပြောယင် (၁) ကိုယ်အမူအရာတွေ ဖြစ်တိုင်း, (၂) ဝေဒနာတွေ ဖြစ်တိုင်း, (၃) စိတ်ကူးစဉ်းစား ကြံစည်တဲ့စိတ်တွေ ဖြစ်တိုင်း, (၄) မြင်မှုကြားမှု စတဲ့ သဘာဝအမူအရာတွေ ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်နေတာ၊ ရှုစရာနဲ့ ရှုတာ ထိပ်တိုက် မျက်နှာချင်းဆိုင်ပြီး တွေ့နေတာ၊ အဲဒီလို မှတ်နေရတာ "အဘိညာ"ပါပဲ၊ မှတ်ခါစတော့ ဘာမှမထူးသေးဘူး၊ တဲ့အောင်မှတ်လိုက်ပေမယ့် ချော်သွားတာလဲ ရှိတယ်၊ မေ့သွားတာလဲ ရှိတယ်၊ လွတ်သွားတာလဲရှိတယ်၊ အများကြီးပေါ့၊ နောက် တဖြည်းဖြည်း တနာရီ

ကနေ နှစ်နာရီ၊ နှစ်နာရီကနေ သုံးနာရီ၊ တရက်က နှစ်ရက်သုံးရက် စသည်ပေါ့၊ ဒီလို ရှုအားလေးတွေက အရှိန်ဘက်လို အားပြည့်လာယင် ပေါ်တိုင်း မှတ်နိုင်နေတာပဲ၊ ဟိုက ပေါ်လိုက်တာနဲ့ ဒီက မှတ်တာနဲ့ မျက်နှာချင်းဆိုင်တွေ့ပြီး နိုင်နိုင်နင်းနင်း ဖြစ်လာတာ၊ ဒီလို နိုင်နိုင်နင်းနင်း ဖြစ်လာယင် ဒါ''ပါရဂူ''ပေါ့၊ ပါရဂူဆိုတာ ပေါက်မြောက်တယ်၊ ပေါက်မြောက်ယင် နိုင်နင်းတာ ''ပါရဂူ''ပေါ့၊ အမှတ်ကလေးတွေ နိုင်လာတာပဲ၊ အဲဒါကို ''ပါရဂူ''ခေါ်တယ်၊ ''အဘိညာ''နဲ့တွဲလိုက်တော့-''အဘိညာ-ပါရဂူ''ပေါ့။

ရှေးရှု အမှတ်ပြုလျက် ပေါက်ရောက်တာက ''အဘိညာ-ပါရဂူ''တဲ့။

အာရုံနဲ့ မှတ်စိတ်တည့်ပြီး နိုင်နိုင်နင်းနင်း မလွတ်တမ်း မှတ်နိုင်လာယင် ဒါ သူ့အတိုင်းအတာနဲ့သူ ဟိုဘက်ကမ်း ရောက်တာပဲ၊ ဟောဒီထဲက ရုပ်နာမ်လေးတွေ ကွဲသိသွားတယ်၊ ရုပ်နာမ်ကွဲ သိကဘည်းက သက္ကာယဒိဋ္ဌိအစွဲက လွတ်သွားလို့ ဟိုဘက်ကမ်း ပေါက်သွားပြီ၊ အကြောင်းအကျိုး သိသွားယင် ဝိစိကိစ္ဆာက တပွဲတိုး လွတ်သွားပြီ၊ လွတ်သွားပုံ ပေါက်ရောက်သွားပုံလေးတွေ အင်မတန်ရှင်းတယ်။

[ဉာဏ်စဉ်နဲ့ရှင်းပြီး ပြောရယင် အင်မတန်အားရစရာကောင်းတယ်၊ ဒါကို ထားလိုက်ပါတော့။]

(ဒုတိယအကြိမ်)

ကိုယ်သဲက ပေါ်တာလေးတွေကို ပေါ်ဆဲ လိုက်မရှုယင် စိတ်အစုအစည်း ပျက်ပျက်ပြီး သွားချင်တိုင်းသွား၊ ရောက်ချင်တိုင်းရောက်၊ တေချင်တိုင်းတေ လေချင်တိုင်း လေမှာပေါ့၊ လောဘဖြစ်လို့မဆုံး၊ ဒေါသဖြစ်လို့မဆုံး၊ မောဟဖြစ်လို့မဆုံး၊ ကိလေသာတွေဖြစ်လို့ မဆုံးဘူးပေါ့၊ ပေါ်တိုင်းပေါ်တိုင်း အာရုံလေးတွေကို ပေါ်ဆဲလိုက်ပြီး မလွတ်တမ်း ထိပ်တိုက်မျက်နှာချင်းဆိုင်ပြီး တွေ့အောင် အားထုတ်လို့ မလွတ်တမ်းလိုလို ၁၀-ချက်မှာ ၈-ချက်လောက် ၉-ချက်လောက် မှတ်နိုင်ယင် ရာခိုင်နှုန်း တော်တော်များများ မှတ်နိုင်ပြီးတော့ နိုင်နင်းလာပြီ၊ ဒီလို နိုင်နင်းတာကို "ပါရဂူ"လို့ ခေါ်တယ်၊ ပါရဂူ မြောက်လာတာ၊ နိုင်နင်းသွားပြီး ပါရဂူဘွဲ့မယူရပဲ ဒီမှာ ဘုန်းကြီးတို့ရဲ့ သတိပဋ္ဌာန်တရား အားထုတ်တဲ့လူတွေဟာ အာရုံနဲ့ မှတ်စိတ်ညှိပြီး တော်တော် နိုင်နိုင်နင်းနင်း မလွတ်တမ်း မှတ်နိုင်လာယင် ပထမဆုံး "အဘိညာပါရဂူ"ဖြစ်လာပြီတဲ့၊ အဘိညာပါရဂူ မြောက်သွားယင် "အပါရ"ဒီမှာဘက်ကမ်းမှာ အမှတ်မပါပဲနဲ့ တော်သလို ရော်သလို မေ့မေ့လျော့လျော့ နေရတဲ့အနေမျိုးမှ "ပါရံဂမနာယ" အမှတ်ပါပြီး အမှတ်ကလေးနဲ့နေခြင်းအားဖြင့် တဘက်ကမ်း ဘေးကင်းတဲ့ဆီရောက်နေတာ၊ ဘာလို့လဲ၊ သတိပဋ္ဌာန် တရားတွေကို ဖြစ်စေပွားစေ ကြိမ်ဖန်များစွာ လေ့လာနေလို့ပေါ့၊ တကယ်လို့သာ သတိပဋ္ဌာန်တရားကို မလေ့လာယင် ဒီမှာဘက်ကမ်းမှာပဲ မေ့မေ့လျော့လျော့ပေါ့ပေါ့ဆဆနဲ့ ဒီအတိုင်းပဲ အချိန်တွေကုန်နေမှာ၊ ဟော-အခုစုံမြဲစွာ ရှုမှတ်နေတော့ ရှုစရာနဲ့ရှုတာ၊ ရှုစရာနဲ့ရှုတာ ထိပ်တိုက်

တွေ့ပြီး မလွတ်တမ်းမှတ်နိုင်ယင် နိုင်နိုင်နင်းနင်း ဖြစ်လာပြီ၊ ပထမဆုံး ပါရဂူ မြောက်သွားပြီ၊ အလွန်ကောင်းတယ်၊ ကဲ— ဆိုရမယ်။

ရှေးရှု အမှတ်ပြုလျက် ပေါက်ရောက်တာက အဘိညာ ပါရဂူ။

အမှတ်ကလေးတွေ တမှတ်နဲ့တမှတ် ဆက်စပ်ပြီး တမိနစ် နှစ်မိနစ် သုံးမိနစ်စသည် ဆက်စပ်ပြီး "စိတ္တဝိသုဒ္ဓိ" ဖြစ်တယ်၊ ဆက်ပြီးတော့ ရှုစရာနဲ့ရှုတာ အာရုံနဲ့အသိဆုံလာယင် ဒါလဲ "အဘိညာပါရဂူ"ပါပဲ။

ဒီကတဆင့်တက်ပြီး နိုင်နိုင်နင်းနင်းအားထုတ်လို့ အကြောင်းနဲ့အကျိုး ဆက်နွှယ်ပြီး ဖြစ်နေပုံလေးတွေ ဉာဏ်လေးတွေ ဖြစ်လာပြီ၊ အဲဒါ"အဘိညာပါရဂူ"ပါပဲ၊ ဒီတော့ စိတ်စင်ကြယ်မှုကအစ တော်တော်လေးအမှတ်နိုင်နင်းလာပြီး ရုပ်နာမ်ကြောင်းကျိုး ပိုင်းခြားပြီး သိတဲ့အပြင် ရှေးဦးစွာ သတိပဋ္ဌာန်တရားအားထုတ်တဲ့သူဟာ "အဘိညာပါရဂူ"မြောက်သွားပြီ၊နာမရူပပရိစ္ဆေဒဉာဏ်ရယ်, ပစ္စယပရိဂ္ဂဟဉာဏ်ရယ်, ဒီဉာဏ်နှစ်ဆင့်ကိုရပြီးယင် သက္ကာယဒိဋ္ဌိ ဒီမှာဘက်ကမ်းမှ ဟိုဘက်ကမ်းရောက်သွားတာပေါ့၊ အကြောင်းအကျိုး ဆက်နွှယ်ပြီး သိသွားယင် မဝေခွဲနိုင်တဲ့ ဝိစိကိစ္ဆာဆိုတဲ့ ဒီဘက်ကမ်းမှာနေရမှာကိုး၊ ယုံမှားသံသယနဲ့နေရမှာ၊ ကြောင်းကျိုးဆက်နွှယ်ပြီး သိနေယင် ဟိုမှာဘက်ကမ်း ရောက်သွားပြီ၊ ဝိစိကိစ္ဆာမှ လွတ်သွားပြီပေါ့။

(ဒုတိယအကြိမ်)

[ဒိဋ္ဌိမှ လွတ်ပုံလေးတွေ ဝိစိကိစ္ဆာမှ လွတ်ပုံလေးတွေကို ရှင်းလင်းပြီးပြရယင် အင်မတန်ကောင်းမှာပဲ၊ဒီတရားက နှစ်ရက် လောက်ဟောမှကောင်းမှာ၊ ဒါပေမယ့် ဒီမှာ လိုရင်းအကျဉ်း ချုံးပြီးဟောရမှာပဲ]

နောက် အဲဒီကနေ တဆင့်တက်ပြီးတော့ "အဘိညာပါရဂူ" ဘွဲ့ရရာကစနေပြီးတော့ ဒုတိယပါရဂူဘွဲ့ကိုရဦးမယ်၊ဘာလဲဆိုတော့ "ပရိညာပါရဂူ"တဲ့။

"ပရိညာ"ဆိုတာက ဒုက္ခသစ္စာထိုက်တဲ့တရားတွေကိုပိုင်းခြား သိမှုပေါ့၊ အဲဒါတွေကတော့ ဒွါရခြောက်ပါးမှာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားတွေပါပဲ။

(ဖြစ်ပျက်သမျှ - သင်္ခါရ - ဒုက္ခသစ္စာတည်း)ဆိုတဲ့ အတိုင်း ဖြစ်ပျက်သမျှ ဒုက္ခသစ္စာထိုက်တဲ့ တရားတွေကို သူ့သဘောနဲ့သူ ရှုတိုင်းရှုတိုင်းမှာ ပေါ်ပြီး ပျောက်သွားပုံလေးတွေ ပေါ်လိုက် ပျောက်လိုက်နဲ့ အားကိုးစရာမဟုတ် ကိုယ့်အလိုအတိုင်း မဖြစ်ပဲ သူ့သဘောအတိုင်း ဖြစ်ပုံလေးတွေ၊ မမြဲပုံ ဆင်းရဲပုံလေးတွေကို မြင်လာတယ်၊ ရုပ်နာမ်ကြောင်းကျိုးဆက်ပြီး "အဘိညာပါရဂူ" မြောက် သိပြီးတဲ့နောက်ပိုင်းမှာ ဆက်လက်ပြီး ပေါ်ရာပေါ်ရာ လေးတွေကို ပေါ်ဆဲလိုက်ပြီးရှုတဲ့အခါ ရှုမိတဲ့ အာရုံလေးတွေ အစရော အလယ်ရော အဆုံးရော သုံးပိုင်းစလုံး ထင်လာတာ၊ သုံးပိုင်းစလုံးလင်ပြီး မမြဲတာတွေ ထင်ရှားလာတယ်၊ မြင်ပြီး ပျောက်သွားပုံ၊ ကြားပြီး ပျောက်သွားပုံ၊ နံပြီးပျောက်သွားပုံ၊

စားပြီး ပျောက်သွားပုံ၊ ထိပြီး ပျောက်သွားပုံ၊ သိပြီး ပျောက်သွားပုံ၊အထူးသဖြင့် ဖောင်းမှုပိန်မှုလေးတွေကိုစိုက်ပြီးမှတ်နေတဲ့အခါ ဖောင်းစရော့, ဖောင်းလယ်ရော့, ဖောင်းဆုံးရော့, သုံးပိုင်းစလုံး ထင်လာတယ်၊ နောက်ဆုံးအပိုင်းလေးတွေ ထင်လာယင် အာရုံဖြစ်တဲ့ ဖောင်းမှု-ပိန်မှုဟာ တောင့်တင်းလှုပ်ရှားတဲ့သဘောဟာ မမြဲပဲကိုးလို့ သိလာတယ်၊မမြဲတာကိုသိယင် ဆင်းရဲတာကိုလဲ သိသွားတာပဲ၊ ဒီနည်းနဲ့ပဲ ကိုယ်ထဲကပေါ်လာသမျှဟာလေးတွေ ပေါ်ဆဲလိုက်ပြီးရှုလို့ သဘောမှန်နဲ့အတူ ရုပ်နာမ်သဘာဝနဲ့အတူ မမြဲပုံ ဆင်းရဲပုံ သူ့သဘောအတိုင်း ဖြစ်ပုံလေးတွေကို ပိုင်းပိုင်းခြားခြား သိလာတယ်၊အဲဒါ"ပရိညာပါရဂူ"တဲ့၊ ဝိပဿနာဉာဏ်စဖြစ်လာယင် "တီရဏပရိညာ"မြောက်ပေါ့လေ၊ ရိပ်ကနဲပေါ်ရိပ်ကနဲပျောက် ခပ်သွက်သွက်ကလေး မြင်လာတယ်၊ အဲဒါလဲ "တီရဏပရိညာ"မြောက်တာပဲ၊ "တီရဏပရိညာ" မြောက်တဲ့အတိုင်း ဒါကို "ပရိညာပါရဂူ" မြောက်တယ်လို့ ခေါ်ရတယ်။

(ဒုက္ခသစ္စာထိုက်သော တရားတို့ကို မမြဲ ဆင်းရဲသဘောပဲဟု ပိုင်းခြား၍သိတာက ပရိညာ)

ဝိပဿနာတရား, သတိပဋ္ဌာန်တရား အားထုတ်တဲ့သူတွေ ဖောင်းမှု ပိန်မှုကအစ ရှုမိတဲ့အာရုံရဲ့ အစအလယ်အဆုံး သုံးပိုင်းလုံး ထင်ပြီး မမြဲတာတွေ, အားကိုးစရာ မဟုတ်တာတွေ, သူ့သဘောအတိုင်း သူဖြစ်တာတွေကို မြင်လာတာ ပိုင်းခြားပြီးတော့သိလာတာ ပရိညာ-တဲ့၊ ဝိပဿနာဉာဏ်တွေဖြစ်လာတာ၊ နိုင်နိုင်နင်းနင်းဖြစ်လာတာ၊ ဝိပဿနာ ပထမဆုံးဖြစ်လာတယ်၊

(ဒုတိယအကြိမ်)

နောက် ရိပ်ကနဲပေါ် ရိပ်ကနဲပျောက် ခပ်သွက်သွက်ကလေး မြင်လာယင်နိုင်နင်းလာပြီပေါ့၊နိုင်နင်းယင်ပါရဂူမြောက်တာပဲ။

ပိုင်းခြားသိလျက် ပေါက်ရောက်တာက ပရိညာပါရဂူတဲ့။

ဝိပဿနာဉာဏ်စဖြစ်ပြီး တော်တော်လေး ရင့်ကျက်တဲ့အပိုင်း ရောက်လာယင် "ပရိညာပါရဂူ" မြောက်တာပဲ၊ "အဘိညာ ပါရဂူ"က ပထမဘွဲ့၊ "ပရိညာပါရဂူ"က ဒုတိယဘွဲ့ပေါ့။

ပိုင်းခြားသိလျက် ပေါက်ရောက်တာက ပရိညာပါရဂူ-တဲ့။

သတိပဋ္ဌာန်လေးပါးကို ချက်ကျ လက်ကျ ရှုလို့ ရှုမိတဲ့အာရုံ ရော သူတို့ရဲ့ ပေါ်ပြီး ပျောက်သွားပုံ အားကိုးစရာ မဟုတ်၊ သူ့သဘောအတိုင်း သူဖြစ်ပုံလေးတွေကိုသိယင် ပိုင်နိုင်စွာ ရှုမိတဲ့ အာရုံပေါ်မှာ မြဲတယ်, ကောင်းတယ်, ချမ်းသာတယ် ဘာမဆို ကိုယ့်အလိုအတိုင်းဖြစ်တယ်လို့ နိစ္စ-သုခ-အတ္တအစွဲအလမ်းတွေနဲ့ ဒီဘက်ကမ်းမှာမနေရတော့ဘူး၊ မမြဲပုံ, ဆင်းရဲပုံ, သူ့သဘော အတိုင်း သူဖြစ်ပုံလေးတွေကို အမှန်အတိုင်းသိပြီး ကိလေသာက လွတ်သွားတယ်၊ဟိုဘက်ကမ်းရောက်သွားတာ၊မမြဲတာကို မသိ ယင် မြဲတယ်လို့ထင်နေမှာ၊ ငယ်ရုပ်ကနေ ကြီးရုပ်ဖြစ်လာမှုကို ထင်သလိုပေါ့၊ သူ့သဘောအတိုင်း သူဖြစ်ပုံလေးတွေကို မတွေ့ ယင် ဘယ်ဟာမျိုးမဆို ကိုယ့်အလိုအတိုင်း ဖြစ်တာပဲဆိုတာ ပကတိအတိုင်းမပြုပြင်ပဲနဲ့ ဒီဘက်ကမ်းမှာနေရတာ၊ အခုတော့ ရုပ်နာမ်သဘာဝနဲ့အဘူ "မမြဲ-ဆင်းရဲ-သဘောပဲ"ဆိုတဲ့ဝိပဿနာ ဉာဏ်တွေဖြစ်လို့ ဟိုဘက်ကမ်း ရောက်သွားတာ၊ နိစ္စ-သုခ-အတ္တ

အစွဲအလမ်းရှိတဲ့ဒီမှာဘက်ကမ်းကိလေသာနယ်မြေကကိလေသာကင်းတဲ့ ဟိုဘက်နယ်မြေကို "ပရိညာပါရဂူ" မြောက်ရောက်သွားတာ၊ အင်မတန်ထူးခြားတာ။

[ဉာဏ်လေးတွေကို ရှင်းပြီးပြရယင် အင်မတန် ကောင်းပါတယ်၊ ဒါပေမယ့် ဘုန်းကြီးက တို့ကနန်း ဆိတ်ကနန်းလောက် ပြောရမှာပဲ၊ အသေးစိတ်တွေကို မပြောနိုင်ဘူး။]

ဒီတော့ ပိုင်ပိုင်နိုင်နိုင် ရှုမိတဲ့ အာရုံပေါ်မှာ မမြဲဆင်းရဲ သဘောပဲလို့ သိသွားယင် အဲဒီလို အမှန်အတိုင်း သိရတဲ့ အာရုံပေါ်မှာ သာယာမှုကအစ ကိလေသာမဖြစ်နိုင်ဘူး၊ "ပဟာနပါရဂူ" ဆိုတာလဲ အလိုလိုမြောက်သွားတယ်၊ "ပဟာနပါရဂူ" မှာ "ပဟာန" ဆိုတာက အမှန်အတိုင်းရှု၍ သိရတော့ မှတ်သိရသော အာရုံတို့၌ ရုပ်နာမ်တို့အပေါ်၌ သာယာမှု မဖြစ်နိုင်တာ-တဲ့၊ လိုရင်းကတော့ သာယာမှုပါပဲ၊ သာယာမှု အရင်းခံပြီး ကိလေသာတွေ အကုန်လုံးပါသွားတယ်၊ ဒါကို "ပဟာန" လို့ ခေါ်တယ်၊ ဖောင်းတာလေးတွေ မှတ်လိုက်၊ ပေါ်လာပြီး ပျောက်သွားတာကိုသိ၊ ပိန်တာလေးကိုမှတ်လိုက်၊ ပေါ်လာပြီး ပျောက်သွားတာကို သိတာ, မြင်တာ, ကြားတာ, နံတာ, စားတာ, ထိတာ, သိတာ-အကုန်လုံးပေါ်တိုင်း အာရုံလေးတွေ "အဘိညာပါရဂူ" မြောက်မှတ်လို့ ပေါ်ပြီးတော့ ပျောက်သွား၊ "ပရိညာပါရဂူ" လဲ မြောက်ယင် အဲဒီလို အမှန်အတိုင်း ရှုလို့ ပိုင်နိုင်စွာသိရတဲ့ အရှုခံအာရုံတွေအပေါ်မှာ မြဲတယ် ကောင်း စားချမ်းသာတယ်၊ ဘာမဆို ကိုယ့်အလိုအတိုင်း ဖြစ်တာပဲလို့

ထင်မှတ်ပြီး သာယာမှု စွဲလမ်းမှုတွေ မဖြစ်တော့ဘူး၊ သာယာမှု ကအစ ကိလေသာတွေကင်းသွားတယ်၊ အဲဒါကို "ပဟာန" လို့ ခေါ်တယ်၊ ရှုတိုင်းရှုတိုင်း မမြဲဆင်းရဲသဘောပဲလို့ သိတိုင်း သိတိုင်း အဲဒီလို ပိုင်နိုင်စွာသိရတဲ့ ရုပ်နာမ်တရားတွေအပေါ်မှာ ကာယဝေဒနာ စိတ္တဓမ္မခေါ်တဲ့ အာရုံလေးချက် ပေါ်မှာ သာယာမှု မဖြစ်နိုင်တာကို "ပဟာန" လို့ ခေါ်တယ်၊ ကဲ– ဆိုရမယ်–

အမှန်အတိုင်း ရှု၍သိရသော ရုပ်နာမ်တရားတို့အပေါ်၌ သာယာမှု မဖြစ်နိုင်တာက ပဟာန။

လိုရင်းကတော့ "ပဟာန" ဆိုတာ သာယာမှုမဖြစ်နိုင်တာ၊ ဘယ်ပေါ်မှာမဖြစ်နိုင်တာတုန်း၊ ရုပ်နာမ်တို့အပေါ်မှာသာယာမှု မဖြစ်နိုင်တာ-တဲ့၊ အဲဒီ ရုပ်နာမ်က ဘာရုပ်နာမ်တုန်း၊ သိရသော ရုပ်နာမ်တို့အပေါ်၌-တဲ့၊ သိရသောရုပ်နာမ်ဆိုတာက-"ရုပ်နာမ်-ရုပ်နာမ်" လို့ တွေးယူရတဲ့ ရုပ်နာမ်မယူတဲ့ဘူး၊ ပေါ်တိုင်း ပေါ်တိုင်း အမှန်အတိုင်း လိုက်ပြီးရှုလို့ မြင်ယင် မြင်တယ်၊ ကြားယင် ကြားတယ်၊ နံယင် နံတယ်၊ စားယင် စားတယ်၊ ထိယင် ထိတယ်၊ သိယင် သိတယ်ပေါ့၊ ကိုယ်အမှုအရာတွေပေါ်ယင် သူပေါ်တဲ့ အတိုင်း အမှန်အတိုင်းရှုပြီး အမှန်အတိုင်းသိရတဲ့ ရုပ်နာမ်တွေနဲ့ သူ့သဘောနဲ့အပူ မမြဲဆင်းရဲ သဘောပဲလို့ အမှန်အတိုင်း သိရတဲ့ ရုပ်နာမ်တွေအပေါ်မှာ သာယာမှုမဖြစ်နိုင်ဘူး၊ "အမှန် အတိုင်းရှု" ဆိုတာလေးကို ထည့်ကိုထည့်ရမှာပဲ၊ အမှန်အတိုင်း ရှုရမယ်၊ အမှန်အတိုင်းရှုပြီး သိရတဲ့ ရုပ်နာမ်တွေ အပေါ်မှာ

သာယာမှု အလျဉ်းမရှိတော့ဘူး၊ အဲဒါ "ပဟာန" ပဲ၊ သာယာမှု ကင်းလျက် တဘက်ကမ်းရောက်တဲ့အခါ အမှတ်တွေ ကောင်း လာယင် ယောဂီတွေဟာ အင်မတန် ထူးခြားတာပဲ၊ ရင့်တဲ့ ဥဒယဗ္ဗယဉာဏ်ပိုင်းလောက်များရောက်ယင် အကုန်လုံး ချက်ကျ လက်ကျ မှတ်နိုင်နေတော့ ရှုမိတဲ့အာရုံကစပြီး သာယာမှု မဖြစ် တော့ပါဘူး။

အထူးသဖြင့် လက်ခြေခေါင်းပုံသဏ္ဌာန်တွေကင်းပြီး ရိပ်ကနဲ ပေါ် ရိပ်ကနဲပျောက် ခပ်သွက်သွက်ကလေး တရိပ်ရိပ်နဲ့ ကုန် ဆုံး ပျောက်ပျက်နေတဲ့ ဘင်္ဂဉာဏ်ပိုင်းလောက်များ ရောက်ယင် ရှုစရာ အာရုံပေါ်မှာ သာယာမှု တကယ့်ကိုမဖြစ်ဘူး၊ ရှုစိတ် ကလေးပေါ်မှာလဲ သာယာမှု မဖြစ်ဘူး၊ ရှုစရာ အာရုံလေးမှာ ရော ရှုသိတဲ့စိတ်ကလေးမှာရော တွဲရက်တွဲရက် ကုန်ဆုံး ပျောက် ပျက်ပုံလေးတွေကို တွေ့လာယင် အလျှင်းကို သာယာမှု မပေါ် တော့ဘူး၊ အဲဒီတော့မှ "ပဟာန" ဆိုတာ အင်မတန် ထင်ရှား တယ်၊ ရှုစရာအာရုံနဲ့ ရှုသိတဲ့ စိတ်ကလေးပေါ်မှာ အနိစ္စာ နုပဿနာ ခေါင်ထိပ်ရောက်သွားယင် မြဲတယ်လို့ ထင်မှတ်ပြီး သာယာစွဲလမ်းတာတွေ ကောင်းစားချမ်းသာတယ်လို့ ထင်မှတ် ပြီး သာယာစွဲလမ်းတာတွေ ဘာမှမရှိတော့ဘူး၊ တခါတည်း သာယာမှုတွေကင်းတာ "ပဟာန" ပါပဲ၊ အင်မတန်ရှင်းတယ်၊ ကဲ—ဆိုရမယ်။

သာယာမှုကင်းလျက် ပေါက်ရောက်တာက "ပဟာန ပါရဂူ"

(ဒုတိယအကြိမ်)

"အဘိညာပါရဂူ"မြောက်ယင် ဆက်သာအားထုတ်၊ "ပရိညာပါရဂူ"လဲ မြောက်လာတာပဲ၊ ဝိပဿနာညာဏ်တွေ ဖြစ်လာတယ်၊ နုသေး ဥဒယဗ္ဗယညာဏ် ဖြစ်လာမယ်၊ဆက်အားထုတ်လို့ ရင့်တဲ့ "ဥဒယဗ္ဗယညာဏ်"ဖြစ်လာယင် မလွတ်တမ်း မှတ်နိုင်လာတယ်၊ ပိုင်နိုင်စွာ ရှုမိတဲ့ အာရုံနဲ့စပ်ပြီး အစွဲအလမ်းတွေ ဘာမှ မရှိတော့ဘူး၊ သာယာမှုကအစ အကုန်လုံး ကင်းနေဘာ၊ အဲဒါ"ပဟာန"ဖြစ်နေတာပဲ၊ အဘူးသဖြင့် ရှုစရာအာရုံနဲ့ ရှုသိတဲ့စိတ် တွဲရက်တွဲရက် ကုန်ဆုံးပျောက်ပျက်ပုံလေးတွေ အင်မတန်ရှင်းတာပဲ၊ အဲဒါကို တွေ့ယင်လဲ "ပဟာန"ပဲ၊ သင်္ခါရုပေက္ခာညာဏ်ပိုင်းလောက်များ ရောက်သွားယင် သိမ်သိမ်မွေ့မွေ့လေး ရှုကောင်းနေတာပဲ၊ ဒီအခါ ကြောက်တာ လန့်တာ သာယာတာ ဘာမှ မရှိတော့ဘူး၊ သိမ်သိမ်မွေ့မွေ့လေး ရှုကောင်းနေတာပဲ၊ ရှုစရာနဲ့ ရှုတာနဲ့ တွဲတွဲသွားနေတာ အင်မတန်ရှင်းတယ်၊ အဲဒီအခါ တမင်္ဂလာ လောဘနိုးကြည့်တာတောင် မနိုးတော့ဘူး၊ အင်မတန်ရှင်းတာ၊ ဘာနဲ့တူသလဲဆိုတော့ ကြက်တောင်လေးကို မီးရှို့ယင် တွန့်နေသလိုပေါ့၊ ပိုးကြိုးလေးကို မီးရှို့ယင် တွန့်နေသလိုပေါ့၊ စိတ်ကလေးဟာ ကောင်းတဲ့အာရုံဆီက တွန့်တွန့်နေတယ်၊ မကောင်းတဲ့အာရုံဆီကလဲ တွန့်နေတယ်၊ မကောင်းတဲ့အာရုံဆီ စိတ်မသွားတော့ဘူး၊ ရှုရာရှုရာ အာရုံလေးပေါ်မှာ စိတ်ကလေးက တွန့်ဆုတ်ခိုကပ်နေတာပေါ့၊ တမင်္ဂလာ လောဘဓါသတွေ နိုးအောင် နှိုးနေပေမယ့် မပြန့်ပဲနဲ့ ရှုရာရှုရာ အာရုံလေးပေါ်မှာပဲ အံ့သြဖွယ် ကောင်းလောက်အောင်ကို ပြန့်ပြန့်ကပ်နေတာ၊ သိပ်ရှင်းတာပဲ၊ အဲဒီအခါ "ပဟာနပါရဂူ"ဆိုမှ

(ဒုတိယအကြိမ်)

တကာယ် "ပဟာနပါရဂူ"ပဲ၊ သာယာမှုကင်းပြီး ပေါက်ရောက်နေတယ်၊ သိပ်ရှင်းတယ်၊ သတိပဋ္ဌာန်တရား အားထုတ်ယင် "ပဟာနပါရဂူ" မြောက်တယ်၊ သိပ်ကောင်းတာ၊ သိပ်နေရာကျတာ။

နောက်"ဘာဝနာပါရဂူ"တဲ့၊ "ဘာဝနာပါရဂူ"မှာ ပွားသင့်တဲ့ တရားတွေကို ပွားနေတာကို"ဘာဝနာ"လို့ ခေါ်တယ်၊ ပွားသင့်တဲ့ တရားတွေက မဂ္ဂင်ရှစ်ပါး အကျင့်တရားတွေပါပဲ။

| | | |
|---|---|---|
| သမ္မာဒိဋ္ဌိ | = | မှန်စွာမြင်ခြင်း၊ |
| သမ္မာသင်္ကပ္ပ | = | မှန်စွာချိန်မှန်းခြင်း၊ |
| သမ္မာဝါစာ | = | မှန်စွာပြောခြင်း၊ |
| သမ္မာကမ္မန္တ | = | မှန်စွာလုပ်ခြင်း၊ |
| သမ္မာအာဇီဝ | = | မှန်စွာ"ပစ္စည်း"ရှာဖွေခြင်း၊ |
| သမ္မာဝါယာမ | = | မှန်စွာအားထုတ်ခြင်း၊ |
| သမ္မာသတိ | = | မှန်စွာအမှတ်ရခြင်း၊ |
| သမ္မာသမာဓိ | = | မှန်စွာစူးစိုက်တည်ကြည်ခြင်း— |

လို့ ဒီရှစ်ပါးပါပဲ၊သတိပဋ္ဌာန်တရား အားထုတ်တဲ့အခါ ဒါတွေ အကုန်ပါနေတာပဲ။

ဆိုကြပါစို့—ဝမ်းဗိုက် စိတ်စိုက်ထားပြီး ဖောင်းမှု ပိန်မှုလေးတွေကအစ ပေါ်သမျှ အာရုံလေးတွေကို သေသေချာချာ စူးစိုက်ပြီး မှတ်နေတဲ့အခါ အဲဒီအာရုံတွေ ပေါ်တိုင်း ပေါ်တိုင်း မှတ်နိုင်ဖို့ မပြတ်မလပ် ကြောင့်ကြစိုက်ပေးနေတဲ့ သဘောလေး

ပါတယ်၊ ဒါ "သမ္မာဝါယာမ" မဂ္ဂင်ပဲ၊ ကြောင့်ကြ စိုက်ပေး သလောက် ပေါ်လာတဲ့ အာရုံပေါ်မှာ မလွတ်တမ်း မှတ်မိတဲ့ သဘောလေးစွဲပြီး ကျပြီးသွားတဲ့ သဘောလေးရှိတယ်၊ ဒါ "သမ္မာသတိ" မဂ္ဂင်ပဲ၊ ရေထဲမှာ ကျောက်ခဲလေးကို ပစ်ချ လိုက်ယင် စုပ်ကနဲ မြုပ်သွားသလို အာရုံထဲ မြုပ်ဝင်သွားတဲ့ သဘောလေးလို့ ဆိုလိုတယ်၊ ကိုယ်မြုပ်လိုရာ ကိုယ်ထားလိုရာ အာရုံပေါ်မှာ စိတ်က စွဲမြဲကျသွားတော့ တခြား မတော်တဲ့ အာရုံဆီ မသွားတော့ဘူး၊ မလွင့်တော့ဘူး၊ အဲဒီ မလွင့်တာဟာ "သမ္မာသမာဓိ" မဂ္ဂင်ပဲ၊ ကြောင့်ကြ စိုက်ပေးတာက "သမ္မာ ဝါယာမ" မဂ္ဂင်၊ အမှတ်ရတာက "သမ္မာသတိ" မဂ္ဂင်၊ ရှုစရာအာရုံပေါ်မှာ စိတ်ကလေး စိုက်ကျသွားတာက "သမ္မာ သမာဓိ" မဂ္ဂင်ပဲ၊ တချက်မှတ် တချက်မဂ္ဂင်တွေ ဖြစ်နေတာပဲ၊ ပွားသင့်တဲ့ တရားတွေပဲ၊ သဘောမှန်လေးတွေ သိသွားယင် "သမ္မာဒိဋ္ဌိ" မဂ္ဂင်ဖြစ်တာပဲ၊ ဖောင်းတာခေါ်တဲ့ တောင့် သဘော တင်းသဘော လှုပ်သဘောပေါ်ပြီး ပျောက်သွားတာ သိဘာလေးတွေ၊ ပိန်တာလေးကိုမှတ်ယင် လျော့ပြီး ငြိမ်ပြီး ကျသွားတဲ့ သဘောလေး၊ တခြား တခြား ဒိပြင်အာရုံလေး တွေပေါ်ခိုက် လိုက်ပြီး ကြောင့်ကြစိုက်ပြီး ရှုတိုင်း ရှုမိတဲ့ အာရုံ လေးပေါ်မှာ စိတ်ကလေးစိုက်ကျပြီး သဘောမှန်လေးတွေကို သိတာ၊ သူတို့ရဲ့ မပြဲ ဆင်းရဲ သဘောပဲဆိုတာကို သိနေတာဟာ "သမ္မာဒိဋ္ဌိ" မဂ္ဂင်ပဲ။

ပေါ်ပိုင်း အာရုံလေးတွေကို ရှုမှတ်စိတ်နဲ့ တည့်အောင်လို့ အမြဲတမ်း ချိန်မှန်းပေးနေတာ "သမ္မာသင်္ကပ္ပ" မဂ္ဂင်ပဲ၊ ဒိုးများ

ဂေါလီများပစ်တဲ့အခါ အခံ(ပစ်မှတ်)ဂေါလီကိုထိအောင်လို့ ချိန်ပေးတဲ့သဘောလေး၊ အလောတော်မှန်းပေးတဲ့သဘောလေး ပါနေသလို အာရုံကို ချိန်မှန်းပေးတဲ့သဘောလေးဟာ "သမ္မာသင်္ကပ္ပ" မဂ္ဂင်ပဲ၊ ဖောင်းတာလေးမှတ်လဲ ဖောင်းတာလေးနဲ့ မှတ်တာလေးနဲ့ တည့်အောင် မှတ်တဲ့စိတ်ကလေး ဒီပေါ်မှာ ရောက်သွားအောင်၊ ပိန်တာလေးမှတ်လဲ ပိန်တဲ့အပေါ်မှာ စိတ်ကလေး ရောက်သွားအောင် ဒီအပေါ်မှာ ကျသွားအောင် ချိန်မှန်းပေးတဲ့သဘောလေးပေါ့၊ အဲဒီအလောတော်ချိန်မှန်းပေးတဲ့ သဘောလေးကို "သမ္မာသင်္ကပ္ပ" မဂ္ဂင်လို့ ခေါ်တယ်၊ သမာဒိဋ္ဌိ သမ္မာသင်္ကပ္ပ—ပညာက္ခန္ဓာခေါ်တဲ့ ပညာသိက္ခာတွေ ဖြစ်နေတာ အင်မတန်ရှင်းတယ်၊ ပညာမဂ္ဂင်တွေ ဖြစ်နေတယ်၊ လူများမှာ အနည်းဆုံး ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ရဟန်းမှာလည်း ရဟန်းသီလတွေပေါ့၊ မလုပ်ကောင်း မပြောကောင်းတဲ့ ပညတ်ချက်တွေကို လက်တွေ့ကျကျ ရှောင်ကြဉ်နေတဲ့ သမ္မာဝါစာ–သမ္မာကမ္မန္တ-သမ္မာအာဇီဝ-လို့ ခေါ်တဲ့ သီလဆိုင်ရာမဂ္ဂင်တွေက ပြီးစီးနှင့်ပြီးဖြစ်နေတယ်၊ သီလမဂ္ဂင်ရော သမာဓိမဂ္ဂင်ရော ပညာမဂ္ဂင်ရော ဒါတွေ ပွားရမယ့်တရားတွေကို ပွားစေတာ၊ ပွားနေတာကို "ဘာဝနာ"လို့ ခေါ်တယ်။

ဘယ်သူ့ သန္တာန်မှာပွားရမှာလဲ၊ မိမိသန္တာန်မှာ ပွားရမှာပဲ ဖြစ်စေရမှာပဲ၊ အားထုတ်တဲ့ ယောဂီရဲ့သန္တာန်မှာ ပွားနေတာ ဖြစ်စေရတာ၊ ဘုန်းကြီးတို့ယောဂီတွေ ကိုယ်ထဲစိတ်စိုက်ပြီးတော့ ပေါ်ရာလေးတွေ ပေါ်ဆဲ လိုက်ပြီးရှုလို့ ပီပီသသ သိသွားတိုင်း

သိသွားတိုင်း သီလမဂ္ဂင်ရော သမာဓိမဂ္ဂင်ရော ပညာမဂ္ဂင်ရော မဂ္ဂင်ရှစ်ပါး အကျင့်တရားတွေ မိမိသန္တာန်မှာ ဖြစ်နေတာ ပွား နေတာ၊ အဲဒါကို "ဘာဝနာ" လို့ ခေါ်တယ်၊ ဘာဝနာတွေ ပွားနေတဲ့ အခိုက်အတန့်မှာ ကိလေသာအကြမ်းစားလဲ မရှိ တော့ဘူး၊ ကိလေသာ အလတ်စားလဲ မရှိတော့ဘူး၊ ကိလေသာ အနုစားလဲ မရှိတော့ဘူး၊ စိတ်နေစိတ်ထားတွေက ကိလေသာမှ လွတ်ပြီး မြင့်မြတ်အထက်တန်းကျနေတာ။

စိတ်နေစိတ်ထား၊ ကြီးမြင့်မားအောင်၊ ဖြစ်ပွားစေတတ်၊ တရားမြတ် မှတ်လေဘာဝနာ။

ဆိုတဲ့အတိုင်း စိတ်တွေက ကြီးနေတာ၊ မြင့်မြတ်နေတာ၊ အထက်တန်းကျနေတာ၊ မြင့်မြတ်ရောပေါ့၊ စိတ်အောက်တန်း ခနောက်တန်းကျအောင်လို့ ဆွဲထားတဲ့ လောဘ-ဒေါသ-မောဟ စတဲ့ အကြမ်းစား၊ အလတ်စား၊ အနုစား၊ ကိလေသာတွေမှ လွတ် နေတာကိုး၊ ဒီထက် အထက်တန်းကျတာ ဘာရှိသေးသလဲ၊ အဲဒီ အထက်တန်းစား စိတ်နေစိတ်ထားတွေ ပွားနေတာကို "ဘာဝနာ" လို့ ခေါ်တယ်၊ မဂ္ဂင်ရှစ်ပါး အကျင့်တရားပေါ့၊ သတိပဋ္ဌာန် တရားတွေ ဝိပဿနာ ဉာဏ်တွေ ပြည့်စုံသွားယင် ဖြစ်ပေါ်လာမယ့် အရိယာမဂ္ဂင်ရဲ့ရှေ့ပြေး "ပုဗ္ဗဘာဂ" မဂ္ဂင်ပေါ့၊ "လောကီမဂ္ဂင်" လို့လဲ ခေါ်ပါတယ်၊ အဲဒီမဂ္ဂင်ရှစ်ပါး အကျင့် တရားကို မိမိသန္တာန်မှာ ဖြစ်စေတာကို "ဘာဝနာ" လို့ ခေါ် တယ်၊ ကဲ-ဆိုရမယ်း

(ဒုတိယအကြိမ်)

မဂ္ဂင်ရှစ်ပါး အကျင့်တရားတို့ကို မိမိသန္တာန်၌ ဖြစ်ပွား စေတာကာ ဘာဝနာ။

အရိယာမဂ်ရဲ့ ရှေ့ပြေး"ပုဗ္ဗဘာဂ"မဂ်တွေ တချက်မှတ်ယင် တချက်ပွားပြီးသား ဖြစ်နေတယ်၊ နှစ်ချက်မှတ်ယင် နှစ်ချက် ပွားပြီးသား ဖြစ်နေတယ်၊ ဆက်ကာဆက်ကာမှတ်ယင် ဆက် ကာဆက်ကာ ပွားပြီးသား ဖြစ်နေတယ်၊ သတိပဋ္ဌာန်လေးပါး ပွားယင် မဂ္ဂင်ရှစ်ပါး အကျင့်တရားလဲ ပွားပြီးသား ဖြစ်သွား တာပဲ၊ ပြည့်စုံပြီးသား ဖြစ်သွားတယ်လို့ မြတ်စွာဘုရားက ဒီသတိပဋ္ဌာန သံယုတ်မှာပဲ ဟောတော်မူပါတယ်၊ သတိပဋ္ဌာန် တရားတွေ ပွားနေတာပေါ့၊ ကိုယ်အမူအရာတွေ ပေါ်တိုင်း ကာယာနုပဿနာ သတိပဋ္ဌာန်တွေ ပွားနေတာ၊ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာ နုပဿနာ သတိပဋ္ဌာန်ပေါ့၊ သတိပဋ္ဌာန် ပွားတိုင်းပွားတိုင်း သီလမဂ္ဂင်-သမာဓိမဂ္ဂင်-ပညာမဂ္ဂင်တွေ ဖြစ်နေတာ၊ သီလမဂ္ဂင်နဲ့ ဝီတိက္ကမကိလေသာတွေ ကင်းသွားတာ၊ တကယ်လို့ သီလမဂ္ဂင် မပွားယင် ဝီတိက္ကမ ကိလေသာတွေနဲ့ ဒီဘက်ကမ်းမှာ နေရ မှာပေါ့၊ ဒုစရိုက်ကံကြီးတွေနဲ့ ဒီဘက်ကမ်းမှာပဲ နေရမှာပေါ့။

သမာဓိမဂ္ဂင်မပွားယင်ဟိုဟာကြံစည် ဒီဟာကြံစည်နဲ့လောဘ- ဒေါသ-အကြံအစည်တွေ ဖြစ်နေတာ၊ မရိယုဋ္ဌာန ကိလေသာ တွေနဲ့ ဒီဘက်မှာနေရတာ၊ ဉာဏ်မဖြစ်ယင် ပိုင်နိုင်စွာ မရှုမိတဲ့ အာရုံပေါ်မှာ ကိလေသာမျိုးမပြုတ်တော့ ကိလေသာ ဒီမှာ ခေါင်းထောင်ထတယ်၊ အနုသယကိလေသာတွေ ကိန်းနိုင်တယ်၊ (ဒုတိယအကြိမ်)

ညက်တွေဖြစ်သွားတော့ တပွဲတိုး တပွဲတိုး“အာရမ္မဏာနုသယ” ကိလေသာတွေ ငြိမ်းသွားတယ်၊ အမှန်အတိုင်းသိရတဲ့ ရုပ်နာမ်တွေအပေါ်မှာ ဝိပဿနာဉာဏ်ဖြင့် အမှန်အတိုင်း မသိယင် အကြောင်းအားလျော်စွာ ဖြစ်ခွင့်ရှိနေတဲ့“အာရမ္မဏာနုသယ” ကိလေသာတွေ ဖြစ်နိုင်တယ်၊ ပိုင်နိုင်စွာသိတော့ “အာရမ္မဏာနုသယ”ကိလေသာတွေ မျိုးပါပြုတ်သွားတယ်၊ မျိုးပါပြုတ်သွားတော့ အနုသယကိလေသာမျိုးဓာတ်နဲ့ ဤဘက်ကမ်းမှာ မနေရတော့ဘူး၊ သီလမဂ္ဂင် - သမာဓိမဂ္ဂင်-ပညာမဂ္ဂင်နဲ့ တခါတည်း ဟိုဘက်ကမ်းရောက်နေတာ၊ ကိလေသာ အကြမ်းစား အလတ်စား အနုစားတွေနဲ့ ဒီဘက်ကမ်းမှာနေရတာက ကိလေသာကင်းတဲ့ ဟိုဘက်ကမ်း တခါတည်းရောက်နေတာ၊အဲဒါကို “ပါရဂူ”လို့ ခေါ်တယ်၊ ပေါက်ရောက်နေတာ တချက်မှတ် တချက်ရောက်၊ နှစ်ချက်မှတ် နှစ်ချက်ရောက်၊ ဆယ်ချက်မှတ် ဆယ်ချက်ရောက်၊ တနာရီမှတ်ယင် တနာရီ ရောက်နေတာပဲ၊ ကိလေသာတွေက ကင်းနေတာပဲ၊ ပေါက်ရောက်နေတာပဲ၊ အဲဒါကို “ပါရဂူ”လို့ခေါ်တယ်၊ “ဖြစ်ပွားစေလျက် ပေါက်ရောက်တာက ဘာဝနာပါရဂူ”၊ ကဲ ဆိုရမယ်။

ဖြစ်ပွားစေလျက် ပေါက်ရောက်တာက ဘာဝနာပါရဂူ။

ရှုမှတ်နေတဲ့ အခိုက်အတန့်မှာ လောကီမဂ်တွေ ပွားနေတော့ တပွဲတိုး တပွဲတိုး အချိန်ပိုင်း အချိန်ပိုင်းလေး ပေါက်ရောက်နေတာ၊ နောက် ဝိပဿနာဉာဏ်တွေ ရင့်ကျက် ပြည့်စုံယင် ချက်ကနဲဆို အငြိမ်းဓာတ်နိဗ္ဗာန်ကို တွေ့သွားတော့ “အရိယ”

မဂ်ပေါ်လာမယ်၊ ဤမှာဘက် အပါယ်နဲ့စပ်တဲ့ ကိလေသာတွေ မကောင်းယင် အပါယ်လားကြောင်း ဒုစရိုက်တရားတွေ ရှိမယ်၊ ဒုစရိုက်တရားတွေရှိယင် အပါယ်သွားရမှာပေါ့၊ အပါယဝိပါက ဝဋ်တွေဖြစ်မှာပဲ၊ ဒီမှာဘက်ကမ်းမှာ နေရမယ်၊ ဝိပဿနာဉာဏ်တွေ ရင့်ကျက်ပြည့်စုံပြီး ျကကနဲဆို အငြိမ်းဓာတ် နိဗ္ဗာန်ကို တွေ့သွားယင် "အရိယ" မဂ်ဖြစ်မယ်၊ မဂ္ဂင်ရှစ်ပါးပေါ့၊ မိမိသန္တာန်မှာ မဂ္ဂင်ရှစ်ပါး ပွားပြီးသားဖြစ်သွားပြီး "ပါရဂူ" မြောက်သွားပြီ၊ တခါတည်းအငြိမ်းဓာတ်နိဗ္ဗာန်ကို တွေ့သွားပြီ၊ ရှုစရာအာရုံနဲ့ ရှုသိတဲ့စိတ်ကလေးရော ယူပစ်လိုက်သလိုကုန်သွားတဲ့ နိဗ္ဗာန်ကို သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ ဆိုက်သွားတယ်၊ဆိုက်သွားတဲ့ အချိန်ကစပြီးတော့ မဂ်က အပါယ်နဲ့စပ်တဲ့ ကိလေသာတွေကို ပယ်သတ်လိုက်တယ်၊ ဘာမှ မရှိတော့ဘူး၊ မဂ္ဂ-မှာ "မ"ဆိုတာ အပါယ်နဲ့စပ်တဲ့ ကိလေသာတွေကို ပယ်သတ်ပြီးတော့ "ဂ္ဂ"ဆိုတာ အငြိမ်းဓာတ်နိဗ္ဗာန်ထဲ ရောက်သွားတာတဲ့။

ဤမှာဘက်မှာနေယင် ကိလေသဝဋ်ကမ္မဝဋ်တွေနဲ့နေရတော့ အပါယ်နဲ့စပ်တဲ့ ကိလေသာတွေ မသေသေးဘူး၊အပါယ်ကောင်လဲ ဖြစ်နိုင်တယ်၊ အပါယ်လဲကျနိုင်တယ်၊ လူ့ဘဝ နတ်ဘဝ ဘဝပေါင်းများစွာလဲ ဆက်နိုင်သေးတာပဲ၊ အငြိမ်းဓာတ်နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်ယင် အပါယ်လေးဖြာ ဒီမှာဘက်ကမ်းမှာ မနေရတော့ဘူး၊ ခုနဘဝထက် အထက် လူ့ပြည်နတ်ပြည်မှာလဲ တိုးပြီးမနေရတော့ဘူး၊ဟိုဘက်ကမ်းရောက်သွားတာ၊သောတာ

ပတ္တိမဂ်ဖြစ်တဲ့အခါ တကယ့်ပါရဂူအစစ်ပေါ့၊ ဝိပဿနာကတော့ တပွဲတိုးပါရဂူပေါ့၊ အချိန်ပိုင်း ပါရဂူပေါ့၊ သောတာပတ္တိမဂ် ကတော့ မြစ်ချင်းပြီး ပါရဂူမြောက်သွားတာ၊ အပါယ်နဲ့စပ်တဲ့ ကိလေသာတွေ ပြန်လမ်းမရှိ အပြတ်ရှင်းလိုက်တာ၊ အဲဒီ အပြတ် ရှင်းနိုင်တဲ့အခါ ပါရဂူမြောက် ကြိုးစားရမယ်၊ အပြတ်ရှင်းနိုင် အောင် တကယ့်ပါရဂူဘွဲ့ရသွားအောင် ပါရဂူ ရရေးအတွက် "ပုဗ္ဗဘာဂ" မဂ်ခေါ်တဲ့ ဝိပဿနာမဂ်တွေ ပွားယင် ပါရဂူ မြောက် ကြိုးစားနေကြတာ။

ဝိပဿနာဉာဏ်တွေ ရင့်ကျက်ပြည့်စုံသွားယင် တကယ့်ပါရဂူ ဘွဲ့ကြီးကို ပိုက်ပြီးရမှာ၊ နိုင်ငံခြားမသွားရပဲ ဒီမှာပါရဂူဘွဲ့ရမှာ၊ သိပ်ဟုတ်တာ၊ နိုင်ငံခြားသွားပြီး ဘွဲ့တွေ အထပ်ထပ်ရခဲ့ပေမယ့် တဘဝပဲ အသုံးကျတာ၊ သတိပဋ္ဌာန်တရားတွေအားထုတ်ပြီးလို့ ပါရဂူဘွဲ့တွေရယင် ရသလောက် ကိုယ့်အတွက် အသက်ရှင်ဆဲ ခဏမှာလဲ ချမ်းချမ်းမြေ့မြေ့ နေရတယ်၊ "သေသွားတော့လဲ ဘဝမျှားမျှား ဆင်းရဲစရာ မကျန်တော့ဘူး" တကယ့်ပါရဂူ မြောက် သောတာပတ္တိမဂ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက် ယင် အပါယ်ဆင်းရဲက လွတ်သွားတာ၊ ပါရဂူဘွဲ့ဘခါရထား ယင် မပျက်တော့ဘူး၊ နိုင်ငံခြားသွားပြီးယူရတဲ့ ပါရဂူဘွဲ့တွေက အသက်သေသွားယင် မပါဘူး၊ မသေခင်တောင်မှ အိုတဲ့အခါ မေ့ကုန်ပြီ၊ ရူးနှမ်းသွားတဲ့အခါ မေ့ကုန်ပြီ။

သင်္ခါရခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကို ဆိုက်ရောက်၍မျက်မှောက် ပြုတာကို "သစ္ဆိကိရိယာ" လို့ခေါ်တယ်၊ တရားအားထုတ်နေတဲ့

အခါ တပ္ပဲတိုး တပ္ပဲတိုး ကိလေသဝဋ်-ကမ္မဝဋ်-ဝိပါကဝဋ် ဆင်းရဲတွေ ငြိမ်းနေတာ၊ စောစောပိုင်းက ရှင်းပြခဲ့တဲ့အတိုင်း ကိုယ်ထဲစိတ်စိုက်ထားပြီး ပေါ်ရာလေးတွေ ပေါ်ဆဲ လိုက်ပြီး ရှုတိုင်း ရှုတိုင်း သဘောမှန်လေးတွေကို သိနေယင် အဝိဇ္ဇာ ကင်းနေပြီ၊ သာယာမှုကင်းနေပြီ၊ စွဲလမ်းမှုကင်းနေပြီ၊ အဲဒါ ချုပ်ငြိမ်းတာပေါ့၊ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်ခေါ်တဲ့ ကိလေသ ဝဋ် ကင်းသွားယင် ကမ္မဝဋ်-ဝိပါကဝဋ်တွေလဲ ကင်းတာပဲ၊ ဒီနည်းနဲ့ပဲ တချက်မှတ်ယင် တချက် ကိလေသဝဋ်-ကမ္မဝဋ်-ဝိပါကဝဋ် ဆင်းရဲသုံးမျိုးကင်းနေတာ၊ချုပ်ငြိမ်းနေတာ၊အဲဒီလို တပ္ပဲတိုး တပ္ပဲတိုး မျက်မှောက်ပြုနေတာကို "တဒင်္ဂနိရောဓ"လို့ ခေါ်တယ်၊ အချိန်ပိုင်း အချိန်ပိုင်းလေး မျက်မှောက်ပြုနေ တာပဲ။

နိဗ္ဗာန်ကို အရိယမဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြုတာက တော့ တကယ့် "သမုစ္ဆေဒနိရောဓ"ပါပဲ၊ တကယ်ငြိမ်းတဲ့နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်တာပဲ၊ "ဆင်းရဲငြိမ်းသောနိဗ္ဗာန်"ကိုဆိုက် ရောက်၍ မျက်မှောက်ပြုတာက "သစ္ဆိကိရိယာ"တဲ့၊ ပုဗ္ဗဘာဂမဂ် အခိုက်အတန့်မှာ တပ္ပဲတိုး မျက်မှောက်ပြုတယ်၊ အရိယမဂ် အခိုက်အတန့်မှာတော့ မြစ်ချင်းပြီး တခါတည်း မျက်မှောက် ပြုလိုက်တာပဲ၊ တကယ့်ကိုမျက်မှောက်ပြုလိုက်တာပဲ၊ ကဲ—ဆိုကြ ရမယ်။

ဆင်းရဲခပ်သိမ်း ငြိမ်းသောနိဗ္ဗာန်ကို ဆိုက်ရောက်၍
မျက်မှောက်ပြုတာက "သစ္ဆိကိရိယာ"
(ဒုတိယအကြိမ်)

လိုရင်းကတော့ မျက်မှောက်ပြုတာပဲ၊ ဘာကို မျက်မှောက်ပြုတာတုန်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုတာ၊ နိဗ္ဗာန်မှာ ဘာဂုဏ်ရည်ရှိသလဲ၊ နိဗ္ဗာန်မှာ ဆင်းရဲခပ်သိမ်း ငြိမ်းတဲ့ဂုဏ်ရှိတယ်၊ ပုဗ္ဗဘာဂမဂ်တွေ၊ အရိယာမဂ်ရဲ့ ရှေ့ပြေးမဂ္ဂင်ရှစ်ပါး အကျင့်တရားတွေကို ပွားနေတဲ့အခါ စောစောက ခွဲပြတဲ့အတိုင်း သီလမဂ္ဂင် သမာဓိမဂ္ဂင် ပညာမဂ္ဂင်တွေ ပါနေတယ်၊ သီလမဂ္ဂင်နဲ့ ဝီတိက္ကမကိလေသာတွေငြိမ်းအောင် သတ်နေတယ်၊ အဲဒီ ငြိမ်းရာကို မျက်မှောက်ပြုတဲ့ကိစ္စ အလိုလိုပြီးစီးသွားတယ်၊ သမာဓိမဂ္ဂင်နဲ့ အချိန်တိုင်း ဖြစ်နိုင်တဲ့ ပရိယုဋ္ဌာန ကိလေသာတွေ ငြိမ်းသွားတယ်၊ အဲဒါ အခိုက်အတန့် မျက်မှောက်ပြုတာပဲ၊ ရုပ်နာမ် ကွဲမှုကအစ ဝိပဿနာဉာဏ်တွေဖြစ်သွားယင် ပိုင်နိုင်စွာ ရှုမိတဲ့ အာရုံပေါ်မှာ ကိလေသာမျိုးပါ ပြတ်သွားတယ်၊ ''အနုသယကိလေသာ''တွေ ငြိမ်းသွားတယ်၊ ကိလေသာငြိမ်းသွားတော့ ကမ္မဝဋ္ဋ-ဝိပါကဝဋ္ဋ ခေါ်ရတဲ့ သံသရာဆင်းရဲ- ဝဋ္ဋဆင်းရဲတွေလဲ ငြိမ်းသွားတယ်၊ တချက်မှတ် တချက်ငြိမ်းတာ၊ ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ ခေါ်တဲ့ ဝဋ္ဋဆင်းရဲသုံးမျိုး ငြိမ်းနေတာ၊ ဒါဟာ ဝိပဿနာ အခိုက်အတန့်ပေါ့။

ဝိပဿနာဉာဏ်တွေ ရင့်ကျက် ပြည့်စုံသွားယင် ဖြတ်ကနဲဆို အငြိမ်းဓာတ်နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်တာ၊ ရှုစရာအာရုံရော ရှုသိတဲ့ စိတ်ကလေးရော၊ ယူပစ်လိုက်သလို ကုန်သွားတာ၊ ငြိမ်းဒါမှ တကယ်ငြိမ်းသွားတာ၊ အဲဒီ အငြိမ်းဓာတ်နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်ယင် အပါယ်နဲ့စပ်တဲ့ သက္ကာယဒိဋ္ဌိ - ဝိစိကိစ္ဆာ-

(ဒုတိယအကြိမ်)

သီလဗ္ဗတပရာမာသ-ဒီကိလေသာတွေ ငြိမ်းသွားတယ်၊ အပါယ်နဲ့ စပ်တဲ့ အဝိဇ္ဇာတွေလဲ ကင်းသွားတယ်၊ တဏှာ ဥပါဒါန်တွေလဲ ကင်းသွားတယ်၊ ဆိုလိုဘာကတော့ သက္ကာယဒိဋ္ဌိ-ဝိစိကိစ္ဆာတွေ လုံးဝ ငြိမ်းသွားတယ်၊ အဝိဇ္ဇာက ရှိတော့ရှိသေးတယ်၊ ဒါပေမယ့် အပါယ်ကျလောက်အောင် မမိုက်တော့ဘူး၊ အပါယ်ကျနိုင်လောက်အောင်လဲ တဏှာ မဖြစ်တော့ဘူး၊ တဏှာက ဖြင်တော့ ဖြစ်သေးတယ်၊ အပါယ်ကျနိုင်လောက်အောင်လဲ သာယာမှုမဖြစ်တော့ဘူး၊ ဒိဋ္ဌိစွဲလမ်းမှုကတော့ အကုန်လုံးကုန်သွားပြီ၊ အဲဒီ ကိလေသာတွေကို သောတာပတ္တိမဂ်က အပြီးတိုင် ငြိမ်းသတ်သွားတာ၊ အဲဒီ အငြိမ်းထဲရောက်သွားတာ၊ အဲဒီ ဆင်းရဲတွေ ကုန်သွားတာ၊ အပါယ်နဲ့စပ်တဲ့ ကိလေသာတွေ ကုန်သွားယင် အပါယ်လားစေနိုင်တဲ့ ဟိုတုန်းက အကုသိုလ်ဟောင်းတွေ၊ ဒုစရိုက်ကံဟောင်းတွေလဲ အကျိုး မပေးတော့ဘူး၊ နောင်လဲ အပါယ် ကျနိုင်လောက်အောင် ဒုစရိုက်ကံသစ်တွေကို ထပ်ပြီး မပြုတော့ဘူး၊ ကမ္မဝဋ်ငြိမ်းသွားတယ်၊ သင်္ခါရဝဋ်ဆင်းရဲ ငြိမ်းသွားတယ်၊ အပါယ်ကျစေနိုင်တဲ့ ဒုစရိုက်တရားတွေ ငြိမ်းသွားတော့ အပါယ်ပဋိသန္ဓေလဲ မပေးတော့ဘူး၊ ဝိပါကဝဋ်လဲ ငြိမ်းသွားပြီ၊ သောတာပတ္တိမဂ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်တာနဲ့ပဲ အပါယ်နဲ့စပ်တဲ့ ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် အဲဒီ ဝဋ်သုံးပါးလုံး ငြိမ်းသွားတာကတော့ မြစ်ချင်းပြီး တကယ် ငြိမ်းတာ၊ အားထုတ်ဆဲခဏမှာတော့ တပွဲတိုးအချိန်ပိုင်းလေး ငြိမ်းတာ။

(ဒုတိယအကြိမ်)

သောတာပတ္တိမဂ်နဲ့ ငြိမ်းတာကတော့ မြစ်ချင်းပြီး တခါ တည်း ငြိမ်းသွားတာ၊ ဒီမှတဆင့်တက်ပြီး အားထုတ်လို့ အထက် မဂ်သုံးဆင့်ကို ရသွားယင် အဆင့်ဆင့် ကိလေသာတွေငြိမ်းသွား မှာ၊ ဝဋ္ဋဆင်းရဲတွေ ငြိမ်းသွားတာကတော့ သေချာတယ်၊ ဒါလောက်အထိ ဘုန်းကြီးတို့က မမျှော်မှန်းပါဘူး၊ အင်မတန် ကြောက်စရာကောင်းတဲ့ အပါယ်နဲ့စပ်တဲ့ ကိလေသာတွေ ငြိမ်း သွားယင် တော်ပါပြီ၊ ဒီလောက်အထိ အားထုတ်နိုင်ယင် တော် ပါပြီ၊ ဆင်းရဲခပ်သိမ်းငြိမ်းသော-လို့ သာမည ဆိုထားပါတယ်၊ ''ဆင်းရဲခပ်သိမ်းငြိမ်းသော နိဗ္ဗာန်ကိုဆိုက်ရောက်၍ မျက်မှောက် ပြုဘာက သစ္စိကိရိယာ''တဲ့၊ အားထုတ်ဆဲမှာလဲ ကိလေသဝဋ္ဋ ကမ္မဝဋ္ဋငြိမ်းနိုင်လောက်အောင်ပဲ ပါရဂူမြောက်နေတယ်၊ အငြိမ်း ဓာတ်နိဗ္ဗာန်ကို သောတာပတ္တိမဂ်နဲ့ တွေ့သွားယင် အထူး ပါရဂူ မြောက်သွားတာပဲ၊ အထူး ပြောစရာ မလိုတော့ပါဘူး၊ ''မျက် မှောက်ပြုလျက်, ပေါက်ရောက်ဘာက သစ္စိကိရိယပါရဂူ''တဲ့၊ က-ဆိုကြရမယ်။

ဆင်းရဲခပ်သိမ်းငြိမ်းသောနိဗ္ဗာန်ကိုဆိုက်ရောက်၍မျက်မှောက် ပြုလျက် ပေါက်ရောက်ထာက သစ္စိကိရိယပါရဂူ။

ပါရဂူ ဘယ်နှစ်မျိုး ရှိသွားပြီလဲ၊ ငါးမျိုးရှိသွားပြီ၊ ဘာ- ဘာတုန်း၊ အဘိညာပါရဂူ၊ ပရိညာပါရဂူ၊ ပဟာနပါရဂူ၊ ဘာဝနာပါရဂူ၊ သစ္စိကိရိယာပါရဂူ-တဲ့၊ ငါးမျိုးပါပဲ၊ အဲဒါကို ''အပါရာ ပါရံ ဂမနာယ သံဝတ္တန္တိ''ဆိုတဲ့ စကားက ပြတယ်၊ အပါရာ-ဒီမှာဘက်ကမ်း ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ

ခေါ်တဲ့ ဝဋ်ဆင်းရဲမှ၊ ပါရံဂမနာယ–အဲဒီ ဝဋ်ဆင်းရဲ သုံးမျိုး ကင်းရာဖြစ်တဲ့ ဟိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့ ရောက်ဖို့ရန်၊ သံဝတ္တန္တိ–မုချမသွေ အမှန်ပဲ ဖြစ်ကြလေကုန်သတည်း။

(သာဓု....သာဓု ...သာဓုပါဘုရား။)

စတ္တာရော မေ ဘိက္ခဝေ သတိပဋ္ဌာနာ ဘာဝိတာ
ဗဟုလီကတာ အပါရာ ပါရံ ဂမနာယ သံဝတ္တန္တိ။

ဘိက္ခဝေ-ရဟန်းတို့၊ စတ္တာရော-လေးပါးကုန်သော၊ ဣမေ သတိပဋ္ဌာနာ-ဤသတိပဋ္ဌာန်တရားတို့သည်၊ ဝါ-ဤသတိပဋ္ဌာန် တရားတို့ကို၊ တနည်း–ဣမေ သတိပဋ္ဌာနာ-လွန်လွန်ကဲကဲ အာရုံ ထဲ၌ စွဲမြဲတည်သည့် ဤသတိပဋ္ဌာန်တရားတို့ကို၊ ဘာဝိတာ-ဖြစ်စေ အပ်, ပွားစေအပ်ကုန်သည်၊ (သမာနာ-ဖြစ်ကုန်လတ်သော်)၊ ဗဟု-လီကတာ-ကြိမ်ဖန်များစွာ မနားမနေ လေ့လာအပ်ကုန်သည်၊ ( သမာနာ - ဖြစ်ကုန်လတ်သော် )၊ အပရာ–ဤမှာဘက်ကမ်း ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် ခေါ်တဲ့ ဆင်းရဲမှ၊ ပါရံ-ဂမနာယ-ဟိုမှာဘက်ကမ်း ဆင်းရဲကင်းရာနိဗ္ဗာန်သို့ပေါက်ရောက် ဖို့ရန်၊ သံဝတ္တန္တိ-မုချမသွေ အမှန်ပဲ ဖြစ်ကြလေကုန်သတည်း။

(သာဓု....သာဓု....သာဓုပါဘုရား။)

''သတိပဋ္ဌာန်လေးပါး, ဖြစ်ပွားစေလျှင်''ဆိုတာ (စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ)ကို ရှစ်လုံးဘွဲ့ကဗျာနဲ့ မြန်မာပြန်လေးပါပဲ၊ ''သတိပဋ္ဌာန်လေးပါး, ဖြစ်ပွားစေလျှင်'' တဲ့၊ သတိပဋ္ဌာန်လေးပါးပွားတယ်ဆိုတာ သတိပဋ္ဌာန်လေးပါး

က "ကုသလရာသိ"ကုသိုလ်အပုံကြီးတဲ့၊ ကုသိုလ်ဆိုတာဘာလဲ၊ အပြစ်ကင်းတာပဲ၊အပြစ်ကင်းတယ်ဆိုယင်ကောင်းကျိုးချမ်းသာကိုပဲ ရဖို့ပါပဲ၊ သတိပဋ္ဌာန်တရားတွေ ပွားနေယင် လောဘ, ဒေါသ, မောဟ ကိလေသာအပြစ်တွေ ကင်းနေတာပဲ၊ စိတ်တွေ သန့်ရှင်းနေတာပဲ၊ ဒီအဓိပ္ပာယ်ကိုယူပြီးတော့"စိတ်အညစ်အကြေးကင်းဝေးသန့်ရှင်း"လို့ ဆိုထားတာ၊ တချက်မှတ် တချက်သန့်သွားတာ၊ နှစ်ချက်မှတ် နှစ်ချက် သန့်သွားတာ၊ ဆယ်ချက်မှတ် ဆယ်ချက်သန့်သွားတာ၊တနာရီမှတ်ယင် တနာရီသန့်သွားတာပဲ၊ စိတ်တွေကို အင်မတန် သန့်ရှင်းအောင်လို့ ရှုမှတ်နေရတာ အင်မတန်နေရာကျတာ၊ နိဝရဏတွေကင်းပြီး စိတ်တွေ သန့်ရှင်းနေတာ၊ အဲဒီတော့ ပထမရုပ်နာမ်ကွဲ ရုပ်နာမ် ကြောင်းကျိုးကို သိလာတယ်၊ "အဘိညာ ပါရဂူ"မြောက်တာပဲ။

"အဘိညာပါရဂူ" မြောက်လာတော့ ဒီမှာဘက်ကမ်းကဟိုမှာဘက်ကမ်း တချက် ပေါက်သွားတာပဲ၊ "ပါရဂူ"ဘွဲ့ကို ပထမဆုံးရသွားတာ၊ ဆက်မှတ်နေယင် ရုပ်နာမ်တွေရဲ့ အဖြစ်အပျက် အနိစ္စ-ဒုက္ခ-အနတ္တ အချက်အလက်တွေကို စတင်ပြီး သိလာတယ်၊ အဲဒါ "ပရိညာပါရဂူ"မြောက်သွားတာ၊ ထပ်ပြီး ဆက်မှတ်သွားယင် ရိပ်ကနဲပေါ် ရိပ်ကနဲပျောက် ခပ်သွက်သွက်ကလေး မြင်လာပြီး ရင့်တဲ့"ဥဒယဗ္ဗယဉာဏ်" ပိုင်းလောက်ရောက်ယင် ခတော်တော်လေးသွက်လာပြီ၊ အထူးသဖြင့် ရိပ်ကနဲ ရိပ်ကနဲပျောက်ပေါ်လေ၊ ရှုစရာအာရုံလေးရော ရှုတဲ့စိတ်ကလေးရော တွဲလျက်တွဲလျက် တရိပ်ရိပ်နဲ့ ကုန်ဆုံး ပျောက်ပျက်နေတဲ့

(ဒုတိယအကြိမ်)

ဉာဏ်ပိုင်းလောက်ရောက်ယင် အမှန်အတိုင်းရှုပြီး သိရတဲ့ရုပ်နာမ် တရားတွေအပေါ်မှာ မြဲတယ် ကောင်းတယ် ချမ်းသာတယ်၊ ဘာမဆို ကိုယ့်အလိုအတိုင်းဖြစ်တာပဲလို့ မစွဲတော့ဘူး၊မသာယာ တော့ဘူး၊ မြဲတယ်လို့ ထင်မှတ်မှုလဲ မရှိတော့ဘူး၊ ကောင်းစား ချမ်းသာတယ်လို့လဲ မထင်မှတ်တော့ဘူး၊ ဘာမဆို ကိုယ့်အလို အတိုင်းဖြစ်တာပဲလို့လဲ မထင်မှတ်တော့ဘူး၊ ကိလေသာ အစွဲ အလမ်းတွေ တခါတည်းကင်းနေတယ်၊ အထူးသဖြင့် သာယာမှု တွေကင်းနေတယ်၊ အဲဒါ"ပဟာန"ဖြစ်နေတာပဲ၊ ဆက်ကာ ဆက်ကာမှတ် ဆက်ကာဆက်ကာ "ပဟာန"ဖြစ်နေတာပဲ၊

အဲဒီတော့"ပဟာနပါရဂူ"မြောက်တာပေါ့၊ ဟောဒီအခိုက် အတန့်မှာ "ပုဗ္ဗဘာဂမဂ်"တွေ ပွားနေတာပဲ၊ ပွားနေတော့ "ဘာဝနာပါရဂူ"လဲ မြောက်တာပဲ၊ ဝိပဿနာဉာဏ်တွေ ရင့်ကျက် ပြည့်စုံသွားယင် တကယ့်ကိုပဲ "ဘာဝနာပါရဂူ" မြောက်တာ၊ ရှုနေတဲ့အခိုက်အတန့်မှာ ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋကင်းတဲ့ နိဗ္ဗာန်ကို တပွဲတိုး တပွဲတိုး အချိန်ပိုင်းလေး အချိန်ပိုင်းလေး ဆိုက်ရောက်ပြီး မျက်မှောက်ပြုတဲ့ကိစ္စ အလိုလို ပြီးစီးနေတယ်၊ ပါရဂူမြောက်နေတယ်၊ နောက် အရိယမဂ် ဖြစ်သွားယင် တကယ့်ကိုပဲ အငြိမ်းဓာတ်နိဗ္ဗာန်ကို တွေ့သွားမှာ၊ တကယ့်ကိုပဲ သစ္ဆိကိရိယာပါရဂူ"မြောက်မှာ၊ အဲဒါ"အပါရာ ပါရံ ဂမနာယ"ဆိုတဲ့ စကားတော်ရဲ့ အဓိပ္ပာယ်ပါပဲ။

စိတ်အညစ်ကြေး, ကင်းဝေးသန့်စင်၊ ယိုဘက်ကမ်းပေါက်, ဆိုက်ရောက်အစဉ်"တဲ့၊ မှတ်နေယင် အစဉ် ရောက်နေမှာပဲ၊

(ဒုတိယအကြိမ်)

“မြတ်ဗုဒ္ဓ ထုတ်ပြမိန့်ခွန်းပင်”တဲ့၊မြတ်စွာဘုရားက ဟောတော်မူတယ်၊ ကဲ-ဆိုရမယ်။

သတိပဋ္ဌာန်လေးပါး ဖြစ်ပွားစေလျှင်၊
စိတ်အညစ်ကြေး ကင်းဝေးသန့်စင်၊
ဟိုဘက်ကမ်းပေါက် ဆိုက်ရောက်အစဉ်၊
မြတ်ဗုဒ္ဓ ထုတ်ပြန်မိန့်ခွန်းပင်၊

သုတ္တန်လဲ ဆုံးသွားပါပြီ၊ နာရီလဲပြည့်သွားပါပြီ၊ ဒါချုံးပြီး ဟောတာ၊ ကြားထဲမှာ ထည့်သင့်တဲ့ တရားတွေကို ထည့်ပြီး ဟောယင် သိပ်ပြည့်စုံမှာ၊ ဒါပေမယ့် ဘုန်းကြီးက သွားယင်း ဟန်လွှဲမို့ တညတာချုံးပြီး လိုရင်းပြည့်စုံအောင် ဟောရတယ်၊ ဒီအထဲမှာ ပါရဂူတွေက တမျိုးတမျိုးမှာပဲ ဟောစရာတွေက အများကြီး၊ “အဘိညာပါရဂူ”ဆိုင်ရာတွေကို တနာရီလောက် ဟောမကုန်ဘူး၊ “ပရိညာပါရဂူ”ကိုလဲ တနာရီလောက်ဟော မကုန်ဘူး၊ “ဘာဝနာပါရဂူ”ကိုတော့ အထူး ပြောစရာ မလို တော့ဘူး၊ “သစ္ဆိကိရိယာပါရဂူ”က ပိုပြီးလေးနက်တာပဲ၊ပါရဂူ တမျိုးကို တနာရီလောက်ဟောမှ ပြည့်စုံမှာ၊ နှစ်နာရီနဲ့ အပြီး ချုံးဟောရတော့ တရားက နှံ့နှံ့စပ်စပ်သိပ်မရှိလှဘူး၊ ဒါပေမယ့် သတိပဋ္ဌာန်တရားကို လက်တွေ့ကျကျ လေ့လာထားတဲ့သူတွေ ကတော့ ဒီလောက် ချုံးဟောယင် နားလည်လောက်စရာရှိပါ တယ်၊ နားမလည်သေးတဲ့ သူတွေလဲ ဗဟုသုတ အများကြီး ရသွားမှာပဲ၊ မိမိတို့ကိုယ်တိုင်လဲ နောက်အားထုတ်ယင် ဒီအတွေ့ လေးတွေကို တွေ့လာပြီး “အဘိညာပါရဂူ” စတဲ့ ပါရဂူ

ခြောက်မျိုးမြောက်သွားမှာပဲ၊ လောကီအတတ်ပညာတွေ သင်တော့မြန်မာပြည်တွင် မလုံလောက်လို့ အခြား အခြား နိုင်ငံတွေသွားပြီး ပါရဂူဘွဲ့ယူရတာဟာ သိပ္ပံဘက်ကပါရဂူတွေ၊ ဝိဇ္ဇာဘက်ကပါရဂူတွေ အများကြီးပါပဲ၊ ပါရဂူဘွဲ့တွေ စုံနေတာပဲ၊ ပါရဂူဘွဲ့တွေရလာပြီး မြန်မာပြည်မှာ ကိုယ့်အတတ်ပညာတွေကို အသုံးချ၊ ဂုဏ်လဲရှိဘာပေါ့၊ ကိုယ့်အတွက် စားဝတ်နေရေးလဲ ပြေလည်တာပေါ့၊ အဲဒီပါရဂူဘွဲ့တွေရအောင် မိဘဆွေမျိုးတွေနဲ့ ခွဲခွာသွားရတာ၊ ငွေကြေးပစ္စည်းတွေလဲ အများကြီးကုန်တာပဲ၊ ရလာပြန်တော့လဲ ဒီပါရဂူဘွဲ့ကို တဘဝအတွက်သာ အသုံးချလို့ရဘာ၊ နောင်ဘဝယူလို့မရဘူး၊ အကုန်လုံး ချန်ထားခဲ့ရတာ။

ကျမ်းဂန်များမှာ ဥစ္စာလေးမျိုး ပြထားတယ်၊ ဘာတုန်းဆိုတော့ ထာဝရဥစ္စာ၊ ဇင်္ဂမဥစ္စာ၊ အင်္ဂသမဥစ္စာ၊ အနုဂါမိကဥစ္စာ-လို့ လေးမျိုးပါပဲ၊ ဘုန်းကြီးတို့ ဥစ္စာလေးမျိုးထဲက ထာဝရဥစ္စာဆိုတာက အိမ်-လယ်-ယာတို့ ဘာတို့ ပေါ့လေ၊ သေယင် ဒါတွေကိုထားခဲ့ရတယ်၊ ဇင်္ဂမဥစ္စာဆိုတာက ရွှေ့လို့ပြောင်းလို့ရတဲ့ အိမ်တွင်းသုံးပစ္စည်းတွေပေါ့၊ ဒါတွေကလဲ ရှိနေတုန်း အသုံးချရတာပဲ၊ သေတော့အကုန်လုံး ထားခဲ့ရမှာ၊ အင်္ဂသမဥစ္စာဆိုတာကတော့ အင်္ဂါခြေလက်နဲ့တူတဲ့ ဥစ္စာတဲ့၊ ဘာလဲဆိုတော့ ဝိဇ္ဇာအတတ်၊ သိပ္ပံအတတ်၊ စက်မှုအတတ်၊ လက်မှုအတတ်ပေါ့လေ၊ ခုခေတ်မှာ အတတ်မျိုးစုံပါပဲ၊ ပါရဂူဘွဲ့အထိပါပဲ၊ စုံလို့ပေါ့၊ အဲဒါကို "အင်္ဂသမဥစ္စာ" လို့ခေါ်တယ်၊ အင်္ဂါခြေလက်ရှိထားယင် အဲဒီအင်္ဂါခြေလက်ကိုအသုံးချရတယ်၊ အင်္ဂါ

ခြေလက်မရှိယင် အသုံးမချရဘူး၊ လောကမှာ ပညာမတတ်ယင် ပညာအကြောင်းပြုပြီး ရနိုင်တဲ့စားဝတ်နေရေးအတွက်ခက်တာပေါ့၊ အသက်မွေးဝမ်းကျောင်းပညာ မတတ်ယင် လက်မရှိတဲ့သူ ကိုင်စရာမရှိသလို၊ခြေမရှိတဲ့သူ ရပ်စရာမရှိသလို သွားလို့မရသလို၊ အရေးပါတဲ့ အင်္ဂါခြေလက်တွေ ပါနေယင် အသုံးချလို့ရတယ်၊ ဒီလိုပဲ တတ်ထိုက်တဲ့ အတတ်ပညာတွေ တတ်ထားရတယ်၊ ပါရဂူဘွဲ့ရသည်အထိ တတ်ထားရတယ်၊ အပင်ပန်းခံပြီး သင်ကြားထားရတာ၊ ဒါပေမယ့် သေတဲ့အခါ အကုန်လုံးထားခဲ့ရတာ၊ ယူလို့မရဘူး၊ နောက်ဘဝမှာ ပါရဂူဘွဲ့တွေကို ပိုက်ပြီးမွေးလာလို့ ဖြစ်တာမဟုတ်ဘူး၊ အကုန်လုံး အစက ပြန်သင်ရတာ။

ဘုန်းကြီးတို့ သတိပဋ္ဌာန် နယ်ပယ်ထဲမှာ လက်တွေ့ ကျကျ အားထုတ်တဲ့သူတွေ ငွေကုန်ကြေးကျမခံရပဲ မိဘဆွေမျိုးနဲ့ ဝမ်းနည်းစွာ ခွဲခွာပြီး သွားယူရတာမဟုတ်ဘူး၊ ရိပ်သာတွေ အများကြီးပဲ၊အဲဒီရိပ်သာတွေ ဝင်ပြီးတော့သတိပဋ္ဌာန်တရားအားထုတ်ယင် ပါရဂူမြောက်သွားမှာ "အဘိညာပါရဂူ"လဲမြောက်တယ်၊ ရုပ်နာမ် ကွဲတာကိုလဲ သိတယ်၊ ရုပ်နာမ် ကြောင်းကျိုးကိုလဲ သိတယ်၊မကြာခင်မှာပဲ ရုပ်နာမ်အဖြစ်အပျက်အနိစ္စ-ဒုက္ခ-အနတ္တ ကြောင်းကျိုး အချက်အလက်တွေ သိပြီး "ပရိညာပါရဂူ"လဲ မြောက်တယ်၊ ရှုမိတဲ့အာရုံကစပြီး အစွဲအလမ်း ကိလေသာတွေ ကင်းတယ်၊ "ပဟာနပါရဂူ"လဲမြောက်တယ်၊ အများကြီးပါပဲ၊ ဒီတော့"ပုဗ္ဗဘာဂမဂ်"တွေလဲ ပွားနေတော့ "ဘာဝနာပါရဂူ" လဲ မြောက်တယ်၊ "ဘာဝနာပါရဂူ" "ပုဗ္ဗဘာဂမဂ်"ပြည့်စုံ

(ဒုတိယအကြိမ်)

သွားယင် "အရိယမဂ်" ရသွားမယ်၊ ဒါလဲ ပွားပြီးသားဖြစ်သွားမယ်၊ ရှုနေတဲ့အခါ တပွဲတိုး တပွဲတိုး အချိန်ပိုင်းအချိန်ပိုင်း ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုမှုကိစ္စကိုလဲ ပြီးနေတယ်၊ အရိယမဂ်ဖြစ်သွားယင် တကယ့်ကိုပဲ ရှုစရာအာရုံနဲ့ ရှုသိတဲ့စိတ်ကလေးက ယူပစ်လိုက်သလို ပွဲသိမ်းလိုက်တဲ့ အငြိမ်းဓာတ်ကို ဆိုက်ရောက်သွားတော့ "သစ္ဆိကိရိယာပါရဂူ" မြောက်သွားတယ်။

သတိပဋ္ဌာန်တရား အားထုတ်တဲ့သူတွေ ပါရမီရှိယင် ရှိသလို ပါရဂူဘွဲ့ခြောက်မျိုးကို ခုနစ်ရက်အတွင်း ရနိုင်တယ်၊ ၁၅-ရက်အတွင်း၊ ရက် ၂၀-အတွင်း၊ တလအတွင်း၊ တလခွဲအတွင်း ရနိုင်တယ်၊အရွယ်လဲကောင်းမယ်,ကျန်းမာရေးလဲ ကောင်းမယ်,စိတ်အားလဲ ထက်သန်မယ်ဆိုယင် မကြာဘူး၊သီတင်းသုံးပတ်လောက် အတွင်းရနိုင်တယ်၊အိုတဲ့သူတွေကတော့ အိုလို့ပဲတလခွဲနှစ်လတော့ အားထုတ်ရမှာ၊ ဒီလို အိုတဲ့အရွယ် အခြေအနေကြီး မဖြစ်စေပဲ စောစောပါရဂူဘွဲ့တွေရအောင် ကြိုးစားထားရမယ်၊ နိုင်ငံခြားသွားပြီး မယူရပဲ တလှမ်းလေး တလှမ်းလေး လှမ်းပြီးမှတ်ယင်း ပါရဂူဘွဲ့ကို ရနိုင်တယ်၊ ဒီပါရဂူဘွဲ့က သံသရာ တလျှောက်လုံး အကျိုးပေးမှာ အကျိုးပြုမှာ၊ အနည်းဆုံး တမဂ်တဖိုလ်လောက် ရအောင် ကြိုးစားယင် ဒီပါရဂူဘွဲ့က သေတဲ့အထိ အဆက်ဆက် ပါသွားပြီး တဖြည်းဖြည်းရင့်ကျက်သွားမှာ ပျောက်ပျက်သွားမှာမဟုတ်ဘူး၊ အင်မတန်ကောင်းတာ၊ လူ့ဘဝကို ရနေတုန်း အခွင့်ကြုံတုန်းမှာ သာသနာတော်ကြီးနဲ့ တွေ့နေရတဲ့ အတွက်

အထက်တန်းစား သတိပဋ္ဌာန်တရားတွေကို "ဘာဝိတာဗဟုလီကတာ" ဖြစ်စေ, ပွားစေ, ကြိမ်ဖန်များစွာ လေ့လာယင် စိတ်အညစ်အကြေး ကင်းဝေးစင်ကြယ်ပြီး စိတ်ချလက်ချပါရဂူဘွဲ့ရသည်အထိ ကြိုးစားလို့ ပါရဂူဘွဲ့တွေ ရသွားလို့ ကိုယ်ရရှိတဲ့ဖိုလ်တရားကို ဝင်စားနေယင် "သမာပတ္တိပါရဂူ" တမျိုးကိုထပ်ရမှာပေါ့။

ဒီတော့ ပါရဂူခြောက်မျိုးတောင် ရနိုင်တယ်၊ ကိုယ့်အတိုင်းအတာနဲ့ ကိုယ်ရနိုင်တယ်၊ လူ့ဘဝကိုရနေတုန်း၊ ဘုရားဟောဒေသနာမှန်တွေ သူတော်ကောင်းတရားတွေကိုဟောကြားတော်မူတဲ့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးတို့လို သူတော်ကောင်းတွေကိုလဲ မှီခိုနေရတုန်း၊ အားကိုးနေရတုန်း၊ "အခွင့်သာခိုက်–လုံ့လစိုက်"ဆိုတဲ့အတိုင်း အထက်တန်းစား သတိပဋ္ဌာန်တရားတွေကို "ဘာဝိတာ ဗဟုလီကတာ" ဖြစ်စေ, ပွားစေ, ကြိမ်ဖန်များစွာ လေ့လာနေယင် စိတ်အညစ် အကြေး ကင်းဝေး စင်ကြယ်ပြီး ပါရဂူမြောက်တဲ့ အခြေအနေမျိုး ရောက်ပါ လားလို့ကောင်းကောင်း သဘောပေါက် နားလည်ပြီး ကိုယ်ထဲစိတ်ငိုက်လောလောဆယ် ပေါ်နေတဲ့ ကာယ ဝေဒနာ စိတ္တ ဓမ္မ အာရုံလေးချက်ပေါ်ခိုက်မှာ သတိပဋ္ဌာန်လေးပါးကို ချက်ကျလက်ကျဖြစ်စေ, ပွားစေ, ကြိမ်ဖန်များစွာ လေ့လာပြီး လေ့လာဆဲခဏမှာလဲ စိတ်အညစ်အကြေး ကင်းဝေးစင်ကြယ်ပြီး အဆင့်ဆင့်အဘိညာပါရဂူ, ပရိညာပါရဂူ, ပဟာနပါရဂူ, ဘာဝနာပါရဂူ, သစ္ဆိကိရိယာပါရဂူ, သမာပတ္တိပါရဂူ မြောက်ပြီး "ဤဘက်မှာ

(ဒုတိယအကြိမ်)

နေ့, အကုန်သေ၍, ဟိုပြည်ရောက်မှ ချမ်းသာရ”ဆိုတဲ့သဘောကို ကောင်းကောင်းကြီး ပိုက်ကာ ကြိုးစားပွားများ အားထုတ်နိုင်ကြပါစေ။

(သာဓု....သာဓု....သာဓု ပါဘုရား။)

အမျှဝေ

ယနေ့အဖို့၌ ကျွန်ုပ်တို့ ကြိုးစား အားထုတ်ရသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ပွားများရသော ဘာဝနာ ကုသိုလ်၊ နာကြားရသော ဓမ္မဿဝနကုသိုလ်၊ ဟောကြားရသော ဓမ္မဒေသနာကုသိုလ်၊ သာသနာရေးနှင့် ပတ်သက်သမျှ လုပ်အားပေးရသော ဝေယျာဝစ္စကုသိုလ်၊ ဤကုသိုလ် အပေါင်း၏ အဖို့ဘာဂကို အမိအဘ ဆရာသမား ဆွေမျိုးတို့ အားလည်းကောင်း၊ကျွန်ုပ်တို့၏ ကိုယ်စောင့်နတ် အိမ်စောင့်နတ် မြို့စောင့်နတ် သာသနာတော်စောင့်နတ် လောကကို စောင့်ရှောက်သောနတ် သိကြားမင်း ဗြဟ္မာမင်း အစရှိသော အလုံးစုံသော နတ်အပေါင်းတို့အား လည်းကောင်း၊ အလုံးစုံသော သတ္တဝါ အပေါင်းတို့ အားလည်းကောင်း အမျှပေးဝေပါကုန်၏။ အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏။

အမိအဘတို့မှစ၍ အလုံးစုံသော သတ္တဝါ အပေါင်းတို့သည် ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှအမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေကုန်သတည်း။

အမျှ-အမျှ-အမျှ ယူတော်မူကြပါကုန်လော့။

(သာဓု....သာဓု....သာဓု ပါဘုရား။)

(ဒုတိယအကြိမ်)

ဟင်္သာတမြို့ တာငါးဆယ်ရပ်

မဟာစည် သာသနာ့ရိပ်သာ၌ သမုတ်အပ်သော

# ရတနုသိဃ္ဃသိမ်အောင်စာတမ်း

(ဒုတိယအကြိမ်)

{ သိမ်တော်မြေတမ်းအတွက် ပြုစုသော. သိမ်နုတ် + သိမ်သမုတ် + သိမ်ကျောင်း တို့ပါသော မြေပြပုံ }






## ရည်ညွှန်းချက်



● ကော = ၁ လက္ခ၀ ပေ

| သိမ် {နုတ် / သမုတ် / ကျောင်း} ဧရိယာ | ဧရိယာ လ | ဒ | ဧ |
|---|---|---|---|
| သိမ်နုတ်ဧရိယာ | ၇၃ | ၄၈ | ၃၅၀၀ |
| သိမ်သမုတ်ဧရိယာ | ၅၁ | ၃၀ | ၁၅၃၀ |
| သိမ်ကျောင်းဧရိယာ | ၄၀ | ၁၉ | ၇၈၀ |




| စဉ် | သိမ်ကျောင်း:- သမုတ် - နုတ်တို့၏ တခုမှတခုသို့ အကွာအဝေး: | | | |
|---|---|---|---|---|
| | အရပ်မျက်နှာ | မှ | ထိ | ပေ |
| | အရှေ့ဘက် | သိမ်ကျောင်း မှ | သိမ်သမုတ်ဆုံး: | ၄' |
| | | သိမ်သမုတ်ဆုံး မှ | သိမ်နုတ်ဆုံး: | ၁၁½' |
| | | သိမ်ကျောင်း: မှ | သိမ်နုတ်ဆုံး: | ၁၅½ |
| | တောင်ဘက် | သိမ်ကျောင်း: မှ | သမုတ်ဆုံး: | ၁၄' |
| | | သိမ်သမုတ်ဆုံး မှ | သိမ်နုတ်ဆုံး: | ၁၅ |
| | | သိမ်ကျောင်း: မှ | သိမ်နုတ်ဆုံး: | ၂၂½ |
| | အနောက်ဘက် | သိမ်ကျောင်း: မှ | သိမ်သမုတ်ဆုံး: | ၇' |
| | | သိမ်သမုတ်ဆုံး: မှ | သိမ်နုတ်ဆုံး: | ၈½' |
| | | သိမ်ကျောင်း: မှ | သိမ်နုတ်ဆုံး: | ၁၁½ |
| | မြောက်ဘက် | သိမ်ကျောင်း: မှ | သိမ်သမုတ်ဆုံး: | ၅½ |
| | | သိမ်သမုတ်ဆုံး: မှ | သိမ်နုတ်ဆုံး: | ၇' |
| | | သိမ်ကျောင်း: မှ | သိမ်နုတ်ဆုံး: | ၁၂½ |

| သိမ်ကျောင်းနှင့်လွတ်မြေ | | သိမ်သမုတ်ဧရိယာနှင့်လွတ်မြေ | |
|---|---|---|---|
| သမုတ်ပြီးမြေကျွန်ဧရိယာ | | သိမ်နုတ်မြေကျွန်ဧရိယာ | |
| အရပ်မျက်နှာ | ဧရိယာ | အရပ်မျက်နှာ | ဧရိယာ |
| အရှေ့ဘက် | ၂၅၂.၀၀ | အရှေ့ဘက် | ၈၆၂.၅၀ |
| တောင်ဘက် | ၁၄၂.၅၀ | တောင်ဘက် | ၄၅၀.၀၀ |
| အနောက်ဘက် | ၃၇၁.၀၀ | အနောက်ဘက် | ၄၈၇.၅၀ |
| မြောက်ဘက် | ၁၀၄.၅၀ | မြောက်ဘက် | ၂၁၀.၀၀ |
| ပေါင်းဘက်ပတ်လည် | ၈၇၀.၀၀ | ပေါင်းဘက်ပတ်လည် | ၂၀၁၀.၀ |

ရဲဝင်း
၁၄.၈.၈၁

ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ လင်းပါစေ

ရတနသိဒ္ဓိသိမ်ဆောင် စာတမ်းဖြစ်ပေါ်လာပုံ

# နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁၃၃၇-ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၇-ရက် (၂-၅-၇၅) နေ့၌ ဟင်္သာတမြို့ တာဝါးဆယ်ရပ်၊ မအူပင်လမ်း မျက်စိကု ဆရာကြီး ဦးပေါ်စိုး ဘုန်းကြီးအထံ ရောက်လာပါသည်၊ သိမ်ဒါယကာအဖြစ် သာသနာပြုလိုကြောင်း၊ သိမ်နုတ်ရန် သမုတ်ရန် မည်သို့ စီစဉ်သင့်ကြောင်း မေးမြန်းလျှောက်ထား ပါသည်။

"ရဟန်းရှိလျှင် သိမ်ရှိရမယ်ဘုရား၊ သိမ်ရှိမှ ဥပုသ်ပြု ပဝါရဏာပြု သံဃာ့ကံတွေ ဆောင်ရွက်ရတဲ့အခါ သံဃာတော်တွေ ချမ်းသာမှာဘုရား၊ တပည့်တော်က တိုက်မတည်ဘူး၊ ကားမစီး ဘူး၊ သိမ်ကျောင်းပဲ ဆောက်မယ်ဘုရား"ဟု အားရဝမ်းသာ လျှောက်ထားပါသည်။

မျက်စိကုဆရာကြီး ဦးပေါ်စိုး၏ လျှောက်ထားချက်သည် ရတနာဗိမာန် ဆရာတော်ဘုရားကြီး၏ မိန့်ကြားတော်မူချက်နှင့် ညီညွတ်လှပါတော့သည်။

(ဒုတိယအကြိမ်)

ညီညွတ်ပုံမှာ "ရိပ်သာမှာ မမွာရုံလဲ ဆောက်ရမှာ၊ ဆွမ်းစားကျောင်းလဲ ဆောက်ရမှာ၊ ရိပ်သာကလဲ သိမ်ရှိတဲ့ကျောင်းနဲ့ မဝေးလှပါဘုရား၊ သိမ်ရှိတဲ့ကျောင်းက ဆရာတော် သံဃာတော်တွေနဲ့လဲ တပည့်တော်တို့ ဆက်ဆံရေး ပြေပြစ်နေပါတယ် ဘုရား၊ ဒီတော့ သိမ်ကျောင်းဆောက်ဖို့ သိမ်သမုတ်ဖို့ သိပ်ပြီး အရေးမကြီးပါဘူးဘုရား" ဟု ဟင်္သာတမြို့ မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ ရတနာဗိမာန်ဆရာတော်ဘုရားကြီးကို ၁၃၃၃-ခုနှစ် ဝါဆိုလလောက်က ဘုန်းကြီးကလျှောက်ထားပါသည်၊ ထိုအခါ ရတနာဗိမာန် ဆရာတော်ဘုရားကြီးက—

"ဟင်္သာတမြို့မှာ ကဆုန်လက တန်ဆောင်မုန်းလလောက် အထိမိုးရွာတယ်၊ ရဟန်းခံပွဲရှိတဲ့အခါ ကံဆောင်သံဃာတွေရော ရဟန်းလောင်းတွေရော ဒကာ-ဒကာမတွေရော တခြားကျောင်း သွားရတာ ကိစ္စများတယ်၊ ပြီးတော့ ဦးကုဏ္ဍလတို့ရိပ်သာမှာ ရဟန်းခံပွဲ ခဏခဏ ဖြစ်မှာ၊ ဒီတော့ သိမ်သမုတ်ဖို့ သိမ်ကျောင်း ဆောက်ဖို့ဂေါပကတွေ ကြိုးစားတာ ကြိုးစားကြပါစေ၊ သိမ် မလိုသေးပါဘူးလို့ ဦးကုဏ္ဍလကမပြောတာပဲကောင်းပါတယ်" ဟုမိန့်တော်မူပါသည်၊ ဤသို့လျှင် မျက်စိကုဆရာကြီးဦးပေါ်စိုး၏ လျှောက်ထားချက်သည် ရတနာဗိမာန် ဆရာတော်ဘုရားကြီး၏ မိန့်ကြားတော်မူချက်နှင့်ညီညွတ်နေပါတော့သည်၊ ရတနာဗိမာန် ဆရာတော်ဘုရားကြီးနှင့် မျက်စိကုဆရာကြီး ဦးပေါ်စိုးတို့၏ သာသနာရေးအမြင်တူညီပုံကပင်ကြည်နူးစရာဖြစ်ပါတော့သည်။

(ဒုတိယအကြိမ်)

ဆရာကြီး ဦးပေါစုံသည် ဝိနည်းလေးစားသည့် ဆရာတော်ဘုရားကြီးများ၏ တပည့်ကောင်း ဒကာကောင်းပီသစွာသိမ်နှင့်ဆိုင်ရာ သာသနာ့လုပ်ထုံးကိုရိပ်မိပြီးဖြစ်ပါသည်။

ဂေါပကအဖွဲ့နှင့် တိုင်ပင်၍ အတွင်း ပတ္တမြားဆရာတော်၊ မြစ်ကွေ့ဆရာတော်၊ ပိုးစာတော ဆရာတော်ဘုရားကြီးများကို လျှောက်ထားပြီးလျှင် သိမ်နုတ်ရန်စီစဉ်ပါသည်။

၁၃၃၇-ခုနှစ် ပြာသိုလဆန်း ၁၀-ရက် (၁၀-၁-၇၆)မှ ပြာလသိုဆန်း ၁၃-ရက်ထိ လေးရက် နေ့စဉ် တောင်မြောက်အားဖြင့်အလျား(၇၅)ပေ၊အရှေ့အနောက်အားဖြင့်အနံ(၄၀)ပေ ကျယ်ပြန့်သော ညောင်စောင်းကွက်တို့ဖြင့် ရှုချင်စဖွယ်တင့်တယ်လှသောမြေအပြင်ကို သံဃာတော်-၆၀ က သိမ်နုတ်တော်မူပါသည်။

သံဃာတော်-၆၀ သည် ညောင်းစောင်းကွက်ပေါင်း-၁၂ကွက်၌တင့်တယ်စွာထိုင်ဝ်နေတော်မူပြီးလျှင် သိမ်နုတ် ကမ္မဝါစာ၂-စောင်ကို ဖတ်တော်မူကာ ဒုတိယ ၁၂-ကွက်သို့ပြောင်းရွှေ့ထိုင်နေတော်မူလျက် သိမ်နုတ်ကမ္မဝါ ၂-စောင်ကို ဖတ်တော်မူပြန်ပါသည်။

ဤသို့ သံဃာတော် ၆၀-ထိုင်၍ ကမ္မဝါစာဖတ်တော်မူပုံ၊ အလှည့်ကျ ညောင်စောင်းကွက်သို့ရွှေ့ပြောင်းကြွသွားတော်မူပုံ၊ ထပ်ကာကမ္မဝါစာဖတ်တော်မူပုံကို ဖူးမြင်ရသော သိမ်ဒါယကာမျက်စိကုဆရာကြီး ဦးပေါစုံသည် အလွန်အကျူး ဝမ်းသာကြည်နူးလှပါတော့သည်။

(ဒုတိယအကြိမ်)

"သိမ်နုတ်တော်မူကြတဲ့ သံဃာတော်တွေကို ဖူးမြော်ရတာ ဝမ်းသာလိုက်တာ က,တောင်ကချင်သဗျာ" ဟုပြောဆိုကြောင်း ကို တဆင့်ကြားရပါသည်။

ပင့်ထားသော သံဃာတော်ခြောက်ဆယ်အနက် ဆရာတော် တပါးက ကျန်းမာရေး မပြည့်စုံသည့်အတွက် သိမ်နုတ်ရာသို့ မကြွနိုင်ပါကြောင်း ပန်ကြားတော်မူပါသည်။

မိုးကောင်းကျောင်းမှ ရဟန်းတော် ၃-ပါးကိုသာ ပင့်သော် လည်း မိုးကောင်းဆရာတော် ဦးသုဓမ္မိန္ဒသည် နောက်တနေ့၌ ရဟန်းတပါးကို အပို ပင့်ခဲ့ပါတော့သည်၊ ဘုန်းကြီးများက အထူးမလျှောက်ပါပဲ စေတနာထားပြီး သံဃာပြည့်စုံအောင် ရွက်ဆောင်တော်မူသော မိုးကောင်းဆရာတော် (ပိဋကတ္တယ ပါရဂူ)ဦးသုဓမ္မိန္ဒ၏ ဆောင်ရွက်တော်မူချက်ကို ဝမ်းမြောက် ဝမ်းသာ ဤသိမ်အောင်စာနိဒါန်း၌မှတ်တမ်းတင်အပ်ပါသည်။

သိမ်နုတ်ပြီး မကြာမီပင် သိမ်ကျောင်းဆောက်ရန်ဒကာကြီး ဦးပေါစုံကိုယ်တိုင် ကြည့်ရှုစီမံပါသည်၊ ယင်းသို့ စီမံဆောင်ရွက် နေစဉ် သိမ်တိုက်အုတ်မြစ် တထောင်ခန့်ပေါ်လာချိန်၌ သဒ္ဓါ နာပြု ကုသိုလ်ရှင် ဒကာကြီးသည် လူ့စည်းစိမ်နှင့် မထိုက်တန် နတ်စည်းစိမ်နှင့်သာ ထိုက်တန်သည်ဟု မဆိုသော်လည်း ဆိုသည့် အလား မရဏန္တိကဒုက္ခဝေဒနာကို ဆယ်မိနစ်မျှသာ တွေ့ကြုံရ ပြီးလျှင် တဘဝသံသရာ ခန္ဓာဇာတ်သိမ်းရပါတော့သည်။

ဆရာကြီးဦးပေါစုံကွယ်လွန်ပြီးသော် ဆရာကတော်ဒေါ်စိန် ဝင်းနှင့် သား မျက်စိကုဆရာဦးတင်လှ၊ဆရာကတော်ဒေါ်စန်းရီ

(ဒုတိယအကြိမ်)

တို့က ဆက်လက်၍ သိမ်တိုက်ကို ပြီးစီးအောင် ဆောက်လုပ်ကြပါသည်၊ အားလုံး တသိန်းနှစ်သောင်း ကုန်ကျသည်ဟု သိရပါသည်။

မျက်စိကုဆရာ ဦးတင်လှ၊ ဟင်္သာတမြို့ တာငါးဆယ်ရပ် မဟာစည်သာသနာ့ရိပ်သာဂေါပကအဖွဲ့နာယက ဝဏ္ဏကျော်ထင် စည်သူ(အငြိမ်းစား)တိုင်းမင်းကြီး ဦးညီပု၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်(အငြိမ်းစား) ခရိုင်ဝန်(အရေးပိုင်)ဦးဘအေး၊ ဂေါပကအဖွဲ့ ဘဏ္ဍာထိန်း(အငြိမ်းစား) လယ်ဝန် ဦးဆန်း၊ ဂေါပကအဖွဲ့ အတွင်းရေးမှူး ကျောင်းအုပ်ဆရာကြီး ဦးဖေသောင်း၊လယ်ဝန် ဦးထွန်းဘိ၊အခွန်ဦးစီးဌာနမှူး(အမှုတ်တော်ဝန်ထောက်)ဦးအုန်းမြင့်အစရှိသော သူတော်ကောင်းများသည် ''ဝိသုံဂါမ''အမိန့်ရရန် ကြိုးစားအားထုတ်ကြပါသည်၊ဝိသုံဂါမ လျှောက်လွှာကို တိုင်းသို့ပို့သောအခါ ဗဟိုသို့ရောက်သောအခါ စသည်၌ အလွန်ဝမ်းသာကြည်နူးကြရပါသည်။

၁၃၃၉-ခုနှစ်၊ တပို့တွဲလပြည့်(၂၂-၂-၇၈)နေ့၌ ဝိသုံဂါမ လျှောက်လွှာ(ကက်ဗိနက်)သို့ရောက်သည်ဟု ကြားရပါသည်။

ထိုအခါ''အစိုးရမှာ အလုပ်တွေက သိပ်များတယ်၊ ဝိသုံဂါမ အမိန့်ရရေးကတော့ သိပ်ကြာတော့မှာပဲ၊ ဂေါပကလူကြီးတွေ ကလဲ အသက်ကြီးကုန်ပြီ၊ ခုနစ်ဆယ်ကျော်တွေက များတာ၊ ဝိသုံဂါမ အမိန့်ရယင်လဲ နောက်မှ ကြည့်လုပ်ကြမယ်၊ ခုတော့ နယ်သိမ်းသမုတ်မှ မြန်တော့မှာ၊ဒီအကြောင်းကို ဟင်္သာတသံဃ အဖွဲ့ချုပ် ဆရာတော်ကြီးများကို လျှောက်ထားမှပဲ၊ မြန်မြန်

(ဒုတိယအကြိမ်)

နယ်သိမ်းပြီးသမုတ်ထားယင်ကောင်းတယ်''ဟု အမျိုးမျိုးအဖုံဖုံ ဆွေးနွေးကြပြီးလျှင် နယ်သိမ်းပြီး သမုတ်ရန် ဆရာတော်ကြီး များကို လျှောက်ထားကြပါသည်။

(ဝိသုံဂါမ အမိန့်သည် ဂေါပကလူကြီးများ ထင်သကဲ့သို့ မကြာလှပဲ မြန်မြန်ရပုံ နောက်၌ ထင်ရှားပါလိမ့်မည်။)

ယင်းသို့ ဂေါပကအဖွဲ့၏လျှောက်ထားချက်အရ ဟသ်ာတမြို့ သံဃာ့အဖွဲ့ချုပ် ဆရာတော်ဘုရားကြီးများသည် သံသယ ကင်းပြတ်လောက်အောင် လမ်းအသွယ်သွယ် နယ်အရပ်ရပ်၌ လူပေါင်း ၃၀၀-ကျော်ကို စောင့်ရှောက်စေကာ နယ်သိမ်း၍ သိမ်သမုတ်တော်မူကြပါသည်။

ဟသ်ာတမြို့ တာငါးဆယ် (မြောက်) ရပ်သည် အရှေ့ အနောက် အလျားအားဖြင့် တမိုင်ခန့်၊ တောင်မြောက် အနံ အားဖြင့် တဖာလုံခန့်သာ ရှိရကား လူ(၃၀၀)ကျော် စောင့် ရှောက်သည့်အတွက် သံသယကင်းလောက်ပါသည်။

သိမ်သမုတ် ပြီးလျှင် ပြီးချင်း ကျောင်း တကျောင်းမှာ အာဂန္တု ရဟန်းတော်တပါး ရောက်နေကြောင်း ဒကာတဦးက လျှောက်ထားသည့်အတွက် ဟသ်ာတမြို့ တာငါးဆယ်ရပ် မဟာ စည် သာသနာ့ရိပ်သာ နာယကဆရာတော် ဦးကုဏ္ဍလကိုယ်တိုင် သွားရောက်စုံစမ်းပါသည်၊ ကြားရသည့်သတင်းမှန်ကန်ကြောင်း သိရသည့်အတွက် ယင်းအာဂန္တုကရဟန်းတော်နှင့် ကျောင်းနေ အရှင်မြတ်အထံမှ ဆန္ဒယူပြီးလျှင် သံဃာတော်အား လျှောက် ထားပါသည်။

(ဒုတိယအကြိမ်)

ထိုအခါ သံဃာတော်များက လူ(၃၀၀)ကျော်ကို ထပ်မံစောင့်ရှောက်ရန် မိန့်ကြားတော်မူပါသည်၊ လူများကလည်း "ကုသိုလ်ပိုရတာပဲ"ဆိုကာ ဝမ်းမြောက်ဝမ်းသာ ထပ်မံစောင့်ရှောက်ကြပြန်ပါသည်။

ဆရာတော် သံဃာတော်အရှင်မြတ်များသည် ဒုတိယအကြိမ် ထပ်ကာ သိမ်သမုတ်တော်မူကြပြန်ပါသည်။

အာဂန္တုကရဟန်းတော်တပါးရောက်နေသည့်အတွက်စုံစမ်းရ ဆောင်ရွက်ရ ကိစ္စများသည်ကား မှန်ပါ၏၊သို့သော် ထို့ကြောင့်ပင် ဆရာတော်ဘုရားကြီးများ၏ မေတ္တာ ကရုဏာတော် ပိုမိုထင်ရှားသည့်အတွက် တမျိုးပင် ကြည်နူးရပြန်ပါသည်၊ ယင်းသို့ မေတ္တာကရုဏာထားကာ ဆောင်ရွက်တော်မူကြရသောကြောင့် ဆရာတော်ဘုရားကြီးများ ကိုယ်တော်တိုင်ပင် ဝမ်းသာကြည်နူးကြရကြောင်း အမိန့်ရှိတော်မူကြပါသည်။

၁၃၄၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉-ရက်၊ ၁၉၇၉-ခုနှစ် ဖေဖော်ဝါရီလ ၂၀-ရက်၊ အင်္ဂါနေ့၌ ရိပ်သာဆိုင်ရာပုဂ္ဂိုလ်များနှင့် ရုံးဆိုင်ရာ အမှုထမ်းအရာထမ်းများ၏ ကြိုးပမ်းဆောင်ရွက်ချက်အရ စိသုံဂါမသိမ် သမုတ်ခွင့် အမိန့်ကို ရပါသည်။

ယင်းရက်၌ပင်လျှင် အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသင်္ဂါယနာ ပုစ္ဆက ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးသည် ရေဝတီဝင်း၌ ဒေသစာရီ လှည့်လည်တော်မူကာ တရား ဟောတော်မူရာ ရေကြည်မြို့မဟာစည်သာသနာ့ရိပ်သာ၌ဝိပဿနာတရားတော်ကို ဟောကြား ချီးမြှင့်တော်မူခဲ့ဖြစ်ပါသည်။

(ဒုတိယအကြိမ်)

တပို့တွဲလပြည့်ကျော် ၉-ရက်၊ ၁၀-ရက် ရေကြည်မှာ တရားချီးမြှင့်တော်မူပြီး ၁၁-ရက်၊ ၁၂-ရက်၊ ဟင်္သာတမြို့၌ တရားချီးမြှင့်တော်မူပြီးလျှင် မယ်ဇလီကုန်းမြို့၊ မြန်အောင်မြို့၊ ပြည်မြို့၊ သုံးဆယ်မြို့များသို့ ကြွတော်မူပြီး တရားဟောကြားတော်မူရန် စီစဉ်ထားပါသည်။

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ရေကြည်မြို့၌ တရားချီးမြှင့်တော်မူစဉ် ဟင်္သာတမြို့ မဟာစည်သာသနာ့ရိပ်သာအတွက် "ဝိသုံဂါမ" သိမ်သမုတ်ခွင့် ရခြင်းသည် တိုက်တိုက်ဆိုင်ဆိုင် ဝမ်းသာကြည်နူးဖွယ် ဖြစ်ပါတော့သည်။

သို့ဖြင့် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးနှင့် ဟင်္သာတမြို့ပေါ်ရှိ ဆရာတော်ဘုရားများသည် တပို့တွဲလပြည့်ကျော် ၁၂-ရက်၊ သောကြာနေ့ နံနက် ၇-နာရီ၌ "ဝိသုံဂါမ" မြေကို သိမ်သမုတ်တော်မူကြပါသည်။

သာသနာတော် ၂၅၂၀-ခုနှစ်၊ သက္ကရာဇ် ၁၃၃၉-ခုနှစ် တပေါင်းလပြည့်ကျော် ၃-ရက်၊ တနင်္ဂနွေနေ့ ည ၈-နာရီ ၅၉-မိနစ်အချိန်၌ ပထမအကြိမ် နယ်သိမ်းသမုတ်တော်မူကြပါသည်။

သာသနာတော် ၂၅၂၀-ခုနှစ် သက္ကရာဇ် ၁၃၃၉-ခုနှစ် တပေါင်းလပြည့်ကျော် ၃-ရက်၊ တနင်္ဂနွေနေ့ ည ၁၀-နာရီ ၅၇-မိနစ်အချိန်၌ ဒုတိယအကြိမ်နယ်သိမ်း သမုတ်တော်မူကြရာ ကောင်းစွာ အောင်မြင်ပါသည်။

(ဒုတိယအကြိမ်)

သာသနာတော် ၂၅၂၂-ခုနှစ်၊ သက္ကရာဇ် ၁၃၄၀-ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၁၂-ရက်၊ သောကြာနေ့ နံနက် ၈-နာရီ ၂၇-မိနစ် အချိန်၌ တတိယအကြိမ် ဝိသုဒ္ဓိမဂ်-မြန်မာပြန်ကို သိမ်သမုတ်တော်မူကြရာ ကောင်းစွာ အောင်မြင်ပြီးစီးပါသည်။

## သိမ်အောင်စာတမ်း အကျဉ်းချုပ်

သိမ်အောင်စာတမ်းကို ဘုန်းကြီးကရေးပြီးလျှင် "မဟာစည် နယ်လှည့်သာသနာပြု ဓမ္မကထိက ညောင်ကန် အရှင်ဣန္ဒက" [ယခု-ညောင်ကန်အေး သာသနာ့ရိပ်သာ နာယက ဆရာတော် ညောင်ကန်အရှင်ဣန္ဒက]ကဖတ်လျှောက်ရန် စီစဉ်ထားပါသည်၊ သို့သော်လည်း ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟင်္သာတမြို့သို့ တရားဟောကြွရောက်ခါနီးမှ "ဝိသုဒ္ဓိမဂ်"အမိန့် ရသောကြောင့် နောက်ထပ် သိမ်သမုတ်ရန် အလျင်အမြန်စီစဉ် ရသည့်အတွက် ညောင်ကန်အရှင်ဣန္ဒကကို ပင့်ချိန်မရတော့ပါ၊ ဘုန်းကြီးကိုယ်တိုင်ထပ်လျှောက်ရန် စီစဉ်ထားရပါတော့သည်။

သိမ်သမုတ်ပြီးလျှင် ဥပသမ္ပဒကံ ဆောင်ရွက်ရန် ရှိသောကြောင့် မူလ ရေးထားသော သိမ်အောင်စာတမ်း အကျယ်ကို မဖတ်တော့ပဲ ဗလာစာရွက် တမျက်နှာခန့် သိမ်အောင်စာတမ်း အကျဉ်းချုပ်ကို ရုတ်တရက်စီစဉ်ကာ ဖတ်လျှောက် ရပါတော့သည်။

သိမ်အောင်စာတမ်းအကျဉ်းချုပ်ကို ဖတ်ပြီးလျှင် ပြီးချင်း "သိမ်အောင်စာတမ်းကို ၁၀-မိနစ်လောက် ဖတ်ရမယ်ဆို၊ အခု

တော့ ၂-မိနစ်လောက်ပဲရှိမယ်''ဟု ကြည်ကန်ဆရာတော်ဘုရားကြီးက မိန့်ဆိုပါသည်၊ ''ဥပသမ္ပဒက''ဆက်ပြီး ဆောင်ရမှာမို့ အချိန်မကုန်အောင် အကျဉ်းချုပ် ဖတ်တာပါဘုရားဟု ဘုန်းကြီးကလျှောက်ပါသည်၊ ''သိမ်အောင်စာတမ်းက ဖတ်ဖို့အဆင်သင့်စီစဉ်ပြီးသား ရှိသလား''ဟု ဆရာတော်တပါးကမေးရာ ''ရှိပါသည်ဘုရား''ဟု လျှောက်ထားပါသည်။

''အဆင်သင့်လဲရှိတယ်၊ ၁၀-မိနစ်လောက်ဆိုယင် သိပ်မကြာပါဘူး၊ ဖတ်တာကောင်းပါတယ်''ဟု ဆရာတော်တပါးက မိန့်သောကြောင့် သိမ်အောင်စာတမ်း အကျယ်ကိုလည်း ဖတ်ရပါတော့သည်။

ဓမ္မိမြို့ ဘုရားကြီးကျောင်းတိုက် ဆရာတော် သာသနဓဇသိရီပဝရ ဓမ္မာစရိယ အရှင်သေဋ္ဌိလသည် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးကို ကူညီတရားဟောတော်မူရန် မယ်ဇလီကုန်းမြို့သို့ ရောက်နေပါသည်။

[ဘုရားကြီး ဆရာတော် အရှင်သေဋ္ဌိလသည် ယခုအခါ ဗဟိုသံဃာ့ ဝန်ဆောင်အဖြစ် သာသနာ့တာဝန်ကို စိတ်အား ထက်သန်စွာ ထမ်းဆောင်နေတော်မူပါသည်။]

သိမ်အောင်စာတမ်း ရေးသားရေးနှင့်ပတ်သက်၍ ဆွေးနွေးသောအခါ ''သိမ်အောင်စာတမ်းအကျဉ်းချုပ်ကိုတော့ ထည့်ဖို့မရည်ရွယ်ပါဘူး''ဟု လျှောက်ထားရာ၊ ဆရာတော်ဦးသေဋ္ဌိလက ''ဘုန်းကြီး လက်တွေ့လဲ ဖတ်ခဲ့ရတာပဲ၊ အကျဉ်းချုပ် ကလဲ တမျိုးကောင်းတာ ဘုန်းကြီးရ၊ သိမ်အောင်စာတမ်း အကျဉ်းချုပ်ကိုတော့ ထည့်ဖြစ်အောင်ထည့် ဘုန်းကြီး''ဟု အတန်တန်

(ဒုတိယအကြိမ်)

လျှောက်ထား တိုက်တွန်းပါသည်၊ ဘုရားကြီးဆရာတော် အရှင်သောဘိတလ၏ တိုက်တွန်းချက်ကြောင့်ပင် သိမ်အောင် စာတမ်းအကျဉ်းချုပ်ကို နိဒါန်း၌ ထည့်သွင်းရပါတော့သည်။

## ရတနသိဒ္ဓိသိမ်အောင်စာတမ်း အကျဉ်းချုပ်

ဟင်္သာတမြို့ တာငါးဆယ်ရပ် မဟာစည် သာသနာ့ရိပ်သာ ရတနသိဒ္ဓိ သိမ်အောင်စာတမ်း အကျဉ်းချုပ်ပါ အရှင်ဘုရား။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟံ, ဘဂဝါ, သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်, ဘုရားရှင်ကို, ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသင်္ဂါယနာ ပုစ္ဆက ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၊ ဟင်္သာတမြို့ ရွှေပြောင်ပြောင်ရပ် ကြည့်ကန်ကျောင်းတိုက် ကြည့်ကန် ဆရာတော်ဘုရားကြီး၊ ဟင်္သာတမြို့ သီလကုန်းရပ် သီလကုန်းဆရာတော်ဘုရားကြီး၊ ဟင်္သာတမြို့ လက်သမားရပ် အတွင်း ပတ္တမြားဆရာတော်ဘုရားကြီး၊ ဟင်္သာတမြို့ ရတနာဗိမာန် ဆရာတော်ဘုရားကြီးများ အမှူးရှိသော သံဃာတော် ၂၈-ပါးတို့သည် ဟင်္သာတမြို့ တာငါးဆယ်ရပ် မဟာစည် သာသနာ့ရိပ်သာအတွင်း ရှေးဦးပရိကံပြု စီမံပြီး ဖြစ်သော သတ်မှတ်ထားပြီးသော မြေအပြင်၌ သမာနသံဝါသ အဝိပ္ပဝါသ သိမ်သမုတ်ဘော်မူကြရာ—

ဘာဝဝိဘာသုတ္တန်–၆ (ဒုတိယအကြိမ်)

သာသနာတော် ၂၅၂၂-ခုနှစ်၊ သက္ကရာဇ် ၁၃၄၀-ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၁၂-ရက်၊ သောကြာနေ့နံနက် ၈-နာရီ ၂၇-မိနစ် အချိန်၌"ရတနသိဒ္ဓိ" သိမ်တော် အောင်မြင် ပြီးစီး ပါသည် အရှင်ဘုရား။

ဣဒံ နော ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

တပည့်တော်တို့၏ ပြုပြုသမျှသော ဤကုသိုလ်ကောင်းမှု အစုစုသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရကြောင်း အထောက် အပံ့ကောင်း ဖြစ်ပါစေသတည်း။

ဤသို့ပြုရ မြတ်ပုညကို သဗ္ဗသတ္တာ ပေါင်းများစွာအား ရငြားပါစေ အမျှဝေသည် များထွေသာဓု ခေါ်စေသောဝ်။

ဟသ်ာတမြို့ တာငါးဆယ်ရပ် မဟာစည် သာသနာ့ရိပ်သာ ဂေါပကအဖွဲ့ နာယက (အငြိမ်းစား) တိုင်းမင်းကြီး ဝဏ္ဏ ကျော်ထင် စည်သူဦးညီပုက ပုံနှိပ်လိုပါကြောင်း လျှောက်ထား တောင်းပန်သောကြောင့် မင်္ဂလာဦးအောင်မြင့် ရေးသားသော လှိုင်ကော်မြို့ 'ဝိမုတ္တိမုခ သာသနာ့ရိပ်သာ သိမ်အောင်စာတမ်း' နှင့် မောင်းထောင် အရှင်ကောလိယ ရေးသားသော ရန်ကုန်မြို့ ရေကူးရပ် (မန္တလေး မစိုးရိမ်ကျောင်းတိုက်) 'ရတနပါလိနီ သိမ်အောင်စာတမ်း'ကို နည်းမှီ၍ ဆောင်ရွက်ပုံကို ထည့်သွင်း ပြီးလျှင် ဤ 'ရတနသိဒ္ဓိ သိမ်အောင်စာတမ်း'ကို ရေးသား ပါသည်။

[သိမ်အောင်စာတမ်း၌ ဆရာတော်ဘုရားကြီးများ၏ဘွဲ့တော် ကို ဖတ်ရှုသူတို့ သိလွယ်အောင် တိတိကျကျ ရေးသားထားပါ

(ဒုတိယအကြိမ်)

သည်၊ သို့သော်လည်း လက်တွေ့ဖတ်လျှောက်ရာ၌ ဆရာတော်ဘုရားကြီးများကို အလွန်ရိုသေ လေးစားသောအားဖြင့် ဘွဲ့တော်ကို မဖတ်ပဲ ချန်ထားပါသည်၊ ပုံစံအားဖြင့် (သီလကုန်း ဆရာတော် အရှင်ဓမ္မသာမိ မဟာထေရ်)ဟု ရေးသားထားသော်လည်း (သီလကုန်း ဆရာတော်ဘုရား)ဟု ဖတ်လျှောက်ပါသည်။]

နိဒါန်းနှင့်တကွ ဤသိမ်အောင်စာတမ်း စာမူကို ကုန်သွယ်ရေး(၄) စာရေးကြီး ဦးအေးကိုက လက်နှိပ်စက်ဖြင့် သေသပ်ကျနစွာ ရိုက်ကူး ကူညီပါသည်၊ အနည်းငယ် ချွတ်ယွင်းချက်ကိုလည်း ပြင်ဆင်ရိုက်နှိပ်ပါသည်၊ စာရေးကြီးဦးအေးကိုအား အထူး ကျေးဇူးတင်ပါသည်။

အားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။

ဦးကုဏ္ဍလ
(နာယက-ကမ္မဋ္ဌာနာစရိယ)
အဘိဓမ္မ ပါဠိပါရဂူ
မဟာစည်သာသနာ့ရိပ်သာ
တာငါးဆယ်ရပ်၊ ဟင်္သာတမြို့။

သာသနာတော် - ၂၅၂၆-ခုနှစ်၊
သက္ကရာဇ် - ၁၃၄၄-ခုနှစ်၊
နတ်တော်လဆန်း (၁) ရက်၊
ကြာသပတေးနေ့၊
(၁၆-၁၂-၈၂)
(ယခုတိအကြိမ်)

ဗုဒ္ဓမြတ်စွာ သာသနာ ရှောင်ဝါနေသို့ လင်းပါစေ။

ဟင်္သာတမြို့ တာငါးဆယ်ရပ် မဟာစည်သာသနာ့ရိပ်သာ

# ရတနာသိင်္ဂသိမ်အောင်

# စာတမ်းပါဘုရား

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သာဝေဿာမိ တေရာဝရံ၊
သီမာ ဝိဇယ မင်္ဂလံ။
ပဋိဗိမ္ဗဘာဝေနာဟံ၊
သံဃံ သံဃဿ သာဒရံ။

ကေရာ-ယခုမျက်မှောက် စည်းဝေး ရောက်လာတော်မူကြသည့် သံဃာတော်သခင် ထေရ်အရှင် သူမြတ်တို့ဘုရား၊ ပဋိဗိမ္ဗဘာဝေနာဟံ သံဃဿ-သံဃာကိုယ်စား စိတ်ဝယ်ထားသည့် ဘုရားတပည့်တော်သည်၊ ဝရံ-သံဃာနှင့်ဆက်သွယ်၍ နှစ်သက်ဖွယ်ဖြစ်သော၊ သီမာ ဝိဇယမင်္ဂလံ-သိမ်အောင်မင်္ဂလာ စာတမ်းလွှာကို၊ သာဒရံ-ရိုသေစွာ၊ သံဃံ-သံဃာတော်ကို၊ သာဝေဿာမိ-ရွှေနားတော် ပေါက်ကြားအောင် လျှောက်ထားပါတော့မည် အရှင်ဘုရား။

(ဒုတိယအကြိမ်)

သာသနံ ဓမ္မရာဇဿ၊
စိရံ လောကမှိ ဒိပ္ပတု။
သမ္မတာယံ သံဃသီမာ၊
စိရံ ဌာတု သိရိန္ဒရာ။

ဓမ္မရာဇဿ-တရားမင်းစစ် ဖြစ်တော်မူငြား မြတ်စွာဘုရား၏၊ သာသနံ-ကျမ်းဂန်သင်ကြား တရားမွေကာ မြတ်သံဃာတို့ မှီခိုရာဖြစ်လတ် သာသနာတော်မြတ်ကြီးသည်၊ လောကမှိ-လူ့ပြည် ဌာန လူ့လောက၌၊ စိရံ ဒိပ္ပတု-ရောင်တဝင်းဝင်း အမှောင်ကင်းလျက် မြင့်ရှည်စွာ ထွန်းလင်းတောက်ပ ပါစေသတည်း။

သမ္မာတာယံ သံဃသီမာ-သမုတ်အပ်သည့် ကျွံဃာ့သိမ်တော်မြတ်သည်၊သိရိန္ဒရာ-သာသနာ့အသရေ ပြည့်ဖြိုးဝေအောင် ခိုင်ခိုင်ကြီး ရှက်ဆောင်လျက်၊ စိရံဌာတု-ဗုဒ္ဓမြတ်စွာ သာသနာနှင့် ဂုဏ်ရည်တင့်အောင် မြင့်ရှည်စွာ တည်တံ့ပါစေ သတည်း။

''သီမံ ဘိက္ခဝေ သမူဟနန္တေန ပဌမံ တိစီဝရေန အဝိပ္ပဝါ-သော သမူဟန္တဗ္ဗော၊ပစ္ဆာသမာနသံဝါသသီမာ သမူဟန္တဗ္ဗာ''

အစဖြာသော (ဝိ-၃-၁၄၉)ဝိနည်းမဟာဝါပါဠိ သာမုက္ကံသိက ဒေသနာ ရှင်တော်မြတ်ဘုရား၏ အမိန့်အာဏာတော်နှင့် အညီ—

(ဒုတိယအကြိမ်)

မြစ်ကွေ့ ဆရာတော်ဘုရားကြီး၊
ကြည့်ကန် ဆရာတော်ဘုရားကြီး၊
သီလကုန်း ဆရာတော်ဘုရားကြီး၊
အဝိုင်းမင်းကျောင်း ဆရာတော်ဘုရားကြီး၊
မိုးခွဲနီဂြောဓာရုံ ဆရာတော်ဘုရားကြီး၊
အတွင်းပတ္တမြား ဆရာတော်ဘုရားကြီး၊
ပိုးစာတောတိုက်အုပ် ဆရာတော်ဘုရားကြီး၊
ရတနာဗိမာန် ဆရာတော်ဘုရားကြီး၊

အမှူးရှိသော သံဃာတော် (၆၀) တို့သည် ၁၃၃၇-ခုနှစ်၊ ပြာသိုလဆန်း ၁၀-ရက်၊ ၁၁-ရက်၊ ၁၂-ရက်၊ ၁၃-ရက်နေ့တို့၌ ဟင်္သာတမြို့ တာငါးဆယ်ရပ် မဟာစည်သာသနာ့ရိပ်သာအတွင်းရှိ သင်္ကေတမှတ်ပိုင်းခြား ထားပြီးသော တောင်မြောက်အားဖြင့် အလျား ၇၅-ပေ၊ အရှေ့အနောက်အားဖြင့် အနံ-၄၈ ပေ ကျယ်ပြန့်သော မြေအပြင်ဝယ် ခရုပတ် အင်္ဂါအထွက်၊ ထောင့်တန်း၊ မြင်းမိုရ်ဘက်ဆင်းယက်ကန်းခတ်၊ ထပ်ကာထပ်ကာသံသယအထွေထွေကင်းပြတ်စေလျက် ''သီမာယသိမံ သမ္ဗန္ဓနံ၊သီမာယ သီမံ အဇ္ဈောတ္ထရဏ'' ဒေါသမထင် အပြစ်ကင်းစင်အောင် ရက်အားဖြင့် လေးရက်၊ အစပ်အားဖြင့် ရှစ်စပ်၊ အကြိမ်အားဖြင့် ၆၄-ကြိမ်၊ သိမ်နုတ်တော်မူကြပါသည် အရှင်ဘုရား။

''ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ'' ဟူသော (ဝိ-၃-၁၄၄) ဝိနည်းမဟာဝါ ဒေသနာတော်နှင့်အညီ—

(ဒုတိယအကြိမ်)

အရိယမဏ္ဍိုင်ရိပ်သာဆရာတော် အရှင်ခေမိန္ဒ၊
ရတနာဗိမာန်စာချ ဆရာတော် အရှင်ဇာဂရ-
ဖိုးသိန်းတန် ဆရာတော် အရှင်ဝိမလ၊
မဟာစည်ရိပ်သာ(ယောဂီပါလ) အရှင်နာဂ၊
ကုန်းကြီးကျောင်း အရှင်ပညာသီဟ၊
အတွင်းပတ္တမြားစာချဆရာတော် အရှင်ဝိဇယ၊
မယ်ဇလီကုန်းရိပ်သာဆရာတော် အရှင်သူရိယ၊
မဟာစည်ရိပ်သာ(ကေတုမတီ) အရှင်ဥက္ကံသ၊

ဤအရှင်မြတ်ရှစ်ပါးတို့က "နိမိတ်စောင့်"အဖြစ်ဆောင်ရွက်တော်မူကြပါသည် အရှင်ဘုရား။

## အတွင်း၊ နိမိတ်ကြား

သံဃာ့အလယ်၌ သီတင်းသုံးနေတော်မူသော သက်တော်ရှည် သံဃနာယက သံဃာ့ထေရ် ဖြစ်တော်မူသော ဘုရားကုန်းဆရာတော်ဘုရားကြီး၏"ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ"စသော ပါဠိမြန်မာ နှစ်ဘာသာဖြင့် မေးမြန်းတော်မူချက်ကိုဟသ်ာတမြို့ တာငါးဆယ်ရပ် မဟာစည်သာသနာ့ရိပ်သာနာယကဆရာတော် အရှင်ကုဏ္ဍလအရှင်မြတ်က "ပါသာဏော ဘန္တေ"စသော ပါဠိ မြန်မာ နှစ်ဘာသာဖြင့် ဖြေဆိုပါသည်၊ ဧသော ပါသာဏော နိမိတ္တံ"စသည်ဖြင့် ပါဠိမြန်မာနှစ်ဘာသာဖြင့် ဘုရားကုန်းဆရာတော်ဘုရားကြီးက နိမိတ်ကြားတော်မူပါသည် အရှင်ဘုရား။

(ဒုတိယအကြိမ်)

ထို့အတူပင် ပိုးစာတော ဆရာတော်ဘုရားကြီး၏ မေးမြန်းတော်မူချက်ကို ဟင်္သာတမြို့ လက်သမားရပ် အတွင်းပတ္တမြား ဆရာတော်ဘုရားကြီးက ဖြေဆိုပါသည် အရှင်ဘုရား။

ထို့အတူပင် ကုန်းကြီး ဆရာတော် ဘုရားကြီး၏ မေးမြန်းတော်မူချက်ကို ဇေတဝန် ဆရာတော်ဘုရားက ဖြေဆိုပါသည် အရှင်ဘုရား။

ထို့အတူပင် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ မြန်မာဘာသာသက်သက်ဖြင့် မေးမြန်းတော်မူချက်ကို ရန်ကုန်မြို့ လှိုင်မဟာစည် သာသနာ့ရိပ်သာ နာယက ဆရာတော် အရှင်စန္ဒာဝရအရှင်မြတ်က မြန်မာဘာသာ သက်သက်ဖြင့် ဖြေဆိုပါသည် အရှင်ဘုရား။

## အမြင်နိမိတ်ကြား

ပိုးစာတောကျောင်းတိုက် တိုက်အုပ် ဆရာတော် အရှင်ခေမိန္ဒာဘိဝံသအရှင်မြတ်သည် နိမိတ်ရှိရာအရပ်သို့ ကြွသွားတော်မူပြီးလျှင် အရှေ့အရပ်မှစ၍ ရှစ်ချက်နာဝပ်လျက် အရှေ့အရပ်ကို ထပ်မိအောင် မေးမြန်းတော်မူပါသည်၊ ယင်းမေးမြန်းချက်ကို နိမိတ်စောင့်အရှင်မြတ် ရှစ်ပါးတို့က ပြတ်သားစွာ ဖြေဆိုကြရာ ဆရာတော်ဘုရားက နိမိတ်ကြားတော်မူပါသည် အရှင်ဘုရား။

(ဒုတိယအကြိမ်)

ထို့အတူပင်—လေသာဆရာတော်ဘုရားကြီး၊
ရတနာဗိမာန်ဆရာတော်ဘုရားကြီး၊
အလုံဆရာတော်ဘုရားကြီး၊
ပိုးစာတောတိုက်-တိုက်အုပ်ဆရာတော်၊
အရှင်တိက္ခမေဓာလင်္ကာရအရှင်မြတ်၊
မဟာစည်သာသနာ့ရိပ်သာ နာယကဆရာတော်တို့၏မေးမြန်းတော်မူချက်ကို နိမိတ်စောင့်အရှင်မြတ်ရှစ်ပါးတို့က ပြတ်သားစွာဖြေဆိုကြပါသည်၊ နိဂုံးချုပ်အပြီးသတ်နိမိတ်ကြားတော်မူကြပါသည် အရှင်ဘုရား။

## သိမ်သမုတ်တော်မူကြခြင်း

"နိမိတ္တေ ကိတ္တေတွာ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော" ဟူသော (ဝိ-၃-၁၄၄)၊ မြတ်စွာဘုရား ဟောကြား ထုတ်ဖော် ဝိနည်းမဟာဝါ ဒေသနာတော်နှင့် အညီ အလျား ၇၅-ပေ၊ အနံ ၄၀-ပေ၊ သိမ်နုတ်ပြီးသော မြေအပြင်ဝယ် အရပ်လေးမျက်နှာ ဥပစာ ချန်လှပ်၍ ကျောက်နိမိတ်ရှစ်ရပ်ကြားအပ်ပြီးသော မြေအပြင်ကို ဗျတ္တိနဗုဒ္ဓိ ဌာန်ကရိုဏ်းပယတ် အစုံညီလျက် ဗျတ္တပဋိဗလဂုဏ်ရည် စုံညီပြည့်ဝတော်မူကြကုန်သော—

၁။ (အဂ္ဂမဟာပဏ္ဍိတ) [နိုင်ငံတော်ဩဝါဒါစရိယ]ဖြစ်တော်မူသော ရန်ကုန်မြို့ သာသနာ့ရိပ်သာမဟာစည် ဆရာတော်အရှင်သောဘန မဟာထေရ်၊
(ဒုတိယအကြိမ်)

၂။ (ဟံသာတ မြို့နယ်လုံးဆိုင်ရာ- သံဃာ့အဖွဲ့ကြီး၏အမှူး ဆောင်) [ရပ်ကွက်သံဃနာယက ဥက္ကဋ္ဌ] ဖြစ်တော်မူသော ဟံသာတမြို့ ကြည့်ကန် ဆရာတော် အရှင်အာလောက မဟာထေရ်၊

၃။ (ဟံသာတ မြို့နယ်လုံးဆိုင်ရာ-သံဃာ့အဖွဲ့ကြီး၏အမှူး ဆောင်) [မြို့နယ်ဝိနည်းဓိုရ်] ဖြစ်တော်မူသောဟံသာ တမြို့ သိလကုန်း ဆရာတော် အရှင်ဓမ္မသာမိမဟာ ထေရ်—

အားဖြင့် ၃-ပါးသော ဤဆရာတော် မဟာထေရ်မြတ်ကြီးတို့ သည် ဥတ္တိ ဒုတိယကမ္မဝါစာဖြင့် ရှေးဦးအစ ယမာနသံဝါသ သိမ်သမုတ်တော်မူကြပါသည် အရှင်ဘုရား။

၁။ (ဟံသာတမြို့နယ်လုံးဆိုင်ရာသံဃာ့အဖွဲ့ကြီး၏ဒုတိယ ဥက္ကဋ္ဌ) [ရပ်ကွက် သံဃနာယက] ဖြစ်တော်မူသော ဟံသာတမြို့မြစ်ကွေ့ ဆရာတော် အရှင် တေဇိန္ဒ မဟာထေရ်၊

၂။ (ဟံသာတမြို့နယ်လုံးဆိုင်ရာသံဃာ့အဖွဲ့ကြီး၏အထွေ ထွေ အကျိုးဆောင်ချုပ်) [မြို့နယ် သံဃနာယက ဥက္ကဋ္ဌ] ဖြစ်တော်မူသော ဟံသာတမြို့လက်ယမားရပ် အတွင်း ပတ္တမြားဆရာတော် အရှင်တိက္ခိန္ဒြိယမဟာ ထေရ်၊

(ဒုတိယအကြိမ်)

၃။ (သာသနဓဇ သိရိပဝရ ဓမ္မာစရိယ)ဟင်္သာတမြို့နယ်လုံးဆိုင်ရာ သံဃအဖွဲ့ကြီး၏ တွဲဖက် အကျိုးတော်ဆောင် [နိုင်ငံတော် သံဃ မဟာနာယက]ဖြစ်တော်မူသောဟင်္သာတမြို့ ရတနာဗိမာန် ဆရာတော်အရှင်လာဘ မဟာထေရ်–

အားဖြင့် သုံးပါးသော ဤဆရာတော် မဟာထေရ်မြတ်ကြီးတို့ကလည်း ဒုတိယ အကြိမ်ထပ်ကာ "သမာနသံဝါသသိမ်" သမုတ်တော်မူကြပြန်ပါသည် အရှင်ဘုရား။

၁။ (သာသနဓဇ သိရိပဝရ ဓမ္မာစရိယ(ဟင်္သာတမြို့နယ်လုံးဆိုင်ရာ သံဃအဖွဲ့ကြီး၏ ပညာရေး တာဝန်ခံ) [တိုင်းသံဃာ့ဝန်ဆောင်]ဖြစ်တော်မူသောဟင်္သာတမြို့ဆပ်ပန်းကုန်းဆရာတော်အရှင်စန္ဒိမာမဟာထေရ်၊

၂။ (သာသနဓဇ သိရိပဝရ ဓမ္မာစရိယ) (ဟင်္သာတမြို့နယ်လုံးဆိုင်ရာ သံဃအဖွဲ့ကြီး၏ပညာရေးတာဝန်ခံ)ဖြစ်တော်မူသော ဟင်္သာတမြို့ ရွှေကျောင်းဆရာတော် အရှင်ဝဏ္ဏိတ မဟာထေရ်၊

၃။ (သာသနဓဇသိရိပဝရဓမ္မာစရိယ)(ဟင်္သာတမြို့နယ်လုံးဆိုင်ရာ သံဃအဖွဲ့ကြီး၏ ပညာရေး တာဝန်ခံ) [မြို့နယ် သံဃာ့ဝန်ဆောင်]ဖြစ်တော်မူသော ဟင်္သာတမြို့ လက်သမားရပ်အတွင်းပတ္တမြားကျောင်းတိုက်တိုက်အုပ်ဆရာတော် အရှင်အရိယဝံသ မဟာထေရ်–

အားဖြင့် သုံးပါးသော ဤဆရာတော် မဟာထေရ်မြတ်ကြီး

(ဒုတိယအကြိမ်)

တို့ကလည်း၊ တတိယ အကြိမ်ထပ်ကာ "သမာနသံဝါသသိမ်" သမုတ်တော် မူကြပြန်ပါသည် အရှင်ဘုရား။

၁။ (ဂဏဝါစက)

[မြို့နယ်ဝိနည်းဓိုရ်]ဖြစ်တော်မူသော ဟင်္သာတမြို့ ပိုးစာတောကျောင်းတိုက် တိုက်အုပ် ဆရာတော် အရှင်ဝိစက္ခဏ မဟာထေရ်၊

၂။ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) (ဟင်္သာတမြို့နယ်လုံးဆိုင်ရာ သံဃာ့အဖွဲ့ကြီး၏ ပညာရေး တာဝန်ခံ) [မြို့နယ် ဝိနည်းဓိုရ်] ဖြစ်တော်မူသော ဟင်္သာတမြို့၊ ရတနာဗိမာန်ကျောင်းတိုက် တိုက်အုပ်ဆရာတော်အရှင်ဇာဂရ မဟာထေရ်၊

၃။ (ဂဏဝါစက)ဖြစ်တော်မူသော ဟင်္သာတမြို့ မြစ်ကွေ့ကျောင်းတိုက် စာချဆရာတော် အရှင်တရုဏ ထေရ်—

အားဖြင့် သုံးပါးသော ဤဆရာတော် မဟာထေရ် မြတ်ကြီးတို့ကလည်း စတုတ္ထအကြိမ်ထပ်ကာ"သမာန သံဝါသသိမ်"သမုတ်တော်မူကြပြန်ပါသည် အရှင်ဘုရား။

၁။ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဝိနယ ပါဠိပါရဂူ) (ပိဋကတ္တယ ပါရဂူ) (ဟင်္သာတမြို့နယ်လုံးဆိုင်ရာသံဃာ့အဖွဲ့ကြီး၏ ပညာရေး တာဝန်ခံ) [တိုင်း သံဃာ့ဝန်ဆောင်]ဖြစ်တော်မူသော ဟင်္သာတမြို့ မိုးကောင်းဆရာတော် အရှင်သုဓမ္မိန္ဒ မဟာထေရ်၊

(ဒုတိယအကြိမ်)

၂။ (ကမ္ဘဋ္ဌာနာစရိယ) (ကျေးရွာအုပ်စု သံဃ နာယက အကျိုးတော်ဆောင်) ဖြစ်တော်မူသော လေးမျက်နှာ မြို့နယ် မိဿလင်ကုန်းရွာ ကိုးနဝင်းသာသနာ့ရိပ်သာ ဆရာတော် အရှင်သောဘိတ မဟာထေရ်၊

၃။ (နယ်လှည့် ဝိပဿနာ ဓမ္မကထိက) ဖြစ်တော်မူသော ရန်ကုန်မြို့ လှိုင်မဟာစည် သာသနာ့ရိပ်သာ နာယက ဆရာတော် အရှင်စန္ဒာဝရ မဟာထေရ်—

အားဖြင့် သုံးပါးသော ဤဆရာတော် မဟာထေရ်မြတ်ကြီးတို့ ကလည်း ပဌမအကြိမ် ထပ်ကာ "သမာနသံဝါသသိမ်" သမုတ် တော်မူကြပြန်ပါသည် အရှင်ဘုရား။

၁။ (အဘိဓမ္မာပါဠိပါရဂူ) [မြို့နယ်ဝိနည်းဓိုရ်] ဖြစ်တော် မူသော ဟသ်ာတမြို့၊ ဟင်္သာဂါးဆယ်ရပ်၊ မဟာစည်- သာသနာ့ရိပ်သာ နာယကဆရာတော် အရှင်ကုဏ္ဍလ မဟာထေရ်။

၂။ (သုံးဆယ့်ရှစ်ဖြာမင်္ဂလာအကျယ်ကျမ်းပြု) [ကျေးရွာ အုပ်စု သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်] မြို့နယ် ဝိနည်းဓိုရ် ဖြစ်တော်မူသော ဟသ်ာတခရိုင်၊ နိဗ္ဗာန်မြို့၊ သံပုဆာကွင်း ကြို့ကုန်း မဟာစည် သာသနာ့ရိပ်သာ ဆရာတော် အရှင်အဂ္ဂဝံသမဟာထေရ်။

(ဒုတိယအကြိမ်)

၃။ (ဗထူးရပ်ကွက်၊ သံဃနာယက အကျိုးတော်ဆောင်) ပုသိမ်ခရိုင် ရေကြည်မြို့ ၁၀-လမ်းထိပ် မဟာစည် သာသနာ့ရိပ်သာ နာယကဆရာတော်အရှင်ပဒုမထေရ်-

အားဖြင့် သုံးပါးသော ဤဆရာတော် မဟာထေရ်မြတ်ကြီးတို့ ကလည်း ဆဋ္ဌအကြိမ်ထပ်ကာ "သမာနသံဝါသသိမ်"သမုတ် တော်မူကြပြန်ပါသည် အရှင်ဘုရား။

၁။ (မူလဓမ္မာစရိယ) [ရပ်ကွက်သံဃနာယက အမှုဆောင်] ဖြစ်တော်မူသော ဟင်္သာတမြို့ ဇေတဝန်ဆရာတော် အရှင်ဉာဏိန္ဒမဟာထေရ်၊

၂။ (ဝိပဿနာ ဓမ္မကထိက) ဖြစ်တော်မူသော ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ အရှင်သုဇာတထေရ်၊

၃။ (ဝိပဿနာဓမ္မကထိက) ဖြစ်တော်မူသော ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ အရှင်သောဘဏထေရ်-

အားဖြင့် သုံးပါးသော ဤဆရာတော် မဟာထေရ်မြတ်ကြီးတို့ ကလည်း သတ္တမအကြိမ်ထပ်ကာ "သမာနသံဝါသသိမ်"သမုတ် တော်မူကြပြန်ပါသည် အရှင်ဘုရား။

ဤသို့လျှင် ၇-ကြိမ် ၇-ထပ် "သမာနသံဝါသသိမ်"သမုတ် တော် မူကြပြီးလျှင်—

၁။ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ မိဿလင်ကုန်းရွာ၊ ကိုးနဝင်း မဟာစည်သာသနာ့ရိပ်သာဆရာတော်အရှင် သောဘိတမဟာထေရ်၊

(ဒုတိယအကြိမ်)

၂။ ဟသ်ာတမြို့၊ မိုးကောင်းဆရာတော် အရှင် သုမင်္ဂလ မဟာထေရ်၊

၃။ ပုသိမ်ခရိုင်၊ ရေကြည်မြို့၊ မဟာစည်သာသနာ့ရိပ်သာ နာယကဆရာတော် အရှင် ပဒုမထေရ်—

အားဖြင့် သုံးပါးသော ဤဆရာတော် မဟာထေရ်မြတ်တို့သည် ရှေးဦးအစ "အဝိပ္ပဝါသသိမ်" သမုတ်တော်မူကြပါသည် အရှင်ဘုရား။

၁။ ဟသ်ာတမြို့၊လက်သမားရပ်၊အတွင်းပတ္တမြားကျောင်းတိုက်၊တိုက်အုပ်ဆရာတော်အရှင်အဓိယဝံသမဟာထေရ်၊

၂။ ဟသ်ာတမြို့၊ ရတနာဗိမာန်ကျောင်းတိုက် တိုက်အုပ်ဆရာတော် အရှင်ဇာဂရမှမထေရ်၊

၃။ ဟသ်ာတမြို့၊ တာငါးဆယ်ရပ် မဟာစည်သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ (ကေတုမတီ) အရှင်ဥက္ကံသ အရှင်မြတ်—

အားဖြင့် သုံးပါးသော ဤဆရာတော် မဟာထေရ်မြတ်ကြီးတို့ ကလည်း ဒုတိယအကြိမ်ထပ်ကာ "အဝိပ္ပဝါသသိမ်" သမုတ်တော်မူကြပြန်ပါသည် အရှင်ဘုရား။

၁။ ဟသ်ာတမြို့၊ ဇေတဝန်ဆရာတော် အရှင်ဉာဏိန္ဒ မဟာထေရ်၊

၂။ ပခုက္ကူခရိုင်၊ နိဗ္ဗာန်မြို့၊ သံပုရာကွင်း၊ ကြို့ကုန်း မဟာစည် သာသနာ့ရိပ်သာ ဆရာတော် အရှင် အဂ္ဂဝံသ မဟာထေရ်၊

(ဒုတိယအကြိမ်)

၃။ ရန်ကုန်မြို့၊ လှိုင်မဟာစည် သာသနာ့ရိပ်သာ နာယက ဆရာတော် အရှင်စန္ဒာဝရမဟာထေရ်—

အားဖြင့် သုံးပါးသော ဤဆရာတော် မဟာထေရ်မြတ်ကြီးတို့ကလည်း၊ တတိယအကြိမ်ထပ်၍ နိဂုံးချုပ်ကာ''အဝိပ္ပဝါသသိမ်'' သမုတ်တော်မူကြပြန်ပါသည် အရှင်ဘုရား။

ဤသို့လျှင် သုံးကြိမ်သုံးထပ် ခိုင်မြဲလတ်အောင် ဉတ္တိဒုတိယကမ္မဝါစာဖြင့်''အဝိပ္ပဝါသသိမ်''သမုတ်တော်မူကြပြန်ရာ—

သာသနာတော် ၂၅၂၂-ခုနှစ်၊ ယခုလူတို့ဝေါဟာရကောဇာသက္ကရာဇ် ၁၃၄၀-ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၂-ရက်၊ သောကြာနေ့ နံနက် ၈-နာရီ ၂၇-မိနစ် အချိန်၌ ဟောဋ္ဌပထဝိသန္ဓာရကံ ဥဒကံ ပရိယန္တံ ကတွာ သီမာဂတာ ဟောတိ'' ဟူသော (ဝိ-၄ ၃၊၃၂၃) ဝိနည်းမဟာဝါအဋ္ဌကထာနှင့်အညီ ယူဇနာပေါင်း၊ နှစ်သိန်းလေးသောင်း အထုရှိသော မြေကို ဖောက်လျက် ကမ္မဝါစာ အာဏာစက်ဖြင့် သိမ်သက်ရကား ''ရတနသိဒ္ဓိသိမ်တော်''ပြီးစီးအောင်မြင်ပါသည် အရှင်ဘုရား။

ကံကြီး, ကံငယ် အသွယ်သွယ်ကို လွယ်ကူချမ်းသာ ပြုစိမ့်ငှာလျှင် သံဃာတော်တို့ ချင့်မျှော်ရှုကောင်း သိမ်ဟောင်းပျက်စေ နုတ်ပယ်ခလေ၍ များထွေသံသယ ဖျောက်ဖျက်ကြကာ သမာနသံ အဝိပ္ပဝါသဟု နှစ်ဘန်သိမ်မြတ် သမုတ်လတ်သော ယင်းအခါဝယ် ဒကာ-ဒကာမ က[illegible]ကျော်ဝင် သူတော်စင်ပေါင်း ခညောင်းကြည်ဖြူ ကိစ္စခပင်း မကျန်ကြွင်းအောင် ရှက်ဆောင်

ကြကာ သမယာနုရူပ မြတ်ပုညကို ပြုကြမယ်ဝင်း အကြောင်း ရင်းကြောင့် ရှင်းရှင်းဉဿုံ ပြီးပြည့်စုံသည် များဟုန်ပီတိ ရှင်လန်းတည်း။

ဤသို့ပြုရ မြတ်ပုညကို သဗ္ဗသတ္တာ ပေါင်းများစွာအား ရငြားပါစေ အမျှဝေသည် များမထွေသာမု ခေါ်စေသောဝ်။

သီမာယမိဝသိဋ္ဌတိ၊
ပဟုဿာဟေန သမ္မတာ။
သုသင်္ကပ္ပာ ဟိတာဝဟာ၊
သိဋ္ဌန္တု သဗ္ဗဇန္တုနံ။

မဟုဿာဟေန-လုံ့လထန်ပြင်း အားသစ်ခြင်းဖြင့်၊ သမ္မတာ-ဝိနည်းစဉ်လာဒေသနာနှင့် ညီညာမဟုတ်ထေရ်ဆရာအရှင်မြတ်တို့ ဖွဲ့သမုတ်တော်မူအပ်သော၊ ဟိတာဟော-လှယ်ကူချမ်းမြ သံသာ့အကျိုး ဂုဏ်ရောင် တိုးအောင် ဆောင်ပေး လတ္တံ့သော၊ သီမာယမိဝသဋ္ဌတိ-ဟသံတမြို့၊ တာငါးဆယ်ရပ်၊ မဟာစည် သာသနာ့ရိပ်သာဤ"ရတနသိဒ္ဓိ"သိမ်တော်မြတ်ကြီးပြီးစီးလတ်သကဲ့သို့၊ (တထာ-ပမာနှိုင်းယူ ထို့အတူသာလျှင်)၊ သဗ္ဗဇန္တုနံ-လုံးစုံများစွာ သတ္တဝါတို့၏၊ သုသင်္ကပ္ပာ ဟိတာဝဟာ လောကီ လောကုတ် မယုတ်တိုးပွား အကျိုးများအောင် ရွက်ဆောင်နိုင်ကြောင်း ကောင်းမြတ်သောအကြံအစည်တို့သည်၊ သိဋ္ဌန္တု-အန္တရာယ်ကင်းပျောက် လိုဘ်ုင်းရောက်လျက် ပြီးမြောက်ပါစေကုန်သတည်း။

(ဒုတိယအကြိမ်)

ဟံသာတမြို့-မဟာစည်သာသနာ့ရိပ်သာ

ရတနသိဒ္ဓိ သိမ်အောင်စာတမ်း

**ဟ** သံ်ာနောင် တဆွယ်ပြ
မြနှယ် နဂရ ရှုကြသည်၊

**သံ်ာ** သနာ့ရိပ်သာသည်
မဟာစည်နည်းပြ၊

**တ** အားသစ် နှစ်ကောဇာ
ဓထောင့်သုံးရာလေးဆယ်ပြည့်က(၁၃၄၀)

**မ** ထေရ်များ ကြိမ်တြိဆုံ
သိမ်ဝိသုံဂါမ၊

**ဟာ** တတ်ထာ လွဲကင်း ပစေ၍
တွဲနှင်း လပြည့်ကျော်၊ (တပို့တွဲ)

**စည်** ယောဂီနှစ်ဖွဲ့ ရွက်သမို့
တဆယ့်နှစ်ရက် သောကြာနေ့တော်

**ရိပ်** သာတွင်း ကံအတိုက်လျော်အောင်
နံနက်ခေါ် နာရီရှစ်နှင့်

**သာ** ပြီအဆစ် မိနစ်တွေမှာ
နှစ်ဆယ့်ခွန်စွာ၊ (၂၇-မိနစ်)
အောင်လတ် မျှားကျယ်ပါသည်၊

(ဒုတိယအကြိမ်)

သိမ် သမုတ် ပြီးစီးပါသည်
ငါးဆယ်တာ ရပ်ကွက်ဌေလေး၊
နည်းမှီးစရာ မှတ်တမ်းကွဲ့လေး။

အောင် နယ်သိမ်း ကျပ်တင်ရာမှာ
သပ်ပင်းပမာ နည်းချုပ်ဖြင့်လေး။

စာ လဲစွမ်းဂုဏ် ပထမ "ပါ"
"ကုဏ်" အစလာ ဘွဲ့တော်ရှိထေရ်ရေး၊

တမ်း စာတမ်းအရကိုးပါသည်
"ဝရ" နှစ်လုံးမှာ– "သံ" ရွှေအရှင့်ထေး။ ။

-၁၆၇၁-

သာသနာ့ဗိမာန်တွင်း[illegible] (ဒုတိယအကြိမ်)
စာကြည့်တိုက်
ကမ္ဘာအေး-ရန်ကုန်။

# သတိပဋ္ဌာန် ပွားများရကျိုး

သတိပဋ္ဌာန်တရားအားထုတ်ယင် ပါရဂူမြောက်သွား မှာ၊ အဘိညာပါရဂူလဲ မြောက်တယ်။

ရုပ်နာမ်ကွဲတာကိုလဲ သိတယ်၊ ရုပ်နာမ်ကြောင်းကျိုး ကိုလဲ သိတယ်။

မကြာခင်မှာပဲ ရုပ်နာမ် အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ ကြောင်းကျိုး အဲချက်အလက်တွေသိပြီး ပရိညာ ပါရဂူလဲ မြောက်တယ်။

ရှုမိတဲ့ အာရုံကစပြီး အစွဲအလမ်း ကိလေသာတွေ ကင်းတယ်၊ ပဟာနပါရဂူလဲ မြောက်တယ်၊ အများကြီး ပါပဲ။

ဒီတော့ ပုဗ္ဗဘာဂမဂ်တွေလဲ ပွားနေတော့ ဘာဝနာ ပါရဂူလဲ မြောက်တယ်။

စာကြည့်တိုက်